www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

စိတ်ကူးချိုချိုစာအုပ်

# မောင်သာချို

# စိမ်းလန်းသောမိသားစုများ

၂၀၁၀ ပြည့်နှစ်၊ မေလ
ပထမအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

စိမ်းလန်းသောမိသားစုများ
ခန့်ပိမှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၄၀၀၁၂၀၀၁၁၀ နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၂၂၃၀၂၁၀ တို့ဖြင့်
မျက်နှာဖုံးဒီဇိုင်း ဿ.ဒ.ဝပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၉(က)၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကင်း၊ ရန်ကုန်တို့က ပထမ အကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၀ ပြည့်နှစ်၊ မေလတွင် တန်ဖိုး ၁၇၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။
စာအုပ်ချုပ် - ကိုတင်အေး(လှိုင်)

၈၉၅.၈၄
သာချို မောင်
စိမ်းလန်းသောမိသားစုများ / မောင်သာချို ။ - ရန်ကုန်။
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၀။
စာမျက်နှာ ၁၄၄ မျက်နှာ၊ ၁၃.၂ စင်တီ× ၂၀.၅ စင်တီ
(၁) စိမ်းလန်းသောမိသားစုများ

## အညွှန်းစာ

ပန်းအလင်္ကာမဂ္ဂဇင်းတွင် ၂၀၀၇ မေလမှ စ၍ လစဉ် ဖော်ပြခဲ့သော ဆရာမောင်သာချို၏ "စိမ်းလန်းသော မိသားစုများ" ဆောင်းပါးများကို စုစည်းထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။ စာရေးသူ၏ ထင်ရှားသောစာအုပ်ဖြစ်သည့် "သမီးဖတ်ဖို့" လက်ရာများနည်းတူ ဤစာအုပ်ကိုလည်း "သားသို့"ဟု စာရေးသူက ရည်ညွှန်းထားပါကြောင်း။

စိတ်ကူးချိုချို

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ သီချင်းတွေနဲ့အိမ်ကလေး ၁
၂။ ခရီးဆောင်အိတ်တွေနဲ့ အိမ်ကလေး ၇
၃။ ရယ်စရာမောစရာတွေနဲ့ အိမ်ကလေး ၁၃
၄။ အိမ်မွေးတိရစ္ဆာန်တွေနဲ့ အိမ်ကလေး ၁၉
၅။ ပုံရိပ်တွေနဲ့ အိမ်ကလေး ၂၅
၆။ စာအုပ်တွေနဲ့ အိမ်ကလေး ၃၁
၇။ နှီးဒေါင်းလန်းတွေနဲ့ အိမ်ကလေး ၃၆
၈။ အသီးတွေအပွင့်တွေနဲ့ အိမ်ကလေး ၄၁
၉။ မုန့်ပဲသရေစာတွေနဲ့ အိမ်ကလေး ၄၆
၁၀။ အခန်းခန်းအဆောင်ဆောင်တွေနဲ့ အိမ်ကလေး ၅၀
၁၁။ ဟိုးရှေးရှေးတုန်းကတွေနဲ့ အိမ်ကလေး ၅၄
၁၂။ ရုပ်ရှင်လက်မှတ်တွေနဲ့ အိမ်ကလေး ၆၀
၁၃။ လမ်းလျှောက်ဖိနပ်တွေနဲ့ အိမ်ကလေး ၆၅
၁၄။ ကစားစရာတွေနဲ့ အိမ်ကလေး ၆၉
၁၅။ အမှတ်တရလက်ဆောင်တွေနဲ့ အိမ်ကလေး ၇၄
၁၆။ အထိအခိုက်အရှအနတွေနဲ့ အိမ်ကလေး ၇၈
၁၇။ ခေါင်းလောင်းထိုးသံ၊ ဆည်းလည်းခတ်သံတွေနဲ့ အိမ်ကလေး ၈၂
၁၈။ အရုပ်တွေ၊ အရောင်တွေနဲ့ အိမ်ကလေး ၈၇
၁၉။ ထမ်းပိုးကိုယ်စီ ပခုံးကိုယ်စီနဲ့ အိမ်ကလေး ၉၂
၂၀။ ဇာတိရနံ့တွေနဲ့ အိမ်ကလေး ၉၇


www.burmeseclassic.com

www.burmeseclassic.com




၂၁။ အတိတ်တွေ အရိပ်တွေနဲ့ အိမ်ကလေး ၁၀၁
၂၂။ ဌာန်ကရိုဏ်းကျကျနဲ့ အိမ်ကလေး ၁၀၅
၂၃။ ပေးတတ်သောလက်များနဲ့ အိမ်ကလေး ၁၁၀
၂၄။ ရာဇဝင်တွေ အတ္တုပ္ပတ္တိတွေနဲ့ အိမ်ကလေး ၁၁၄
၂၅။ အဆိုတွေ၊ အငိုတွေ၊ အဟဲတွေ၊ အချွဲတွေနဲ့ အိမ်ကလေး ၁၁၈
၂၆။ လူထဲ လောကထဲက အိမ်ကလေး ၁၂၄
၂၇။ မိုးသက်မုန်တိုင်းနဲ့ နွေကန္တာရနဲ့ အိမ်ကလေး ၁၂၉
၂၈။ စိတ်ကူးစိတ်သန်းတွေနဲ့ အိမ်ကလေး ၁၃၃
၂၉။ တောင်ခြစ်မြောက်ခြစ်နဲ့ အိမ်ကလေး ၁၃၇
၃၀။ မှတ်တမ်းမှတ်ရာတွေနဲ့ အိမ်ကလေး ၁၄၁


❑

# သီချင်းတွေနဲ့ အိမ်ကလေး

## (တစ်)

သားရေ...

ငှက်ကလေးတစ်ကောင်တလေရဲ့ တေးဆိုသံကိုမှ မကြားရတဲ့တော လိုပဲ သီချင်းတစ်ပုဒ်တလေရဲ့ အသံဖလံကိုမှ မကြားရတဲ့ အိမ်တွေဟာလည်း ခြောက်တော့်ကို သွေ့သွေ့ခြောက်ခြောက်နိုင်လွန်းလှပါတယ် သားရယ်။ အံ့ဩစရာကောင်းတာက လူ့ဘဝတစ်သက်တာမှာ သီချင်းကလေး တစ်ပုဒ်လောက်ကိုတောင်မှ အစကနေ အဆုံးအထိ ချောချောမောမော မဆိုတတ်နိုင်ခဲ့ဘဲ လူဖြစ်သွားခဲ့သူတွေ ရှိသလို၊ ဘယ်သူ သီဆိုတဲ့ သီချင်းတစ်ပုဒ်ပုဒ်ကိုမှ နားထောင် ခံစားတတ်တဲ့ အလေ့အထမရှိဘဲနဲ့ ထာဝရတိတ်ဆိတ် ခြောက်ကပ်နေတဲ့ ကန္တာရဆန်တဲ့ မိသားစုတွေလည်း ရှိနေကြတာပါပဲ သားရယ်။

သား မှတ်မိဦးမလားမသိဘူး။ ဖေဖေတို့ အခန်းနဲ့ မလှမ်းမကမ်းက ဆာကွအိမ်ကလေး တစ်လုံးလေ။ ဇနီးသည်နှင့်အတူ သားကလေးက တစ်ယောက် သမီးကလေးက တစ်ယောက်။ သူတို့အခန်းမှာ အသံထွက်စေတဲ့ အရာဆိုလို့ ဘာတစ်ခုမှကို မရှိတာပါသားရယ်။ ရေဒီယို၊ ကက်ဆက်၊ ရုပ်မြင်သံကြား၊ VCD ဘာဆို ဘာမှကို မရှိတာပါ သားရယ်။ ဖေဖေအံ့ဩနေ မိတာက မဝယ်နိုင်လောက်အောင် ငွေကြေး ချို့တဲ့နေလို့ မဝယ်တာမျိုး မဟုတ်ဘဲနဲ့ သီချင်းတို့၊ ဂီတတို့ဆိုတာတွေဟာ လူ့ဘဝအတွက် မလိုအပ်တဲ့ အရာတွေ ပါဆိုတဲ့ အယူအဆမျိုးနဲ့ အမြဲတမ်း တိတ်ဆိတ်ခြောက်ကပ်နေတဲ့ သူတို့ရဲ့ မိသားစု အတွေးအခေါ်ကို ဖေဖေက အံ့ဩနေမိတာပါ။ အချိန်တန်ရင် တက်သူတက်၊ ကျောင်းသွားသူသွား၊ ချက်သူချက်၊ ပြုတ်သူပြုတ်၊

www.burmeseclassic.com





စားချိန်တန်စား၊ စာဖတ်ချိန်စာဖတ်၊ နောက်တော့ အိပ်ချိန်တန်တဲ့အခါ အမှောင်ထဲမှာ မိသားစုတစ်ခုလုံး အိပ်ပျော်နေကြပုံက ခြောက်ကပ်မာကျောလို့။ ဒီတဆိုတာ အပို ကိစ္စပါလို့ ထင်မှတ်မှားကြတဲ့ မိသားစုတွေထဲက မိသားစု တစ်ခုပါပဲ သားရယ်။

လောကမှာ သီချင်းဆိုသံတွေဟာ တကယ့်ကို မလိုအပ်ဘူးတဲ့လား။ စိမ်းစိုလန်းဆန်းတဲ့ မိသားစုဘဝတွေကို ထုဆစ်ဖို့ စိတ်ကူးရှိတဲ့သူတိုင်း သွားခေါ်မြော်မြင်ကြည့်သင့်တဲ့ ကိစ္စပါပဲသားရယ်။

(နှစ်)

အဲလ်ဘတ်အိုင်းစတိန်း (Albert Einstein)ကို သားသိမှာပေါ့။ ရူပဗေဒဆိုင်ရာ နိုဘယ်လ်ဆုရှင်ကြီး၊ ၂၀ ရာစုရဲ့ Man of the century ဉာဏ်ကြီးရှင် လူသားကြီးလေ သားရဲ့။ ၁၈၇၉ ခုမှာ မွေးပြီး ၁၉၅၅မှာ ကွယ်လွန်ခဲ့ရှာတဲ့ ပုဂ္ဂိုလ်။ အိုင်းစတိန်းက ဂီတကို တော်တော်ချစ်တာတဲ့ သားရဲ့။ ရှေးဝင်မြောက် ဂီတစာဆိုကြီးတွေ ဖြစ်ကြတဲ့ ဘက်ချ် (Bach) တို့၊ မိုးဇက် (Mozart) တို့၊ ရှူးဘတ် (Schubert) တို့ကို တော်တော့်ကို ကြိုက်တာတဲ့ သားရဲ့။ ဖေဖေလည်း Time မဂ္ဂဇင်း 31 Dec 99 ထဲမှာ ဖတ်ရတာလေ။ ရူပဗေဒပုစ္ဆာတွေနဲ့ ခေါင်းထဲမှာ ရှုပ်ရှုပ်ထွေးထွေး ဖြစ်လာတဲ့အခါ တယောကြားကလေးပေါ်မှာ ဘိုးတံကို တင်လိုက်တာ သူ့နားခိုရာဆိုပါလား သားရဲ့။ သီချင်းကလေး တစ်ပုဒ်စ နှစ်ပုဒ်စနဲ့ တယောထဲမှာ နစ်မျောသွားပြီးတဲ့နောက် ရူပဗေဒပုစ္ဆာတွေဆီ ပြန်အလာမှာ လူဟာ အသစ်ပြန်ဖြစ်နေတယ်လို့ အဲသည် ရူပဗေဒသူရဲကောင်းကြီးက ပြောခဲ့တာပဲလေ။ သည်လိုဆိုရင်ဖြင့် ဂီတဆိုတာဟာ ဖေဖေတို့ရဲ့ ဉာဏ်ပညာ ခြေကုန်လက်ပန်းကျမှု၊ စိတ်ဓာတ် သွေ့ခြောက်မှုတွေအတွက် နားခိုရာစခန်းဖြစ်မှာ အမှန်ပဲသားရဲ့။

စာရေးဆရာကြီး ပါရဂူဆိုတာကိုရော သား ကြားဖူးမယ်ထင်ပါရဲ့။ ဆယနဲ့ အင်မတန်မှကိုခင်တဲ့ ပညာရှင်စာရေးဆရာကြီးပေါ့။ Weekly Eleven စာမျက်နှာတစ်နေရာမှာ ဆရာပါရဂူက ရှင်ဇနကာဘိဝံသရဲ့ စကားတစ်ခွန်းကို ကိုးကားပြီး ပြောဆိုခဲ့ဖူးတယ် သားရဲ့။ အမရပူရ မဟာဂန္ဓာရုံဆရာတော် ရှင်ဇနကာဘိဝံသ (၁၉၀၀–၁၉၇၇)ရဲ့ စကားလေ။ မေရှင်သီဆိုတဲ့ အောင်ခြင်းရှစ်ပါးသီချင်းဟာ ဘုန်းကြီးတွေ တရားဟောတာထက် သြဇာကြီးတယ်ဆိုတဲ့ စကားလေ။ ဟုတ်တယ် သားရဲ့။ အောင်ခြင်းရှစ်ပါး သီချင်းသံကို ကြားတဲ့

www.burmeseclassic.com



အခါ ဂေါတမဘုရားရှင်ကို အလိုလိုကို ကြည်ညိုသွားမိတာ။ ဂီတဟာ ဖေဖေတို့ရဲ့ စိတ်တွေကို အလွယ်တကူ ညှို့ယူဖမ်းစားထားလိုက်ပြီးတဲ့နောက် ပြုပြင်ပေးနိုင်တာဟာ အမှန်ပါပဲလေ။

အရစ္စတိုတယ် (Aristotle) (Bc-384-322) ဆိုတာဟာ ဂရိတွေးခေါ်ရှင်တွေထဲမှာ ဖေဖေတို့နဲ့ မစိမ်းတဲ့ နာမည်ပါ သားရယ်။ ဂီတနဲ့ပတ်သတ်တဲ့ သူ့စကားကိုလည်း ဖေဖေ တော်တော့်ကို သဘောကျမိတယ်။ Mental Catharsis တဲ့။ သည်စကားလုံးကို ဆရာမြသန်းတင့်ရဲ့ မြောက်ဘက်တောင်တန်းဒေသမှအပြန် စာအုပ်ထဲမှာ ဖေဖေ တွေ့ခဲ့ဖူးတယ်။ ဆရာမြသန်းတင့်က စိတ်ကို ဆေးကြောသန့်စင်ပစ်တဲ့ အလုပ်လို့ ဘာသာပြန်ထားခဲ့လေရဲ့။ တော်တော့်ကို သဘောကျဖို့ကောင်းတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ပေါ့။ ဟုတ်တယ်။ သီချင်းတစ်ပုဒ်ပုဒ်ကို ညည်းနေရတာ ဒါမှမဟုတ် အားရပါးရ အော်ဟစ်ပစ်လိုက်ရတာဟာ စိတ်ထဲက အညစ်အထေးတွေကို ဖွပ်လျှော်ပစ်လိုက်ရတဲ့ အတိုင်းပါပဲလေ။

ချစ်သူနဲ့ ကွေကွင်းရလို့ ညစ်ထေးနေတဲ့ စိတ်တွေအတွက် ဆိုစရာ သီချင်းတွေအများကြီး။ ယောက်ျားမှာလည်း အသည်းနဲ့ပါ၊ ချစ်သူဝေးဝေးသွားပါနဲ့လား၊ သည်နွေမိုးဆောင်းပြောင်းသော်လည်း၊ နှမလက်လျှော့နေလေတော့၊ ချစ်သူတိုင်းလည်း ညားကြပါစေ၊ တကယ်လို့ ရွာကိုလွမ်းတယ်ဆိုရင် အမေနဲ့ရွာကို လွမ်းတယ်၊ ဟစ်ပစ်လိုက်ပေါ့။ အညာကို လွမ်းတယ်ဆိုရင်လည်း မွေးဌာနေတို့ မမေ့သော အညာတို့ကို ဆိုပစ်လိုက်ရုံပေါ့။ အမေ့ရဲ့ ကျေးဇူးနဲ့ အမေ့ရဲ့မေတ္တာကို အမှတ်ရတဲ့အခါ ဆိုစရာသီချင်းတွေ တစ်ပုံကြီး။ ထူးအိမ်သင်ရဲ့ ကျေးဇူးပါမေမေ၊ အမေ့ရဲ့ ဒုက္ခအိုးလေး၊ မေမေနေကောင်းလား၊ မေမေချစ်တဲ့သားကြီး၊ အမေ့အိမ်၊ အရိပ်စစ် အများကြီးပါသားရယ်။ တရားခံရှာမရတဲ့ ဒေါသတွေအတွက် စိုင်းထီးဆိုင်ရဲ့ နံရံကို လက်သီးနဲ့ထိုးမိတယ် ဆိုမယ်ကွာ။ ရန်ဖို့ကန်ဖို့သတ္တိတွေအတွက် ခိုင်ထူးရဲ့ အားလုံးကို ကျော်ဖြတ်ရမယ် သီချင်းဆိုမယ်ကွာ။ ကျက်သရေရှိတဲ့ မိန်းမတစ်ယောက် အတွက် ခင်မောင်တိုးရဲ့ မဟာဆန်သူ ဆိုမယ်ကွာ။ ကိုယ့် ကိုယ်ကျင့်တရား ကိုယ်ပြန်လေးစားဖို့ ခိုင်ထူးရဲ့ မြတ်သောအကျင့်၊ အမေ့သားပီသသူအတွက် စော်ဝင်းထွဋ်ရဲ့ ကောင်းကင်မေမေ၊ မိသားစုအနွေးဓာတ်အတွက် လက်ရေတစ်ပြင်တည်း၊ မန္တလေးရတနာပုံ အလွမ်းပြေအတွက် စစ်ကိုင်းတောင်၊ စစ်ကိုင်းတံတား၊ အောင်ပင်လယ်၊ ရွှေမန်းဆီသို့ သီချင်းတွေ သီချင်းတွေ



သီချင်းတွေ။ ဖေဖေတို့စိတ်ထဲက မှောင်နေတာတွေ လင်းသွား၊ ရှင်းသွားအောင် တင်းနေတာတွေ ပျော့သွား၊ လျော့သွားအောင် ဆိုစရာသီချင်းတွေက တစ်ပုံကြီး။ ဒါမှမဟုတ် ညည်းဖို့၊ ဒါမှမဟုတ် နားထောင်ဖို့။

VCD စက်ကလေးရှေ့မှာ မိသားစု ဝိုင်းဖွဲ့နားထောင်နေတာမျိုးလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ Ear Phone ကလေးနဲ့ တစ်ယောက်တည်း နားထောင်နေတာမျိုးလည်း ဖြစ်ချင်ဖြစ်မှာပဲ။ ကာရာအိုကေစက်ကြီးဖွင့်ကာ အားရပါးရ ရင်ဖွင့်နေတာမျိုးလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ဒါမှမဟုတ် မီးပူတိုက်ရင်း၊ အိမ်သိမ်းရင်း၊ ချက်ဖို့ပြုတ်ဖို့ စီမံရင်း၊ အဝတ်လျှော်ရင်း၊ စာရင်းဇယားတွေ ရေးဆွဲရင်း၊ ကောက်စိုက်ရင်း၊ ပျိုးနှုတ်ရင်း၊ နွားလှည်းမောင်းရင်း၊ ကားရေဆေးရင်း၊ ဘုရားပန်းအိုးလဲရင်း၊ ဆန်ပြာရင်း၊ စပါးလုံးကောက်ရင်း၊ ညည်းချင်ရင်လည်း ညည်းပေါ့ သားရယ်။ ဘာပဲဖြစ်ဖြစ် မောကြီးပန်းကြီး ဘဝတွေကနေ ခဏခိုနားဖို့၊ ဉာဏ်စွမ်းရည် တစ်ဖန်နိုးထလန်းဆန်းလာစေဖို့၊ စိတ်အညစ်အထေးတွေကို လျှော်ဖွပ်ဖို့ အတိတ်ကို ခဏပြန်သွားဖို့ မိသားစုတိုင်းမှာ သီချင်းတွေလိုတယ် သားရဲ့။

ဂီတနဲ့ပတ်သက်တဲ့ စမ်းသပ်မှုကလေးတွေကို စာမျက်နှာတချို့မှာ အဖေ ဖတ်ခဲ့ဖူးတယ်ကွ။ ပန်းခင်းနှစ်ခင်းရှိတယ်တဲ့။ တစ်ခင်းမှာ ငြိမ့်ညောင်းတဲ့ ဂီတသံတွေကို အမြဲတမ်းဖွင့်ပေးထားတယ်တဲ့။ ပန်းပွင့်တဲ့အခါ အဲသည့်သီချင်းတွေနဲ့ပန်းခင်းက ပိုပြီးတော့ ပွင့်နေသတဲ့ သားရဲ့။ နောက်တစ်ခါ ဥစားကြက်ခြံ နှစ်ခြံမှာလည်း သည်အတိုင်းပဲ။ တစ်ခြံမှာ သီချင်းတွေ အမြဲတမ်း ဖွင့်ပေးထားခဲ့သတဲ့။ အဲသည့် သီချင်းတွေနဲ့ ကြက်ခြံကပဲ ကြက်ဥတွေ ပိုဥလေသတဲ့။ အခုခေတ် ဆေးသိပ္ပံပညာရှင်တွေက မိခင်လောင်းတွေဟာ ကိုယ်ဝန်ဆောင်ထားစဉ် အချိန်ကတည်းက ငြိမ့်ညောင်းတဲ့ သီချင်းသံကလေးတွေကို နားထောင်သင့်တယ်လို့ ဆိုတာပါပဲ သားရယ်။ နောက်ပြီး ဂီတနဲ့ နေထိုင်တဲ့ ကလေးတွေဟာလည်း ဉာဏ်စွမ်းရည် ပိုထက်မြက်တယ်လို့ သက်သေခံနေကြတယ်လေ။

သိယံသူဆိုတဲ့ အမတ်ကြီးတစ်ယောက်က ရေးထိုးခဲ့တဲ့ ပုဂံခေတ်က ကျောက်စာတစ်ချပ် ရှိပါသော်ကော သားရဲ့။ သူက သူ့ရဲ့ဆုတောင်းထဲမှာ ဘဝအဆက်ဆက် အိပ်ရာမှနိုးထတိုင်း သာယာငြိမ့်ညောင်းသော ဂီတသံများနဲ့ နိုးသ ထရလိုပါကြောင်း ဆုတောင်းထားခဲ့တယ်လေ။ ဖေဖေ့မိတ်ဆွေ အယ်ဒီတာ ကလေးတစ်ယောက်ဟာ သူ့အလုပ်ခန်းမှာ အမြဲတမ်း သီချင်းတွေ

www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ဖွင့်ထားတတ်တယ်။ ခပ်တိုးတိုးကလေးပေါ့။ မနက်ခင်းဆိုရင် ရေကောင်းသံကလေးတွေ၊ နံနက်ချိန်ခါ တေးသံသာကလေးတွေ၊ ညညတွေဆိုရင် အလွမ်းအဆွေး၊ အအေးသီချင်းကလေးတွေ၊ Mp 3 နဲ့ ဖွင့်ထားတာဆိုတော့ သီချင်းနဲ့ အိပ်ပျော်သွားလိုက်၊ သီချင်းနဲ့ နိုးထလာလိုက်၊ ဖေဖေ့စိတ်ထဲမှာ လူဟာ အမြဲတမ်း လတ်ဆတ်ကြည်လင်ကာ နိုးကြွနေသလိုပါပဲ သားရယ်။

(သုံး)

ဂီတမရှိတဲ့ အိမ်တွေဟာ ပတ်ကြားအက်ကြီးတွေနဲ့ တူတယ်ဆိုတာ တကယ်ပါပဲ သားရယ်။ အဖေရယ်၊ အမေရယ်၊ သမီးရယ်၊ သားရယ် ကိုယ့်ကိစ္စနဲ့ကိုယ် ငုတ်တုတ်။ ဆေးလိပ်တစ်တိုနဲ့ ဖြစ်ချင်ဖြစ်မှာပေါ့။ အဝတ်ဟောင်းတစ်ပုံနဲ့လည်း ဖြစ်ချင်ဖြစ်ချင်ဖြစ်မှာပေါ့။ ဒါမှမဟုတ် ကျောင်းသင်ခန်းစာတစ်အုပ်နဲ့ ဖြစ်ချင်လည်း ဖြစ်မှာပေါ့။ ဒါပေမယ့် သူတို့မှာ ဂီတမရှိ။ သူတို့အိမ်မှာ ဘာသီချင်းသံမှ မကြားရ။ သွေ့ခြောက်လို့၊ အုံ့မှိုင်းလို့၊ ဝါရော်လို့၊ ကန္တာရတွေလို အစိုဓာတ်တစ်စက်ကလေးမှ မရှိ။

ဖေဖေကတော့ သားရယ် ကိုယ့်မိသားစုကိုယ် စိမ်းစိမ်းစိုစိုဖြစ်အောင် လုပ်ရတဲ့နေရာမှာ သီချင်းတွေလည်း လိုတယ်လို့ ထင်နေမိတာပါပဲ သားရယ်။

□

## ခရီးဆောင်အိတ်တွေနဲ့ အိမ်ကလေး

(တစ်)

[illegible]ရေ…

အချိန်ရရင်ရသလို ခရီးထွက်ဖြစ်တတ်တဲ့ ဖေဖေတို့မိသားစု အခုနှစ် [illegible]သီမှာရော ဘယ်အရပ်၊ ဘယ်ဒေသဆီကို ခရီးထွက်ရရင် ကောင်းမှာပါလိမ့် [illegible]ကို သားတို့ရဲ့ နောက်ဆုံးပိတ် အတန်းတင် စာမေးပွဲကြီးတွေ မကျင်း [illegible]ရက်တွေကတည်းက မိသားစုဝင်တွေ လူစုံတိုင်း အစီအစဉ် ဆွဲနေခဲ့ကြ [illegible]တာ တော်ကြာနေရင်တစ်မျိုး၊ တော်ကြာနေရင်တစ်မျိုးနဲ့ နွေရာသီ [illegible]င်းပိတ်ရက်သာ ရောက်လာပါလေရော သားရယ်။ ပုဂံကို ဖေဖေတို့ [illegible]တယ် သားရဲ့။ ဒါပေမယ့် ပုဂံညောင်ဦး၊ ကျောက်ပန်းတောင်းတစ် [illegible]ကို ဖေဖေတို့ တစ်မိသားစုလုံး အကြိမ်ကြိမ်အခါခါ ရောက်ခဲ့ပြီးသား။ [illegible] မန္တလေးပြင်ဦးလွင်ဘက်ကို ဆိုရင်ကော ဆိုတော့ ဒါကလည်း ဖေဖေ [illegible] ကြောမကြာ ရောက်တတ်မိကြရာ ဒေသ။ ရှမ်းတောင်တန်းကြီးတွေနဲ့ [illegible]မောစရာ ကမ္ဘောဇဘက်ကိုလည်း ဖေဖေတို့ စိတ်ကူးမိခဲ့ကြပါသေး [illegible] သားရယ်။ ဒါကလည်း ကလောတို့၊ အောင်ပန်းတို့၊ တောင်ကြီးတို့၊ [illegible]လေးတို့၊ ပင်းတယတို့ဆိုတာတွေက ဖေဖေဆိုရင် အကြိမ်ကြိမ်အလီလီ၊ [illegible]တို့တွေက အနည်းဆုံး တစ်ကြိမ် ထိတွေ့ရင်းနှီးပြီးသား။ နောက်ဆုံး [illegible]တော့ နီးနီးနားနား ကမ်းခြေကိုပဲ ဖေဖေတို့ ရွေးမိခဲ့ကြပါလေရော။ ချောင်း [illegible]တဲ့။

ချောင်းသာကိုသွားမယ်လို့ ဆုံးဖြတ်ချက် ကျသွားပြီးတာနဲ့ တစ်အိမ် [illegible]ကို ကျွက်ကျွက်ညံသွားတော့တာပါပဲ သားရယ်။ ပုစွန်ကင်စားမယ်၊

www.burmeseclassic.com

www.burmeseclassic.com





နကမှာ စားမယ်၊ ကဏန်း စားမယ်၊ ကကတစ်ကင် စားမယ်၊ အုန်းရည် သောက်မယ်၊ သောင်စပ်မှာ ပြေးမယ်၊ ရေကူးမယ်၊ စိတ်ကူးတွေကို စုံလို့ အတိုင်း ခရီးဆောင်အိတ်တွေကို ပြင်ရပြန်ပြီပေါ့။

## (နှစ်)

လူတွေဟာ ခရီးသွားဖို့ လိုသလား သားရဲ့။

သည်မေးခွန်းကို ဖေဖေ ကိုယ့်ကိုယ်ကို မကြာခဏ မေးကြည့်မိ၊ တော့ ဖြေဖို့လည်း ကြိုးစားကြည့်ခဲ့ဖူးတယ်။ ဖေဖေတို့ ပတ်ဝန်းကျင်မှာ တော့ ကမ္ဘာကိုပတ်ဖို့ ကြိုးစားနေသူတွေ ရှိသလို၊ အိမ်ထဲက အိမ်ပြင်မထွက် တွေကလည်း အများသားလေ။

ဟိုးတစ်ခါ ဖေဖေ ပုဂံကို ရောက်သွားတုန်းက ထူဆန်းတဲ့ ကမ္ဘာလှည့် သည် နှစ်ယောက်ကို တွေ့ခဲ့ဖူးတယ်။ အီတလီကတဲ့၊ တော်တော့်ကို က်ကြီးကြပါပြီလေ။ အသက် ၇၀ ကျော် ဇနီးမောင်နှံနှစ်ယောက် သမီးကြီးက မျက်စိ မမြင်ရှာဘူး။ ငယ်ငယ်ကတည်းက ကွယ်သွားခဲ့ရှာ တဲ့။ သူတို့ကို ဧည့်လမ်းညွှန် လုပ်နေတာက ပုဂံက ဖေဖေ့တပည့် တလီစကားပြောသူ။ မြင်းလှည်းကလေးတစ်စီးနဲ့ ထနောင်းပင်ရိပ်မှာနား င်၊ ဘုရားတစ်ဆူပြီးတစ်ဆူ သွားလိုက်၊ တော်ကြာနေ စားသောက်ဆိုင် လေးတွေထဲ ဝင်သွားလိုက်၊ တော်ကြာနေ မြစ်ဆိပ်ကို ဆင်းသွားလိုက်နဲ့ သည့် မျက်မမြင် အီတလီအမျိုးသမီးကြီးက ကမ္ဘာနဲ့ တော့မယ်တဲ့။ အခု ကို ရောက်လာရတာကလည်း ပုဂံရဲ့အသံ၊ ပုဂံရဲ့အနံ့၊ ပုဂံရဲ့အထိအတွေ့၊ ားပြောသံတွေ၊ ဟင်းနံ့၊ မုန့်နံ့၊ ပန်းနံ့တွေ၊ ရာသီဥတု အပူအအေး၊ ရဲ့အတို့အထိ အဲဒါတွေကို သိချင်လို့ ရောက်လာတာတဲ့။ မျက်စိအမြင် ရှိရင် လူ့ဘဝကို တစ်ကြိမ်တစ်ခေါက် ရောက်လာရတာ ဘယ်လောက် န်လိုက်လေမလဲတဲ့။

နောက်တစ်ခါ ဖေဖေတွေ့ရပြန်တာက ဖေဖေ စာသင်ပေးနေတဲ့အိမ် သမီးငယ်လေးတစ်ယောက် သားရဲ့။ တစ်နေ့မှာ ဖေဖေကသူ့ကို စာစီ တိုးတစ်ပုဒ် ရေးခိုင်းခဲ့တယ်လေ။ "မမေ့နိုင်သော ခရီးတစ်ခေါက်" ဆိုတဲ့ ခေါင်းစဉ်နဲ့ပေါ့။ ဆယ်တန်းကျောင်းသူအရွယ်လည်းဖြစ် မိဘတွေကလည်း တောင့်တောင့်တင်းတင်းတွေမို့ ခရီးကလေးဘာလေးတော့ဖြင့် သွားဖူး မယ် မျှော်လင့်ထားခဲ့မိတယ်ပေါ့။ ဒါပေမယ့် အံ့ဩစရာ ကောင်းလောက်အောင်ကို

www.burmeseclassic.com



ဖေဖေ့တပည့်မ သမီးငယ်ကလေးဟာ အဲ့သည်စာစီစာကုံးကို မရေးတတ် ဘယ်အရပ်မှလည်း ခရီးမသွားဖူးတဲ့သူတဲ့ သားရဲ့။ ဖေဖေ ပိုပြီးအံ့သြသွားတာက သူတို့မြို့နဲ့ လေးနာရီခရီးလောက်သာရှိပြီး မိုင် ၁၀၀ လောက်သာဝေးတဲ့ ရန်ကုန်ကိုတောင် မရောက်ဖူးဘူးဆိုတာကို ပါပဲ။

ဩော်…အာကာသကိုတောင် ခရီးနှင်ဖို့ စိုင်းပြင်းနေကြတဲ့ သည်ခေတ် သည်ကာလကြီးမှာတဲ့ သားရယ်။

## (သုံး)

သားရေ…

ဖေဖေ့မှာ ကိုတာဆိုတဲ့ မိတ်ဆွေစာရေးဆရာ တစ်ယောက်ရှိတယ် သားရဲ့။ စိမ်းတဲ့မြေသို့အပြန်ဆိုတဲ့ စာအုပ်ဟာ သူရေးခဲ့တဲ့ စာအုပ်တွေထဲက တစ်အုပ်ပေါ့။ သူက အဲ့ဒီစာအုပ် တစ်နေရာမှာ ခရီးများများသွားတဲ့သူဟာ ဒီမိုကရက်တစ် (Democratic) ဆန်လာတယ်လို့ ကိုးကားရေးသားထားခဲ့ ဖူးတာကို ဖေဖေ အမှတ်ရမိတယ်။ ဟုတ်တယ်။ ဒါကို ဖေဖေ သဘောကျတယ်။

ဒီမိုကရက်တစ်ဖြစ်တယ်ဆိုတာ အတ္တရဲ့ဆန့်ကျင်ဘက်။ အာဏာရှင် ဆန်မှုရဲ့ ဆန့်ကျင်ဘက်ပဲပေါ့။ ခရီးများများသွားလိုက်တဲ့အခါ ကိုယ်နဲ့မတူ တာတွေကို ဖေဖေတို့ အများကြီး ထိတွေ့လိုက်ကြရတယ်လေ။ လောက မှာ ကိုယ်စားသလို မစားသူတွေ အများကြီး၊ ကိုယ်ပြောသလို မပြောသူတွေ အများကြီး၊ ကိုယ်ဝတ်သလို မဝတ်သူတွေ အများကြီး၊ ကိုယ်နေသလို မနေ သူတွေ အများကြီး၊ ကိုယ်ယုံကြည်သလို မယုံကြည်သူတွေ အများကြီးဆို တာကို ဖေဖေတို့ နဖူးတွေ့ဒူးတွေ့ တွေ့လိုက်ကြရတော့တာပါပဲ။ ကိုယ်နဲ့ မတူတာကို လက်ခံတာဟာ ဒီမိုကရက်တစ် ဆန်လာတာပဲပေါ့။

ခရီးများများသွားလိုက်တဲ့အခါ လူဟာပွင့်လင်းသွား၊ လွတ်လပ်သွား ပြီးတော့ လွတ်မြောက်သွားတယ်လို့ ဖေဖေခံစားမိတယ်။ ဝတ်တာ၊ စားတာ နေတာ၊ ထိုင်တာ၊ ပြောတာ၊ ဆိုတာ၊ ယုံကြည်တာ အကုန်လုံး ငါ့လိုပဲဖြစ်ရမယ် ဆိုတဲ့ စိတ်တွေ တစ်လွှာစီ တစ်လွှာစီ ကွာကျကုန်တော့တာပါပဲ။ စိတ်နဲ့ အတူ မျက်လုံးတွေရော အပြုံးတွေရော အသွားအလာအနေအထိုင်တွေရော ပေါ့ပါးသွားဖို့အတွက် ဖေဖေတို့ ခရီးသွားဖို့ လိုမယ်လို့ ဖေဖေ စဉ်းစားမိတယ်။



## (လေး)

သားရေ…

ဖေဖေတို့ မြန်မာနိုင်ငံနဲ့ ရင်းနှီးတဲ့ အိန္ဒိယ စာရေးဆရာတွေထဲမှာ ရာဟုလာသံကိစ္စည်းဆိုတာ အထင်ကရ စာရေးဆရာကြီး တစ်ယောက်ပဲ [illegible]။ သူ ဖေဖေတို့နိုင်ငံကို လာဖူးတယ်။ ဖေဖေနဲ့ အလွန်ရင်းနှီးတဲ့ စာရေးဆရာကြီး ပါရဂူနဲ့ ဆရာကြီး ဆန်းထွန်း (မန်းတက္ကသိုလ်)တို့က ရာဟုလာသံကိစ္စည်းရဲ့ စာတစ်အုပ်ကို မြန်မာဘာသာပြန်ဖူးတယ်။ 'ဗော်လဂါ မှ ဂင်္ဂါသို့' ဆိုတဲ့ စာအုပ်ကြီးပေါ့။ ဖေဖေသိပ်ကို ကြိုက်တဲ့စာအုပ်။ အဲ့သည် စာအုပ်တစ်နေရာမှာ စာရေးဆရာ ရာဟုလာသံကိစ္စည်းက….

**"ကမ္ဘာတစ်ခွင်သို့ လှည့်လည်လော့။**
**ဘဝတစ်သက်တာ ဆိုသည်မှာ**
**တစ်ခါသာရောက်လာသည်။**
**ဘဝတစ်သက်တာအတွင်းမှာလည်း**
**ပျိုရွယ်မှုဟူသည်**
**တစ်ကြိမ်သာ လာရောက်သည်။"** လို့ ရေးထားခဲ့ပုံကို ဖေဖေစွဲနေမိ တယ်။ ဟုတ်တယ်။ သည်ကမ္ဘာမြေပေါ်မှာ ဖေဖေတို့ နေထိုင်အသက်ရှင်ခွင့် ရ ဘယ်နနှစ်လဲ။ ၅၀ လား။ ၆၀ လား။ ဒါမှမဟုတ် ၇၀ လား၊ ၈၀ လား။ မသေချာဘူး၊ မရေရာဘူး။ ပိုပြီးတော့ မသေချာမရေရာတာက နောက်တစ်ခါ လူပြန်ဖြစ်မဖြစ် သည်တော့ ရာဟုလာသံကိစ္စည်းပြောသလို အသက်ရှင်နေတုန်းမှာ မိသားစုတွေ ခရီးများများသွားပစ်လိုက်ဖို့ လိုတယ် လို့ ဖေဖေထင်မိတယ်။

## (ငါး)

အိမ်နဲ့ဝေးတဲ့ အရပ်ကနေ ပွင့်လင်းလွတ်လပ်တဲ့ အပြုံးတွေနဲ့ပြန်လာ ကြတဲ့ခရီးသည် မိသားစုတွေကို မကြာခဏဆိုသလို ဖေဖေတွေ့ဖူးတယ်။ ပန်းတင်စွန်းတို့လို၊ ချောင်းသာတို့လို၊ ငပလီတို့လို အရပ်တွေကနေ ပြန်လာ ကြတဲ့ မိသားစုတွေက ခရု၊ ပုတီးတွေလည်ပင်းမှာ ကိုယ်စီဆွဲလို့။ ပုသိမ်ထီး ကလေးတွေ လက်မှာကိုင်လို့။ ပုဂံညောင်ဦး၊ ပုပ္ပားတစ်ဝိုက်က ပြန်လာတဲ့ သူတွေက ယွန်းပစ္စည်းကလေးတွေနဲ့၊ ပုန်းရည်ကြီးထုပ်ကလေးတွေနဲ့၊ စကား [illegible]ကလေးတွေနဲ့၊ ကမ္ဘောဇဘက်က ပြန်လာတဲ့လူတွေက ထိုးမုန့်ဘူးတွေ

www.burmeseclassic.com

www.burmeseclassic.com



ချိပ်လုံချည်တွေနဲ့၊ ကမ္ဘောဇဘက်က ပြန်လာတဲ့လူတွေက တို့ဟူးခြောက်တွေ၊ ခေါ်ပုပ်ခြောက်တွေ၊ အာလူးခြောက်တွေနဲ့၊ ကျိုက်ထီးရိုးက ပြန်လာတဲ့လူတွေက ဝါးသေနတ်ကြီးတွေ လွယ်လို့၊ ဝါးတောင်ဝှေးကြီးတွေ ထောက်လို့၊ ဟိုးမြောက်ဖျား ကချင်တောင်တန်းတွေကနေ ပြန်လာတဲ့သူတွေက ကျောက်စိမ်းပုတီးတွေ၊ ကျောက်စိမ်းလက်ကောက်တွေ ဝတ်လို့၊ အိမ်ရှိရာကို ပြန်လာနေလိုက်ကြတာ။

ဒေသအသစ်၊ သစ်ပင်တောတောင် လျှိုမြောင်စိမ့်စမ်းအသစ်၊ မနက်ခင်း စားစရာအသစ်၊ နှုတ်ထွက်စကားအသစ်၊ အမြတ်တနိုး တန်ဖိုးထားဖို့အသစ်၊ ဝတ်ပုံစားပုံ ဖြိုးလိမ်းပြင်ဆင်ပုံအသစ်၊ အကုန်လုံးသစ်တဲ့အရာတွေကခရီးသွားသူ မိသားစုကို အသစ်ပြန်လုပ်ပေးလိုက်တဲ့ပုံပါပဲ။

ပြင်သစ်စာရေးဆရာ အင်ဒရေ မော်ရွှင်း (Andre Maurois) ရဲ့ စာအုပ် တစ်အုပ်ရှိတယ် သားရဲ့။ The Art of Living တဲ့။ ဆရာမြသန်းတင့်က ဘဝနေနည်း အနုပညာဆိုတဲ့ နာမည်နဲ့ ဘာသာပြန်ခဲ့သေးတာပေါ့။ အဲ့သည်စာအုပ်ထဲမှာ စာရေးဆရာ အင်ဒရေမော်ရွှင်းက ပြင်သစ်ကဗျာဆရာ ပေါဗာလေရီရဲ့ စာတစ်ပုဒ်ကို ကိုးကားဖော်ပြထားခဲ့တာကို ဖေဖေ သွားသတိရမိတယ် သားရယ်။

**"မိသားစုတိုင်း၌ ဖုံးကွယ်ထားသည့်**
**ငြီးငွေ့သော စိတ်တစ်မျိုး ရှိတတ်၏"** တဲ့။

ဟုတ်တယ်။ ထပ်တလဲလဲ နေ့ရက်တွေ အပ်ကြောင်းထပ်နေတဲ့ ဘဝတေးသံတွေက ဖေဖေတို့ကို ငြီးငွေ့စေတယ်။ သည်ငြီးငွေ့စိတ်ကို ခရီးသွားခြင်းက ချေဖျက်ပစ်နိုင်တယ်။ အတူအိပ်၊ အတူထ၊ အတူနား၊ အတူသွား ခရီးသွားခြင်းမှာ မိသားစုတွေဟာ တစ်ဖန်ပြန်လည် ရင်းနှီးသွားနိုင်တယ်လို့ ဖေဖေ ယုံကြည်တယ်။ လက်ကောက်တွေကို တံတောင်ဆစ်လောက် ရောက်အောင်ဝတ်ထားပြီး အိမ်ထဲက အိမ်ပြင် မထွက်တဲ့ မိန်းမ၊ ပိုက်ဆံအိတ်တံတောင်လောက်ကို လက်မှာကိုင်ပြီး ဘယ်မြို့မှမရောက်ဖူးတဲ့ ယောကျ်ားတွေဟာ သူ့ မိသားစုကို ဘယ်တော့မှ မစိမ်းလန်းစေပါဘူးလေ။

သားရေ။

အခု ဖေဖေတို့ ချောင်းသာခရီးစဉ်မှာလည်း ဘုရင့်နောင်တံတားကို ကျော်ပြီး ရန်ကုန်နယ်နိမိတ်ကနေ လွတ်ထွက်သွားပြီးတာနဲ့ နောက်ထပ်စာမျက်နှာ အသစ်တစ်ရွက်ကို လှန်မိလိုက်ပြန်ပြီဆိုတာ ဖေဖေယုံတယ်။ စိတ်ချ



## ရယ်စရာမောစရာတွေနဲ့ အိမ်ကလေး

### (တစ်)

သားရေ…။

သည်တစ်ခါတော့ ဖေဖေက သားကို ရယ်စရာမောစရာတွေအကြောင်း ပြောရရင် ကောင်းမလားလို့ စဉ်းစားမိတယ်ကွာ။ ဟုတ်တယ် ဖေဖေတို့ သားသမီးတွေနဲ့ ထိတွေ့ဆက်စပ်နေရတဲ့ ပတ်ဝန်းကျင်မှာ ကောင်းတာပဲဖြစ်ဖြစ်၊ ဆိုးတာပဲဖြစ်ဖြစ် ဘယ်လိုလောကဓံ တရားနဲ့ပဲကြုံကြုံ အရယ်အမောမပျက်အောင် ရင်ဆိုင်ဖြတ်သန်းသွားတဲ့ သူတွေရှိသလို ဘယ်လိုအခြေအနေမျိုးမှာမှ ကိုယ်တိုင်ကလည်း မရယ်မောတတ်၊ တခြားသူတွေရဲ့ အရယ်အမော အပြုံးအရွှင်တွေကလည်း အလွယ်တကူနဲ့ ကိုယ့်ကို မကူးစက်နိုင်ဘဲ ခြောက်တိခြောက်ကပ် ဖြစ်နေတဲ့ သူတွေလည်း ရှိနေကြတာ မဟုတ်လား သားရယ်။ ဒါကြောင့် ဖေဖေက အခုတစ်ခါ သားကိုရယ်စရာ မောစရာတွေ အကြောင်း ပြောဦးမှလို့ စိတ်ကူးပေါ်မိလာခဲ့ တာပါပဲ။

### (နှစ်)

တချို့လူတွေဟာ မရယ်မောတတ်ကြဘူး သားရဲ့။ ဒါဟာတော်တော်ကို အံ့သြစရာကောင်းတဲ့ ဘဝနေထိုင်မှု ဟန်ပန်တစ်မျိုးလို့ ဖေဖေကတော့ မြင်မိတာပါပဲ သားရယ်။ မြေစာရင်းဌာနမှာ အလုပ်လုပ်တဲ့ ဖေဖေ့မိတ်ဆွေတစ်ယောက်ရှိတယ်ကွ။ သူဟာ မရယ်မောတတ်၊ ပြီးတော့ ရယ်စရာတွေကိုလည်း ဘယ်တော့မှ မကြိုက်တတ်တဲ့ လူပေါ့။ ဟာသရုပ်ရှင်တွေကို သူကြည့်လေ့ မရှိဘူး။ ဟာသစာပေကိုလည်း သူ ဘယ်တော့မှ မဖတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com





ကိုသန်းလှိုင်၊ ကိုတင်လှိုင်၊ စန္ဒရားချစ်ဆွေ၊ စန္ဒရားလှထွဋ်၊ သန်းဖေလေး၊ ကိုစောညိန်း အဆွေးသီချင်းတွေချည်းပဲ အမြဲနားထောင်တယ်။ ညည်းတယ်။ ဝတ္ထုဆိုရင်လည်း နွေကန္တာဦးတို့၊ မိုးညအိပ်မက်မြူတို့၊ သူငယ်ချင်းလို့ဝဲ ဆက်၍ခေါ်မည် ခိုင်တို့၊ တစ်ပြည်သူမရှေ့ထားတို့ သူ့လက်ထဲမှာ တကိုင်ကိုင်နဲ့။ သူဟာ အမြဲတမ်းဆွေးနေတဲ့ မိုးလိုပဲ။ အုံ့အုံ့မှိုင်းမှိုင်းကြီးနဲ့ တစ်ခါ ဘလေ လက်ဖက်ရည် ဝိုင်းတွေဘာတွေမှာ ဖေဖေတို့ စုမိဆုံမိကြလို့ ရယ်စရာ မောစရာတွေဘက် စကားရောက်သွားတဲ့ အခါတွေမှာလည်း သူက ခပ်ယဲ့ယဲ့ ပြုံးတယ် ဆိုရုံကလေးပါပဲ။ အားရပါးရနဲ့ ရွှင်လန်းသွားအောင် ရယ်တယ်ဆိုတာ မရှိသလောက်ပါပဲ သားရာ။ ဒါရယ်စရာလားဗျာဆိုတဲ့ သူ့အမေးကို ဖေဖေတို့ ဘယ်လိုဖြေရမှန်း မသိခဲ့ဘူး။ တစ်ခါတစ်ခါ သူတို့ အိမ်ဘက်ကို ဖေဖေရောက်သွားလို့ အကဲခတ်ကြည့်တဲ့အခါ သူက စာအုပ်တစ်အုပ်နဲ့၊ သူ့ဇနီးကလည်း စာအုပ်တစ်အုပ်နဲ့၊ သူ့သမီးကလည်း စာအုပ်တစ်အုပ်နဲ့ အသက်ရှင်ရတာ မခြောက်သွေ့လွန်းဘူးလား။

ဖေဖေအလုပ်လုပ်နေတဲ့ တက္ကသိုလ်ကျောင်းရဲ့ အပေါက်ဝ မလှမ်းမကမ်းက အိမ်တစ်အိမ်ဆိုရင်လည်း ဖေဖေတော်တော့်ကို စိတ်ဝင်စားမိတယ်။ အဲ့ဒီအိမ်က ဥစားကြက်ခြံကလေးနဲ့၊ အိမ်ဆိုင်ကလေးတစ်ဆိုင်နဲ့ သမီးတွေက လည်း နှစ်ယောက်လား သုံးယောက်လားမသိ။ တစ်အိမ်လုံး ဘယ်သူမှ ရယ်မော မနေကြဘူး။ ဖေဖေ ကြက်ဥသွားသွားဝယ်တဲ့အခါ အမေလုပ်တဲ့ လူက ကြက်ဥပေးမယ်၊ ပိုက်ဆံယူမယ်၊ ဒါပဲ။ ပြီးရင် ကြက်ခြံထဲမှာ ဟိုနား ချွတ်ချွတ်၊ သည်နားချွတ်ချွတ်၊ သမီးတွေကလည်း အိမ်ဆိုင်ကလေးထဲမှာ ငုတ်တုတ်၊ တစ်ခါတစ်ခါ သူတို့အဖေနဲ့ လမ်းမှာဆုံတတ်တယ် သားရဲ့။ သူက ခေါင်းတစ်ချက်ဆတ်ပြပြီး နှုတ်ဆက်သွားရုံ၊ ဒါလောက်ပါပဲ။ အသက်ရှင်ရတာ လေးလံပင်ပန်းလိုက်တာ။

## (သုံး)

ဖေဖေကတော့ ရယ်တတ်မောတတ်၊ ပျော်တတ်၊ ရွှင်တတ်တာဟာ မိသားစုဘဝကို စိမ်းစိုအောင်လုပ်တဲ့ အနုပညာတစ်ရပ်လို့ ထင်မိတယ် သားရယ်။

ဗိုလ်ချုပ်ကြီး မက်အာသာဆိုတာကို သား ကြားဖူးမလား မသိဘူး။ ဒုတိယ ကမ္ဘာစစ်ကြီးမှာတုန်းက ပစိဖိတ် စစ်မျက်နှာမှာ တာဝန်ယူခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



အမေရိကန် ဗိုလ်ချုပ်ကြီးပေါ့။ သူက Build me a son ဆိုတဲ့ စာအုပ်ကို ရေးခဲ့သေးတာပေါ့။ သူ့သားကို တည်ဆောက်တဲ့ စာအုပ်ပါပဲ။ ဆရာ တက်တိုးတို့ ဘာသာပြန်ခဲ့ဖူးသေးတာပေါ့။ အဲသည့် စာအုပ်တစ်နေရာမှာ ဗိုလ်ချုပ်ကြီး မက်အာသာက–

'အလွန့်အလွန်လေးနက်သူ မဖြစ်စေချင်
ထိုက်သင့်သလောက် ဟာသဓာတ်ခံ
ရှိစေချင်' လို့ ရေးထားခဲ့တာကို ဖေဖေ လက်ခံတယ်ကွာ။

နောက် တော်ဖလာ (Alvin Tofler) ဆိုတာကိုရော သား ကြားဖူးမလား မသိဘူး။ သူက လူမှုရေးသိပ္ပံနယ်ပယ်မှာ တော်တော့်ကိုထင်ရှားတဲ့ ပညာရှင် တစ်ယောက်ပေါ့။ သူ့ရဲ့တတိယလှိုင်း (The Third Wave) တို့၊ ယဉ်ကျေးမှု စားသုံးသူများ (The culture consumers) တို့၊ အနာဂတ် သွေးလန့်ခြင်း (Future shock)တို့ဆိုတဲ့ စာအုပ်တွေဟာ ဖေဖေတို့ စာဖတ်သူတွေနဲ့ ရင်းနှီး သင့်သလောက် ရင်းနှီးနေခဲ့ပြီ မဟုတ်လား။ ကျော်ဝင်း၊ မောင်ကြည်သစ်၊ မောင်စူးစမ်း၊ ကိုတာ စတဲ့ စာရေးဆရာတွေက သူ့စာတွေကို မကြာမကြာ ဘာသာပြန်ကြ၊ ညွှန်းကြနဲ့။ ထားပါ သားရယ်။ အဲသည့် တော်ဖလာက...

"ကျွန်တော်တို့တစ်တွေဟာ ရက်စက်မှုတွေ၊ ပူဆွေးမှုတွေ၊ ဒေါသ တွေနဲ့ ပြည့်လျှမ်းနေတဲ့ ကမ္ဘာကြီးမှာ နေထိုင်ကြရတာ မဟုတ်လား။ အရောင်တလက်လက် ထွက်နေတဲ့ ကတိစကားတွေလည်း ရှိသေးတယ်။ ဒီလို လောကကြီးကို ဖြတ်သန်းရတဲ့အခါ အသက်ရှင်ရပ်တည်နိုင်ဖို့ တစ်ခု တည်းသော နည်းလမ်းဟာ ဟာသဓာတ်ခံရှိဖို့ပဲဗျ" တဲ့။ သား သဘော မကျဘူးလား။

ဖေဖေတို့ ငယ်ငယ်တုန်းက ကပ်ဒေါက်ဂလပ်စ် (Kirk Douglas) ဆိုတဲ့ မင်းသား မြန်မာပရိသတ်တွေကြားထဲမှာ တော်တော့်ကို ထင်ရှားခဲ့ဖူး သေးတယ်သားရဲ့။ သူကတော့...

"ဟာသမရှိရင် ဘဝမှာ ရပ်တည်လို့မရဘူး။ ကိုယ့်ကိုယ်ကိုပြန်ပြီး ဟားကို ဟားပစ်နိုင်ရမယ်။ မဟားနိုင်လို့ကတော့ ခင်ဗျားနာပြီသာမှတ်" တဲ့။ ဟုတ်တယ်၊ သားရဲ့။ ရယ်စရာ မောစရာတွေဟာ ဖေဖေတို့ ဖြစ်တည် နေခြင်းကို လွတ်လပ်သွား၊ ပေါ့ပါးသွား၊ ရင်းနှီးပွင့်လင်းသွားစေတာက တော့ အမှန်ပါပဲလေ။



## (လေး)

တစ်ခါတုန်းက ကျောက်ပန်းတောင်း မြို့ကလေးကို စာပေဟောပြောပွဲ ကိစ္စနဲ့ ဖေဖေရောက်သွားခဲ့ဖူးတယ်။ အဲသည့်ပွဲမှာ ဖေဖေနဲ့အတူ ဟောမယ့် စာရေးဆရာတစ်ယောက်က ကိုနေဝင်းမြင့်ပေါ့။ ဖေဖေတို့တစ်တွေ ပုပ္ပား တောင် တက်လိုက်ကြ၊ ကြက်မောက်တောင်ဆည်ကို သွားလိုက်ကြ၊ ပုဂံ ဘက်ကူးလိုက်ကြနဲ့ ရိုက်လိုက်တဲ့ ဓာတ်ပုံတွေက တစ်ကွက်ပြီး တစ်ကွက်၊ ဒါနဲ့ ဖေဖေတို့ ပြန်မယ့်နေ့လည်းရောက်ရော ကားဂိတ်မှာ နှုတ်ဆက်ကြတော့ ကိုနေဝင်းမြင့်က ကျောက်ပန်းတောင်းပွဲအစီ စီစဉ်သူ ကိုခင်မောင်ချို ဆို သူ့ဘက်ကို လှည့်ကာ...

"ကဲ ကိုချို၊ ကျွန်တော်တစ်ခု မေတ္တာရပ်ခံခဲ့ပါရစေ၊ ရိုက်ထားတဲ့ ဓာတ်ပုံတွေကို ကျွန်တော်တို့ စာရေးဆရာတွေဆီ လုံးဝပို့မပေးပါနဲ့ဗျာ" လို့ ဆိုလိုက်တဲ့အခါ အကုန်လုံးဝါးခနဲ ပွဲကျသွားတော့တာပါပဲ။ ဘယ်တော့မှ ပို့လေ့မရှိတာကို ငေါ်ပြီးမေတ္တာရပ်ခံ လိုက်တဲ့အခါကျတော့၊ အမှန်တရားနဲ့ နီးစပ်ကာ နေရထိုင်ရ လွတ်လပ်ပေါ့ပါးသွားပါရော။

တစ်ခါကလည်း ဖေဖေရယ်၊ ကိုအောင်ဝေးရယ် လပွတ္တာမြို့ကလေး ကို ရောက်သွားခဲ့ ဖူးတယ်။ အဲသည့်မှာ မြို့ကိုပတ်ဖို့ ဖေဖေတို့ကို စက်ဘီး တစ်စီးစီ ပေးတဲ့အခါ ကိုအောင်ဝေးက....

"တစ်ခါတစ်ခါ၊ ကိုယ်က ဗိုလ်ချုပ်အောင်ဆန်းနဲ့ သွားသွားတူတယ် ကွာ" တဲ့။

မြို့ခံက

"ဘာဖြစ်လို့လဲ အစ်ကို" ဆိုတော့ ကိုအောင်ဝေးက

"ကိုယ်၊ စက်ဘီးမစီးတတ်ဘူးကွာ" တဲ့။ အကုန်လုံး ဝါးခနဲပါပဲ။ ရယ်စရာမောစရာတွေဟာ လူတွေကို ရင်းနှီးစေတယ်ကွာ။

## (ငါး)

ဖေဖေမိတ်ဆွေ စာရေးဆရာကိုတာက ရယ်ရွှင်ဖွယ်ဆိုတဲ့ စာတမ်း ကလေးတစ်အုပ် ထုတ်ဖူးတယ်။ အဲသည့်အထဲမှာ ကိုတာက ရစ်ချက်ဆောင်း [illegible]နဲ့ အဆိုအမိန့်တစ်ခုကို ကိုးကားထားတယ်။ ဆဲလ်တွေက အဖြေညာဏ်ကို ပွားပေးသတဲ့။ စိတ်တင်းကျပ်ရင် ဆဲလ်တွေ သေသတဲ့။ ဖေဖေလက်ခံတယ် ကွာ။

www.burmeseclassic.com

www.burmeseclassic.com



နောက် ဘင်ဂျမင်ဖရင်ကလင်ရဲ့ အဆိုကိုလည်း ကိုတာက ကိုးကားထားသေးတယ်။ ပျော်စရာဖြစ်မှ အားတက်သရောရှိတာတဲ့။ ပျော်တော့မှ ဉာဏ်ထက်တာတဲ့။ ငါးနှစ်အရွယ်ကလေးတွေဟာ တစ်နေ့ကို အကြိမ် ၁၀၀ လောက်ရယ်ပြီး ၄၅ နှစ်လောက်ရောက်လာရင် ၁၁ ကြိမ်လောက်သာရယ်တော့သတဲ့။ ဒါ့ကြောင့် ဖေဖေတို့တစ်တွေဟာ ကြီးလာလေလေ၊ ပညာရှာဖို့ကျဉ်းမြောင်းခက်ခဲလာလေလေ ဖြစ်ရတာပေါ့။ ဖေဖေတို့တစ်တွေ ပျော်စရာဖြစ်အောင် မနေတော့တာလေ။ ဉာဏ်တွေ တုံ့ဆိုင်းသွားပြီပေါ့။

တချို့မိသားစုတွေဟာ တော်တော့်ကို ပျော်စရာကောင်းပါတယ် သားရယ်။ အဖေနဲ့သမီး၊ အမေနဲ့သား၊ မောင်နဲ့နှမ စကြနောက်ကြ၊ ရယ်ကြမောကြ၊ ဖေဖေ့မိတ်ဆွေတစ်ယောက်ဆို တော်တော့်ကို အသားမည်းတယ်။ သူ့သမီးကလေးက ချောချော၊ ဖွေးဆွတ်လို့ သူက တစ်ခါတစ်ခါ သူ့သမီးကို

"ဟော့ ဖေဖေက ဘာအမွေမှမပေးနိုင်ဘူး။ အသားအရေနဲ့ အဆင်းလက္ခဏာအလှပဲ အမွေပေးနိုင်တာလို့ ဆိုလိုက်တဲ့အခါ တစ်အိမ်လုံးဝါးခနဲ၊ သူတို့ကိုကြည့်ပြီး ဖေဖေပျော်လိုက်တာ။

၈-၁၁-၂၀၀၆ BBC သတင်းတစ်ရပ်မှာ တရုတ်နိုင်ငံတောင်ပိုင်း၊ ဂွမ်းဒေါင်းပြည်နယ်၊ ရှန်ဇန်းရင်ပြင်မှာ နေ့စဉ် နံနက်တိုင်း လူ ၁၀၀၀ လောက်က နာရီဝက်တိတိ ရယ်နေကြလေသတဲ့။ Laughing club ဆိုလား၊ ပထမဆုံးအသင်းသားက ကျန်လီဆင်တဲ့။ ရယ်မော ပျော်ရွှင်တယ်ဆိုတာ လူ့ဘဝရဲ့ မရှိမဖြစ် အခန်းကဏ္ဍတစ်ခု သားရဲ့။

အေးကွာ၊ ဖေဖေကတော့ မိသားစုတိုင်းကို စကြ၊ နောက်ကြ၊ ရယ်ကြ၊ မောကြနဲ့ ဘဝကို စိမ်းစိုအောင်နေရင်း ဖြတ်သန်းပြီးမြောက်သွားကြစေချင်တာပါပဲ သားရယ်။

❐

## အိမ်မွေးတိရစ္ဆာန်တွေနဲ့ အိမ်ကလေး

## (တစ်)

သားရေ...

ဟိုးတစ်နေ့က ဖေဖေ အိမ်မှာရှိနေတုန်း နေကလေးလည်းသာတာနဲ့ သားရယ်၊ ဖေဖေရယ် အိမ်ရှေ့ထွက်ပြီး အေးအေးလူလူ ထိုင်နေဖြစ်ခဲ့ကြပါ ရော။ စာကလေးတွေ၊ စာကလေးတွေ ဖေဖေတို့အိမ်ရှေ့သရက်ပင်ပေါ်မှာ၊ မြေသည်းရိုးအုတ်တံတိုင်းပေါ်မှာ၊ လျှပ်စစ်မီးကြိုးတွေပေါ်မှာ ထပျံလိုက်ကြ၊ ဆင်းနားကြလိုက် အသံကလေးတွေက စာစာညံလို့။ သားက ထုံးစံအတိုင်း သူတို့ကို ဆန်ကျွေးဦးမယ် ဖေဖေရာ ဆိုပြီး ဆန်နို့ဆီဘူးတစ်ဝက် မရှိတရှိ လောက်ကို သွားခပ်လာပြီး၊ အိမ်ရှေ့သမံတလင်းပေါ် ဖြန့်ကြဲချလိုက်တော့ အပြည့်ပြည်ဆိုင်ရာ လေဆိပ်ကို လေယာဉ်တွေ ဆင်းလာတာကျနေတာပဲ၊ တစ်ကောင်ပြီး တစ်ကောင် ဆင်းဆင်းပြီး စားလိုက်ကြတာ သိပ်ချစ်ဖို့ ကောင်းတာပဲ။

ဖေဖေတို့အိမ် တံစက်မြိတ်မှာ စာကလေးအိမ်နှစ်လုံး ချိတ်ထားတယ် သားရဲ့။ သစ်သားအိမ် ပေါက်စနကလေးနှစ်လုံး။ သားပူဆာလို့ သားမေမေ က ဝယ်ချိတ်ပေးထားတာလေ။ စာကလေးတွေက ဝင်လိုက်ထွက်လိုက်နဲ့ သား ငေးငေးက အဲသည့်မြင်ကွင်းကို ထိုင်ကြည့်ပြီး၊ သူတို့မှာ ခုတင်ရှိလား ဖေဖေ၊ သူတို့မှာ အိမ်သာရှိလား ဖေဖေ၊ သူတို့မှာ ကုလားထိုင်ရှိလား ဖေဖေ နဲ့ တစ်မေးတည်း မေးနေတော့တာပဲ။ စပါးသီးတဲ့ရာသီတွေမှာ ဖေဖေတို့ ဈေးထဲကို စပါးတွဲ လာလာရောင်းတတ်ကျတာမို့ ဝယ်ပြီးချိတ်ထားပေး လိုက်ရင်၊ စပါးတွဲမှာ တွဲလွဲခိုနားပြီး စားနေကျပုံမြင်ကွင်းဟာ သိပ်အသက် ဝင်တာပဲ။ ဒါကိုသားက သဘောကျတဲ့အတွက် ဖေဖေ ကျေနပ်မိတယ်။

www.burmeseclassic.com





လူတွေဟာ တိရစ္ဆာန်ကလေးတွေကို ချစ်ဖို့မလိုအပ်ဘူးလား။ ဒါမှ တုတ် လိုအပ်သလား။ တော်တော့ကို စဉ်းစားဖို့ကောင်းတဲ့ကိစ္စ သားရဲ့။ ဖေတို့ရဲ့ ဘဝဟာန်ချက်၊ ဖေဖေတို့ရဲ့ စိတ်နေစိတ်ထား ပျော့ပျောင်းမှု၊ သတ်တောင့်ခဲမှု၊ လုပုံ၊ အရုပ်ဆိုးပုံတွေနဲ့ရော မပတ်သက်နိုင်ဘူးလား။ တ်ဝင်စားဖို့ ကောင်းပါတယ်လေ။

(နှစ်)

သားရေ...။

ဖေဖေတို့ငယ်ငယ်က ကလေးကဗျာကလေးတွေ သိပ်ဆိုခဲ့ကြတာ သားရဲ့။ ပါပီကလေးကဗျာကို အခုထိ ဖေဖေ သတိရတယ်။

ပါပီကလေး ပုတုတု
သူ့စကားက ဝုဝုဝု။
သူ့စကား လူမသိ
လူ့စကား သူမသိ
သနားပါဘိ။

ပုတိုတိုခွေးကလေး တစ်ကောင်ရဲ့အကြောင်းပေါ့။ ဝုဝုနဲ့ပဲ အော်တတ် ခွေးကလေး၊ လူ့စကားကို နားမလည်တဲ့ ခွေးကလေး၊ နောက် ရွှေခဲ က်တူရွေး ကဗျာကလေးကိုလည်း ဖေဖေအခုထိ သတိရဆဲပဲ။

ကြက်တူရွေး ကြက်တူရွေး
ရွှေခဲကြက်တူရွေး။
ညီပုလေးကို စာအံသင်
ရွှေခဲ စာအံသင်။
ညီလေးခင်က စာပြန်တုန်း
ရွှေခဲစာပြန်တုန်း။
ဝလုံးရေးဖို့ ညီလေးထိုင်
ရွှေခဲမရေးနိုင်။
ဆေးမှိုင်ရှာပေါ့ ကြက်တူရွေး
ရွှေခဲကြက်တူရွေး။

စာဆိုတဲ့အခါ လိုက်ဆိုနိုင်ပြီး ရေးတဲ့အခါ မရေးနိုင်ရှာတဲ့ ကြက်တူရွေး တစ်ကောင်ရဲ့အကြောင်းပေါ့။ ကဗျာဆရာကြီး မင်းသုဝဏ်နဲ့ ဒေါက်တာ

www.burmeseclassic.com

www.burmeseclassic.com



မောင်ဖြိုးဆိုတဲ့ ကဗျာဆရာကြီးတို့က ရေးဖွဲ့ပေးထားတာ။ ဟုတ်တယ် သားရဲ့။ အိမ်မှာ ခွေးကလေးတွေ၊ ကြောင်ကလေးတွေ၊ ငှက်ကလေးတွေ မွေးထားတာ လူကို စာနာစိတ်ဖြစ်ပေါ်စေတယ် သားရဲ့။ စာနာစိတ် (Sympathy) ဟာ အလွန်အရေးကြီးပြီး လူ့အဖွဲ့အစည်းကို ခိုင်မြဲအောင် ချည်နှောင်ထားတာ။ အဲသည့်စာနာစိတ်လို့ ဆရာကြီး ဒေါက်တာကျော်စိန်က ၂၀၀၄ ဖေဖော်ဝါရီထုတ် idea မဂ္ဂဇင်းတစ်နေရာမှာ ရေးခဲ့တာကို ဖေဖေ အမှတ်ရနေမိတယ်။ မိသားစုတိုင်းမှာ စာနာစိတ်ဖွံ့ဖြိုးတာ မကောင်းဘူးလား။

## (သုံး)

၂၀ ရာစုရဲ့ ရူပဗေဒ သူရဲကောင်းကြီးဖြစ်တဲ့ အိုင်းစတိုင်း (Albert Einstein) ကို သားသိမှာပါ။ ၁၈၇၉ မှာမွေးပြီး ၁၉၅၅ မှာ ကွယ်လွန်ခဲ့တဲ့ ရူပဗေဒပညာရှင်ကြီးပေါ့။ သူက တိရစ္ဆာန်တွေကို သိပ်ချစ်တာပဲနော်။ တစ်ခါမှာတဲ့၊ ဆေးတက္ကသိုလ်ကျောင်းသားတစ်စုက မွေးနေ့လက်ဆောင်အဖြစ်နဲ့ ကြက်တူရွေးကြီးတစ်ကောင် လက်ဆောင်ပေးသတဲ့။ အဲသည့်ကြက်တူရွေးကြီးက မှိုင်တိုင်တိုင် ဖြစ်နေတဲ့အခါ အိုင်းစတိုင်းက ကြက်တူရွေးကြီး စကားပြောလာအောင်ဆိုပြီး စကားတွေသွားပြော၊ နောက်ပြောင်နေခဲ့လေသတဲ့။ အိုင်းစတိုင်းက ကြောင်လည်း မွေးထားတာပဲ။ သူ့အခန်းနဲ့ အိမ်ထဲက တခြားအခန်းမှာ ကြောင်တွေ လွတ်လွတ်လပ်လပ် ကူးလို့ရအောင်ဆိုပြီး အပေါက်ခပ်ကြီးကြီး တစ်ပေါက်နဲ့ အသေးတစ်ပေါက် ဖောက်ပေးထားခဲ့ဖူးပါရော။ အကြီးက ကြောင်မေမေဝင်ဖို့၊ အသေးက သားလေးဖို့လို့ဆိုတဲ့အတွက် အိုင်းစတိုင်း ကြောင်ပုံ ကမ္ဘာကျော်သွားခဲ့တယ် မဟုတ်လား။

သားရေ။ အင်္ဂလန်ရဲ့ သတ္တမမြောက် အက်ဒွပ်ဘုရင် (King Edward VII) ကြီးနဲ့ သူ့ရဲ့ ခွေးကလေးဆီဆာ (Caesar) တို့ရဲ့ သံယောဇဉ်ဟာလည်း သိပ်ကို စိတ်ဝင်စားဖို့ကောင်းတယ်။ ၁၉၁၀ မှာ ဘုရင်ကြီး ကွယ်လွန်တဲ့အခါ အဲသည့် ခွေးကလေးဆီဆာက မင်းညီမင်းသားတွေရဲ့ရှေ့က နေရာယူပြီး အသုဘအခမ်းအနားကို လိုက်ပါ ပို့ဆောင်လေသတဲ့လေ။ နောက် မိုးဇက် (Mozart) ဆိုတာကိုရော သား ကြားဖူးမှာပေါ့။ ဩစတြီးယားပြည် ဆော်ဇဘတ် (Salzburg) မြို့သား ကမ္ဘာကျော် ဂီတပညာရှင်ကြီး။ ၁၇၉၁ မှာ သူဆုံးတော့ မိုးတွေ လေတွေကြားထဲမှာ လိုက်ပို့သူ ၆ ယောက်ပဲ ပါတယ်တဲ့။ သူ့ခွေးကလေး ကတော့ သူ့ခေါင်းတလားနောက်မှာ သချိုင်းရောက်တဲ့အထိ လိုက်ပို့လို့တဲ့။ သိပ်သစ္စာရှိကြတာပဲနော်။



ကဗျာဆရာကြီး မင်းသုဝဏ်ရှိတုန်းက ဆရာ့အိမ်ကို ဖေဖေရောက်သွားနေတယ်။ တစ်ခြံလုံး ငှက်ကလေးတွေချည်းပဲ သားရယ်။ တွန်ကျူးသံပေါင်းစုံဆို သိပ်ကြည်နူးဖို့ကောင်းတာပဲ။ နောက် ပန်းချီဆရာတစ်ယောက်ရှိသေးတယ်။ ကိုတင်မောင်မျင့်တဲ့။ ဘာသာပြန်စာအုပ်မျက်နှာဖုံးဆို သူ့လက်ရာတွေချည်းပဲ။ သူကတော့ ကြောင်ချစ်တဲ့ ပန်းချီဆရာပေါ့။ သူ့အိမ်မှာ ကြောင်တွေချည်းပဲ။ အရောင်စုံ၊ အရွယ်စုံ။

လူတွေဟာ ကိုယ်နဲ့အတူနေလို့ရမယ့် သတ္တဝါကလေးတွေကို မွေးကြတာ ဘာမှမဆန်းပါဘူးလေ။ ကြောင်တို့၊ ခွေးတို့၊ ငှက်တို့ကအစ ယုန်ကလေးတွေ၊ ငါးကလေးတွေအဆုံး အမြတ်တနိုး မွေးကြတာပါပဲ။

ဒေါက်တာသိန်းလွင်ဆိုတာ Early childhood Development specialist တစ်ယောက်ပေါ့၊ ဆရာကတော့ ဖေဖေ့မိတ်ဆွေ စာရေးဆရာကိုတာရဲ့ sitha lumbini pre- school မှာ စိတ်ပညာအကြံပေးလုပ်နေသူပါ သားရယ်။ အဲသည့် ဆရာရဲ့ မိဘတို့ရဲ့ သူငယ်ဥယျာဉ်ဆိုတဲ့စာအုပ် ဖေဖေဖတ်ဖူးတယ်။ အဲသည့်စာအုပ်ထဲမှာ ဒေါက်တာသိန်းလွင်က ကလေးကို တိရစ္ဆာန်တစ်ကောင် မွေးပေးဖို့၊ သူ့အကြိုက်ကို သူရွေးချယ်စေဖို့ လမ်းညွှန်ထားတာ ဖေဖေ ဖတ်လိုက်မိတယ်၊ ကလေးအတွက် အဖော်ဖြစ်စေတယ်တဲ့။ အစာကျွေးခိုင်း၊ ရေတိုက်ခိုင်းပါတဲ့၊ တာဝန်ယူစိတ်ဖြစ်ပေါ်စေတယ်တဲ့။

မှန်တယ်သားရဲ့။

တိရစ္ဆာန်ကလေးတွေဟာ ကလေးကိုသာမက လူအားလုံးကို အဖော်ဖြစ်စေတယ်လေ။ ပြီးတော့ လူဟာအထူးသဖြင့် ကလေးတွေဟာ တုံ့ပြန်မှု (Response)ကို သိပ်လိုချင်ကြတာပေါ့။ ဒါကို တိရစ္ဆာန်ကလေးတွေက ပေးနိုင်တယ်လို့ ဖေဖေထင်တာပါပဲ။ ငါးမွေးကန်ထဲကို ငါးစာကလေးတွေ ချလိုက်လို့ ငါးကလေးတွေပြေးလာကြတဲ့အခါ၊ ပုစီကလေးရဲ့ ခေါင်းကိုပွတ်ပေးလို့ အမြီးကြီးထောင်လာတဲ့အခါ၊ ကိုယ်အပြင်ကပြန်လာလို့ ခွေးကလေးက အမြီးတနန့်နန့်နဲ့ မတ်တတ်ရပ်ပြီး ဖက်လဲတကင်း ပြေးကြိုတဲ့အခါ၊ ဖေဖေတို့ စိတ်ကျေနပ်မှု ရကြစမြဲလေ။ အမေရိကန်မိသားစုတွေဆိုရင် မိဘနှစ်ပါး၊ သားတစ်၊ သမီးတစ်၊ ခွေးတစ်ကောင်စုစည်းမှုကို သိပ်ကြိုက်ကြတာတဲ့။ ခွေးလိမ္မာတစ်ကောင်နဲ့ ဆော့ရင်း၊ ကစားရင်း၊ အစာကျွေးရင်း၊ လမ်းလျှောက်ရင်း စိတ်ဖိစီးမှု(Stress)ကိုတောင် လျော့ကျစေသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကြင်နာတတ်တဲ့ စိတ်နေစိတ်ထား၊ စာနာတတ်တဲ့ စိတ်ခံစားမှု၊ အဖော်နဲ့အတူနေရတဲ့ စိတ်ဓာတ်လုံခြုံမှု၊ တုံ့ပြန်မှုအတွက် ကျေနပ်ပြည့်စုံခြင်း၊ တာဝန်ယူလိုတဲ့စိတ် စတာတွေကို ပေးစွမ်းနိုင်တဲ့အတွက် ဖြစ်နိုင်ရင် အိမ်မွေး တိရစ္ဆာန်ကလေးတစ်ကောင်ကောင် မွေးထားတာဟာလည်း မိသားစု စိမ်းစိမ်း စိုစိုတွေမှာ လိုအပ်လှတယ်လို့ ဖေဖေကတော့ ထင်နေမိတာပါပဲ သားရယ်။

□

# ပုံရိပ်တွေနဲ့ အိမ်ကလေး

## (တစ်)

သားရေ...။

လွန်ခဲ့တဲ့ တစ်လလောက်တုန်းက ဖေဖေနဲ့ ညီအစ်ကိုလို ခင်နေတဲ့ လူတစ်ယောက် ဖေဖေတို့အိမ်ကို ရောက်လာတာ သားမှတ်မိဦးမယ်ထင်တယ်။ သူက ဖေဖေ့အောက်ကို ၁၀ နှစ်လောက် ငယ်မယ်လို့ ဖေဖေခန့်မှန်းတာပါပဲ။ အပြင်မှာ စာကလေးဘာလေး သင်ရင်းနဲ့ N.G.O တစ်ခုမှာ အလုပ်လုပ်နေတဲ့ သူပေါ့။ ရည်ရည်မွန်မွန်နဲ့ ခေတ်ပညာတတ် လူငယ်တစ်ယောက်ပါပဲလေ။

သူက အဲသည့်နေ့က ညည်းတယ် သားရဲ့။ လူငယ်တွေနဲ့ ပတ်သက်နေရတဲ့ လူတစ်ယောက်ဆိုတော့ လူငယ်တွေနဲ့ဆိုင်တာကိုပဲ ညည်းတာပေါ့လေ။ သူက ပိတောက်ပွင့်သစ် မဂ္ဂဇင်းကို လစဉ်ဝယ်ဖတ်တဲ့ သူပါတဲ့။ တစ်လမှာ မျက်နှာဖုံးက သခင်ကိုယ်တော်မှိုင်းပုံကို တင်ထားတာ အရမ်းလှတာပဲတဲ့။ အဲဒါနဲ့ screenဖတ်ပြီး သူ့ Lap top ကွန်ပျူတာရဲ့ window မှာ တင်ထားလိုက်ပါသတဲ့။

စိတ်ကူးကောင်းလိုက်တာ။ ဟုတ်တယ်၊ ပန်းချီ ကိုဝသုန်ရဲ့လက်ရာက တော်တော့်ကို ကောင်းတာ။ မြန်မာဆန်တဲ့ ပုံရိပ်တွေနဲ့ မေတ္တာကရုဏာ ကြီးမားတဲ့ မျက်လုံးတွေဟာ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ ပုံထဲမှာ ပေါ်ထင်းသားပဲ။ သူ့ Lap top ကွန်ပျူတာကလေးကို ဘယ်အချိန် ဖွင့်လိုက် ဖွင့်လိုက်၊ သည်ပုံရိပ်ကြီးက ပထမဦးဆုံး Window မှာ တက်လာမြဲ။

ဒါပေမယ့်တဲ့ သူ စိတ်ညစ်သွားမိတာတစ်ခုက သည်ပုံကို ပထမဆုံး မြင်မိတွေ့တဲ့ လူငယ်တိုင်း၊ လူငယ်တိုင်းက သူ့ကို ဒါဆရာဘိုးပုံလား၊

www.burmeseclassic.com

www.burmeseclassic.com





...အဘိုးက ကျက်သရေရှိလိုက်တာနော်နဲ့ ပြောလာတာကိုပါပဲတဲ့။ သူ့အမေ ...ဒါဟာ သခင်ကိုယ်တော်မှိုင်းဖြစ်ကြောင်း၊ အစချီကာ ရှင်းရှင်းပြရတာကို ...မလေးပေမဲ့ သည်လိုဖြစ်နေတဲ့ အခြေအနေမျိုးကို ရင်ထဲမှာ ဘဝင်မတွေ့ ...တဲ့အကြောင်း ဖေဖေ့ကို ပြောပြနေခဲ့တာပါ။

ဖေဖေကတော့ ရယ်မောနေရုံကလွဲပြီး သူ့စကားကို မအံ့သြမိပါဘူး ...ရယ်။ ဘာ့ကြောင့်လဲဆိုတော့၊ ဖေဖေ ဒုတိယနှစ် ကျောင်းသားဘဝတုန်း ... ဖေဖေတို့အိမ်ကို လိုက်လာတဲ့ တက္ကသိုလ်ကျောင်းသား သူငယ်ချင်းက ...သည်း အိမ်နံရံမှာ ချိတ်ဆွဲထားတဲ့ သခင်ကိုယ်တော်မှိုင်းဓာတ်ပုံကို ကြည့်ကာ ...သည်အတိုင်းပဲ မေးခဲ့ဖူးသေးတာကိုး။ ဒါ မင်းအဘိုးပုံလားတဲ့။

(နှစ်)

သား မှတ်မိဦးမလား မသိဘူး။

တစ်ခါတုန်းက ဖေဖေတို့မိသားစု ရွှေတိဂုံဘုရားကို တက်ဖူးခဲ့ကြတာ ... ဘုရားပေါ်ကဆင်းတော့၊ တက်ခဲ့ကြတဲ့ အရှေ့ဘက်မုခ်ကို ပြန်မလှည့် ...ဘဲ တောင်ဘက်မုခ်ကနေဆင်းဖို့ ဖေဖေ ရွေးချယ်လိုက်မိတယ်။ အဲသည် ...မှာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၊ သီပေါ်ရဲ့ မဟေသီ ...လတ်၊ ဗိုလ်ချုပ်အောင်ဆန်းရဲ့ဇနီး ဒေါ်ခင်ကြည်၊ ဆရာကြီး သခင်ကိုယ် ...မှိုင်းတို့ရဲ့ ဂူဗိမာန်တွေ ရှိတယ်လေ။ ဖေဖေက အဲသည့်ဂူဗိမာန်တွေကို ... သားတို့ကို သူတို့အကြောင်းတွေ ပြောပြချင်တာပါ။

မှတ်မိသေးတယ်။ ဖေဖေငယ်ငယ်တုန်းက စနေ၊ တနင်္ဂနွေ ကျောင်းပိတ် ...တာနဲ့ လူကြီးတွေက ဗိုလ်ချုပ်ပြတိုက်ကို ခေါ်သွားတယ်။ ဗိုလ်ချုပ်ကြေး ...တို့ ခေါ်သွားတယ်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ဂူဗိမာန်ကို ခေါ် ...တယ်။ သမိုင်းပုံရိပ်တွေဟာ ဖေဖေတို့ ငယ်ဘဝတွေနဲ့ မစိမ်းလှဘူးသားရဲ့။ ...င်ကရ နေရာတွေ။ အထူးသဖြင့် အရုပ်တွေဟာ ဖေဖေတို့ကို ပြုပြင်ပြောင်း ... နေရာမှာ ကြီးစွာသော အထောက်အပံ့လို့ ဖေဖေက ယုံမိတယ်။

ဥပမာ ဗိုလ်ချုပ်ကြေးရုပ်။ လန်ဒန်မြို့ အနုပညာ သိပ္ပံကျောင်းအုပ်ဆရာ ...နေတာ ကော့ပ်နောလ်ရဲ့ လက်ရာတဲ့။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဓာတ် ...ကြည့်လုပ်တာတဲ့ သားရဲ့။ ရွှံ့ရုပ်ကို အရင်လုပ်ပြီးမှ ကြေးရုပ်သွန်းတယ်ဆို ... ကန်တော်ကြီးစောင်းမှာ အခုရှိနေတဲ့၊ ရုစ်ပေနဲ့ လေးလက်မမြင့်တဲ့ ...ကြီးဟာ သိပ်အသက်ဝင်တာပဲ။ ခါးကလေးကို ကိုင်းညွှတ်ထားပုံ၊ လက်

www.burmeseclassic.com



တစ်ဖက်ကို အနောက်မှာထားပြီး၊ တစ်ဖက်က လက်ကို အရှေ့ဆီ ဆန့်တန်းလို့ အမှာစကားပြောနေပုံတွေကို ကျောင်းသားအရွယ် ကလေးဘဝကတည်းက မော့ကြည့်ခဲ့ရတာပေါ့။ သည်အရုပ်အတွက် ဉာဏ်ပူဇော်ခငွေ စတာလင်ပေါင် ၂၀၀၀ ပေးခဲ့ရသတဲ့။ သမ္မတကြီး ဒေါက်တာဘဦးက ၁၉၅၅ ဖေဖော်ဝါရီ ၁၃ မနက် ၇ နာရီ ၅၅ မှာ ဖွင့်ပေးခဲ့တာတဲ့။ ကြေးရုပ်အောက်ခံခုံက စာသားတွေကိုတော့ ဝန်ကြီး ဦးထွန်းဝင်းတို့၊ ဆရာဇော်ဂျီတို့၊ ဆရာမင်းသုဝဏ်တို့၊ ဦးသန့်တို့၊ ဗိုလ်မှူးဘရှင်တို့က ရေးသားခဲ့ကြတာလို့ ဖေဖေ မှတ်သားခဲ့ဖူးတယ်၊ သားရဲ့။ ဗိုလ်ချုပ်ကြေးရုပ်ကို မြင်တဲ့အခါ ဗိုလ်ချုပ်ရဲ့ ရိုးသားမှု ဖြောင့်မတ်မှု၊ စွန့်လွှတ်မှု၊ အနစ်နာခံမှု၊ ကိုယ်ကျိုးမရှာမှုတွေကို အားကျစိတ် ဖြစ်ပေါ်လာမိတာ အမှန်ပါပဲလေ။

ခနေပြည်မြို့မှာရှိတဲ့ မဟာဗန္ဓုလ ကြေးရုပ်ကိုရော၊ သား သဘောမကျဘူးလား။ ရှေ့ခြေနှစ်ဖက်စလုံးကို မြှောက်ထားတဲ့ မြင်းပေါ်က စစ်သူကြီး မဟာဗန္ဓုလ၊ ဘကြီးတော်ဘုရားရဲ့ တပ်မတော်ထဲက စစ်သူကြီး မဟာဗန္ဓုလ၊ အင်္ဂလိပ်ကို ရင်ဆိုင်ခဲ့တဲ့ စစ်သူကြီး မဟာဗန္ဓုလ၊ တိုက်ပွဲမှာကျဆုံးခဲ့တာမို့ ရှေ့ခြေနှစ်ဖက်ကို မြှောက်ထားတာတဲ့ သားရဲ့။ ပြည်ရွှေဆံတော်ဘုရားနားက ဗိုလ်ချုပ်မြင်းစီးရုပ်ကိုရော သားမကြုံက်ဖူးလား။ ဖေဖေကတော့ ပြည်ရောက်တိုင်း၊ သွားသွားကြည့်မိတယ်။ ပန်းပုဆရာကြီး ဦးဟန်တင်ရဲ့ ပလာစတာလက်ရာတဲ့ သားရဲ့။ သိပ် လက်ရာမြောက်တာပဲ။ မြင်းရဲ့ရှေ့ခြေတစ်ဖက်ကြွထားတာကတော့ အလုပ်ကြံခံရခြင်းရဲ့ သင်္ကေတပေါ့။ မန္တလေးဘူတာကြီးနဲ့ မလှမ်းမကမ်း မီးရထားစာကြည့်တိုက်ရှေ့က ဆရာကြီး ရွှေဥဒေါင်း ကိုယ်တစ်ပိုင်း ရုပ်တုကိုရော၊ ဖေဖေ သိပ်သဘောကျတာပဲ။ စုံထောက်ကြီး ဦးစံရှားတို့၊ ဘဝတစ်သက်တာမှတ်တမ်းတို့၊ ရတနာသိုက်တို့ရဲ့ လက်ရာရှင်၊ ခွန်အားရှိသော စကားပြေနဲ့ ညက်ညောတဲ့ ဘာသာပြန် ဆရာကြီးရဲ့ ရုပ်တုကို ကြည့်ရင်း ဖေဖေ အားကျလိုက်တာ။

သည်လိုပါပဲ သားရယ်၊ ဟင်္သာတခရိုင် နိဗ္ဗာန်ရွာက အမျိုးသား၊ ပညာဝန် ဦးဖိုးကျားရဲ့ ရုပ်တု၊ ဖျာပုံမြို့က ဆရာဇော်ဂျီရဲ့ ရုပ်တု၊ မန္တလေးက ရွှာစားကြီး စိန်ဗေဒါ၊ နန်းတော်ရှေ့ ဆရာတင်၊ ဒေါ်စောမြအေးကြည်တို့ရဲ့ ရုပ်တုတွေဟာ ဖေဖေတို့ရဲ့ အားကျစိတ်၊ အတုယူစိတ်တွေကို တွန်းအားပေးနိုင်တာကတော့ အမှန်ပဲလို့ ဖေဖေ ထင်မိတယ်။



## (သုံး)

ဆရာဇော်ဂျီနဲ့ ဆရာမင်းသုဝဏ်တို့ နှစ်ယောက်ပေါင်းရေးတဲ့ ခရီးသည်ဆိုတဲ့ စာအုပ်ကို ဖေဖေ ဖတ်ဖူးတယ် သားရဲ့။ အဲသည့် စာအုပ်ထဲမှာ ဆရာဇော်ဂျီက မြေထဲပင်လယ်အဝင် ပို့ဆက်မြို့ထိပ်မှာ ပြင်သစ်လူမျိုး ဖာဒီနင်ဒီလက်ဆပ်ရဲ့ ရုပ်တုကိုထားရှိပုံ၊ ကမ္ဘာကျော် စူးအက်တူးမြောင်းကို ဖောက်ခဲ့သူဖြစ်လို့ အမှတ်တရ ရုပ်တုပြုလုပ်ထားခြင်း၊ ဖြစ်ပုံတွေကို ရေးထားတယ် သားရဲ့။ ဒါ့အပြင် ပြင်သစ်နိုင်ငံ မာဆေးမြို့ကို ရောက်တဲ့အခါ၊ တစ်မြို့လုံး ကျောက်ရုပ်တွေ ထုထားတာကို တွေ့ပုံ၊ လန်ဒန်မြို့ကို ရောက်သွားတဲ့အခါမှာလည်း လမ်းဆုံလမ်းခွတိုင်းမှာ၊ ကမ်းနားမှာ၊ အဆောက်အအုံတွေထဲမှာ ထားရှိတဲ့ ရုပ်တုတွေက မျက်စိနှင့် မလွတ်အောင်ရှိပုံတွေကိုလည်း ဆရာဇော်ဂျီက ထည့်ရေးထားခဲ့သေးတယ် သားရဲ့။ ဖေဖေစွဲသွားတာက ခရီးသွားမှတ်တမ်းဆုံးသူ ဆရာဇော်ဂျီရဲ့ သုံးသပ်ချက်ပါ။

'ရှုမြင်သူတို့၏ စိတ်ဓာတ်ကိုကား မပြုပြင်ဘဲ နေမည်မဟုတ်။ ပြုပြင်ဆဲလျက်နေမည်ကား မလွဲတည်း။ အနည်းဆုံး လူငယ်လူရွယ်တို့၏ စိတ်ဓာတ်တို့ ပြုပြင်ပေးမည်ကား မလွဲတည်း'တဲ့။

ဟုတ်တယ်။ Hero (သူရဲကောင်း) လို့ပဲခေါ်ခေါ်၊ Ideal Character (စံဓာတ်ရုပ်) လို့ပဲဆိုဆို၊ Role Model (စံပုဂ္ဂိုလ်) လို့ပဲပြောပြော၊ Self Image (အတ္တပုံရိပ်) လို့ပဲ သတ်မှတ်သတ်မှတ်၊ Ego Ideal (အတ္တစံပြ) လို့ပဲအမည်ပေးပေး သားတို့ဟာ တစ်ယောက်ယောက်ကို အားကျဖို့တော့ လိုမယ်ထင်တယ်လေ။ ရှိတ်စပီးယားဖြစ်နိုင်သလို၊ ဒေးဗစ်ဘက်ခမ်းလည်း ဖြစ်နိုင်တာပေါ့။ တိုက်ဂါးဝုဒ် ဖြစ်နိုင်သလို၊ ဘီလ်ဂိတ်လည်း ဖြစ်နိုင်တာပေါ့။ ချေဂွေဗားရား ဖြစ်နိုင်သလို၊ ရော်ဘင်ဟုဒ်လည်း ဖြစ်နိုင်တာပေါ့။ စွမ်းသော၊ လူကောင်းသော၊ လူချွန်သော၊ လူမွန်သော၊ လူတွေရဲ့ ဓာတ်ပုံတွေ၊ ပန်းချီကားတွေ၊ ရုပ်တုတွေနဲ့ သားတို့လို လူငယ်တွေနဲ့ ရင်းနှီးအောင် ဖေဖေတို့က လုပ်ပေးသင့်တယ်လို့ ထင်မိတာပဲ။

## (လေး)

ဟိုတလောကလေးက ဖေဖေ ရှမ်းတောင်တန်းတွေပေါ် ရောက်သွားသော၊ ဆရာဒဂုန်တာရာရဲ့ အောင်ပန်းကို ခဏဝင်ဖြစ်သေးတယ်။ ဆရာစာအုပ်

www.burmeseclassic.com



စင်ပေါ်မှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ပန်းပုရုပ်ကလေး။ သိပ်ကို ကျက်သရေရှိတာပဲ။

တောင်ငူမြို့က သချှာဆရာကြီး တစ်ယောက်ကကျတော့ ဆိုကရေးတီးစ်၊ ပိုက်သာဂိုပ်စ် စတဲ့ သချှာပညာရှင်ကြီးတွေရဲ့ ပုံတူပန်းချီကားကြီးတွေကို အိမ်အပေါ်ထပ်တစ်ခုလုံးမှာ ချိတ်လို့။

ဖေဖေ့မိတ်ဆွေ ဆရာဝန်ကလေး တစ်ယောက်ကကျတော့ တစ်မျိုး၊ သူ့အခန်း တစ်ခုလုံး ပလတ်စတစ်လောင်းပြီး ကပ်ထားတဲ့ ဓာတ်ပုံတွေက အပြည့်၊ မဟတ္တမဂန္ဒီလည်းပါရဲ့၊ မော်စီတုန်းလည်း ပါရဲ့၊ ကလင်တန်လည်း ပါရဲ့၊ နယ်လ်ဆင်မင်ဒဲလ်လားလည်းပါရဲ့။ မာဂရက်သက်ချာလည်းပါရဲ့။ ဒလိုင်းလားမား၊ ချေဂွေဗားရား၊ ဟိုချီမင်း၊ မာသာထရီဆာ၊ ငုယင်ဗန်ထရှိုင်း၊ ကျော့ဝါရှင်တန်၊ လင်ကွန်း၊ ဂေါ်ဘာချော့၊ ကိုရာဇန်အကွီနို၊ အင်ဒီရာဂန္ဒီ အများကြီးမှ အများကြီးပါပဲ သားရယ်။

မနုနုရည်(အင်းဝ)က ကျတော့ ဧည့်ခန်းထဲမှာ ဗန်းမော်တင်အောင် ပန်းချီကားကြီးကို ချိတ်လို့။

သားကရော ဖေဖေတို့ အိမ်ကလေး အဓိပ္ပာယ်ရှိသွားအောင်၊ အသက်ဝင်လာအောင်၊ စိမ်းစိုသွားအောင်၊ ဘယ်သူ့ ရုပ်ပုံပါတဲ့ ပန်းချီကားချပ်၊ ဓာတ်ပုံ၊ ရုပ်တုတစ်ခုခုကို ထားရှိချင်သလဲ။ ဒါကတော့ သားအကြိုက်၊ သားကိစ္စ၊ သားရဲ့ ရွေးချယ်မှု၊ ဖေဖေနဲ့ဇတော့ မတူနိုင်ဘူးပေါ့။ ဘာပဲဖြစ်ဖြစ် ပေါ့သားရယ်၊ ဖေဖေက သားကို ဖြစ်စေချင်တာက တစ်ခုပါပဲ။

ပုံရိပ်တွေကို အမှုမဲ့၊ အမှတ်မဲ့ မနေဖို့၊ မြတ်နိုးတန်တာ မြတ်နိုးဖို့၊ လေးစားတန်တာ လေးစားဖို့၊ အားကျတန်တာ အားကျဖို့၊ ဒါလေး တစ်ခုပါပဲ သားရယ်။

▢

# စာအုပ်တွေနဲ့အိမ်ကလေး

## (တစ်)

သားရေ...

မနှစ်က စာပေဟောပြောပွဲ ခရီးစဉ်တစ်ခုမှာ ဆရာဖေမြင့်နဲ့အတူ ဖေဖေ ခရီးသွားဖြစ်ခဲ့သေးတယ် သားရဲ့။ ဆရာဖေမြင့်နဲ့အတူ ဖေဖေ စင်ပေါ်တက်ခဲ့တဲ့ ပွဲတွေဟာ မနည်းတော့ပါဘူးကွာ၊ အဲသည့် တစ်ခေါက်မှာတော့ ခရီးသွားရင်းနဲ့ ဖေဖေတို့တတွေ စာကြည့်တိုက်ကြီးတွေအကြောင်း ပြောဖြစ်ခဲ့ကြတဲ့အခါ၊ နိုင်ငံရပ်ခြား အတွေ့အကြုံရှိသူ ဆရာဖေမြင့်က စင်ကာပူနိုင်ငံက စာကြည့်တိုက်ကြီးတွေအကြောင်း ပြောလာတော့၊ ဖေဖေတို့တွေ ပါးစပ်အဟောင်းသားပေါ့။ စာကြည့်တိုက်ကြီးတွေက အထပ်တွေ အများကြီးတဲ့၊ သားရဲ့။ စာအုပ်ကို ညအချိန်မှာပါ ပြန်အပ်လို့ရအောင် စီစဉ်ထားတာတဲ့။ ဖေဖေတို့ဆီက စာထည့်တဲ့ စာတိုက်ပုံးကြီးတွေလို နေမှာပေါ့။ အပေါက်ထဲ အသာကလေး ထိုးထည့်လိုက်ရုံ၊ စာဖတ်တဲ့အခန်းတွေ အထပ်တွေကလည်း သူ့နေရာနဲ့သူ။ Zero to Five ဆိုတဲ့ အခန်းတောင် ရှိသတဲ့။ ဖေဖေက အဲဒါကို အံ့သြသဘော ကျသွားမိတာပါ။

'အသက်သုညကနေ ငါးနှစ်အထိဆိုတာက တစ်ထပ်ဗျ၊တချို့စာတောင် ခု မဖတ်တတ်ကြသေးဘူး။ အရုပ်များများနဲ့ စာအုပ်အမျိုးမျိုး ချထားပေးတာပေါ့။ ကြည့်တဲ့ကလေးကကြည့်၊ ဆွဲဖြဲတဲ့ကလေးကဆွဲဖြဲ၊ စာရွက်အလွတ်တွေ အလွတ်တွေကလည်း အများကြီးချထားပေးတာဆိုတော့ ပုံဆွဲကြ၊ ခဲတံတွေ၊ ဆောလ်ပင်တွေနဲ့ လျှောက်ခြစ်ကြ၊ ထင်ရာ လုပ်နေကြတာ ဘာပြဿနာမှ မရှိဘူး။ နောက်မှ ဝန်ထမ်းတွေက ပြန်သိမ်း။

www.burmeseclassic.com





ဆရာဖေမြင့် ပြန်ပြောနေတဲ့ အတွေ့အကြုံတွေဟာ သိပ်ကို တန်ဖိုးရှိတာပဲ။ ကလေးတွေက စာမဖတ်တတ်ခင်ကတည်းက စာအုပ်တွေနဲ့ ရင်းနှီးအောင်၊ စာအုပ်တွေကို ချစ်အောင်၊ စာအုပ်တွေရှိရာကို လာချင်အောင်၊ ပျိုးထောင်နေတာဟာ သူတို့ အနာဂတ်ကို ပျိုးထောင်နေတာပဲပေါ့။

မကြာသေးခင်က နှစ်တွေထဲမှာတုန်းက ဆီဒိုးနားဟိုတယ်မှာ ကျင်းပသွားတဲ့ မူလတန်းနဲ့ မူလတန်းအကြို စာကြည့်တိုက်သေတ္တာပေးအပ်ပွဲ အခမ်းအနားမှာ တာဝန်ရှိသူတွေက စာမဖတ်တတ်သေးခင်ကတည်းက ကလေးကို အသံကျယ်ကျယ်နဲ့ စာဖတ်ပြဖို့၊ ကလေးကို စာရွက်တွေပေါ်မှာ ရေးခြစ်ခိုင်းဖို့ တိုက်တွန်းထားပြီး အဲသည့်ကလေးဟာ တခြားကလေးထက် စာပေချစ်စိတ် ရှစ်ဆပိုတယ်လို့ သုံးသပ်ပြထားပုံဟာ ဖေဖေတို့တွေ အလေးအနက် သတိထားရမယ့်အချက်လို့ ဖေဖေ ထင်မိတယ်။ ကမ္ဘာကျော် ဘောလုံးသမား ဒေးဗစ်ဘက်ခမ်းတစ်ယောက် သူ့သားတွေကို ပုံပြင်တွေ၊ ကာတွန်းတွေ ဖတ်ဖတ်ပြနေတယ်ဆိုတာ ဒါကြောင့်ပဲ ဖြစ်မှာပေါ့ သားရဲ့။

## (နှစ်)

သားတော့ မှတ်မိဦးမလားမသိဘူး။

တစ်ခါက ဖေဖေတို့အိမ်ကို ဆရာမဟောင်းတစ်ယောက် အလည်လာဖူးတယ်လေ။ သူက မြောက်မြားလှတဲ့ ဖေဖေတို့အိမ်က စာအုပ်တွေကိုကြည့်ရင်း အခန်းထောင့်က ရွှေသွေ့ဂျာနယ် အထပ်လိုက်ကြီးကို တွေ့တဲ့အခါ အံ့သြသွားပုံနဲ့၊ အမှိုက်ရှုပ်လို့ဟယ်လို့ ပြောလိုက်တာကို ဖေဖေ အမှတ်ရနေမိတယ်။ ကလေးတွေအတွက် ရွှေသွေ့ဂျာနယ် ဝယ်ပေးနေတာကို သူက အမှိုက်လို့ ထင်နေတယ်လေ။

သားမမ ငယ်ငယ်တုန်းက ရွှေသွေ့၊ နောက် တေဇ၊ နောက် မိုးသောက်ပန်း၊ နောက် ရတနာပန်းခင်း၊ နောက် Junior Leader အဆင့်ဆင့် ဝယ်ပေးလာရာက အခုတော့ ရွှေဥဒေါင်းတွေရော၊ မြသန်းတင့်တွေရော၊ နေဝင်းမြင့်တွေ၊ ဂျူးတွေ၊ မောင်ထွန်းသူတွေ၊ Reader Digest တွေ အငမ်းမရ ဖတ်လာခဲ့တာ မဟုတ်လား။ ကျောင်းသင်ခန်းစာ စာအုပ်တွေဖတ်ရင် ဘာစာအုပ်မှ ဖတ်စရာမလိုတော့ဘူးလို့ ထင်နေတဲ့ လူတွေထဲမှာ သည်ဆရာမဟောင်းလို လူတွေ ပါတာပေါ့။

ဟိုးတစ်ခါတုန်းက ဆယ်တန်းကျောင်းသူ ကလေးတစ်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ကျွန်မအကြိုက်ဆုံး ဂျာနယ်ဆိုတဲ့ ခေါင်းစဉ်နဲ့စာစီစာကုံး တစ်ပုဒ် ရေးခိုင်းဖူးတယ် သားရဲ့။ သူ မရေးတတ်ဘူး။ ကျွန်မအကြိုက်ဆုံး စာအုပ်၊ မေ့နိုင်သော ခရီးတစ်ခေါက် သူဘာကိုမှ မရေးနိုင်ဘူး။ သူတို့အိမ်မှာက ကျောင်းစာအုပ်ကလွဲရင် ဘာစာအုပ်မှလည်း မရှိဘူး။

## (သုံး)

သားရေ…။

ဖေဖေ့မိတ်ဆွေထဲမှာ စာရေးဆရာတွေရော၊ စာရေးဆရာ မဟုတ်သူတွေရော အများကြီးသားရဲ့။ တော်တော်များများရဲ့ အိမ်တွေမှာ စာအုပ်တွေနဲ့။

ကျောင်းပိတ်ရက်တစ်ရက် မိတ်ဆွေအိမ်တစ်အိမ်ကို ဖေဖေအလည်သွားတဲ့အခါ သားအငယ်က ဆရာကြီးဖေယျာမောင်ရဲ့ မဟာဗုဒ္ဓဝင် အကျဉ်းချုပ်ကို ဖတ်လို့၊ သမီးကြီးက ရွှေဥဒေါင်းရဲ့ ဘဝတစ်သက်တာ မှတ်တမ်းကို ဖတ်လို့၊ အမေဖြစ်သူက ဆရာမြသန်းတင့် ဘာသာပြန်တဲ့ မိန်းမကို ဖတ်လို့၊ ဖခင်ဖြစ်သူ ဖေဖေ့ မိတ်ဆွေကတော့ ဆရာမောင်ပေါ်ထွန်းရဲ့ ဘာသာပြန်လက်ရာ သန်းခေါင်ယံ လွတ်လပ်ရေးကြီးနဲ့ ငြိမ့်နေတာပဲ။

ဩော် စာအုပ်တွေနဲ့ မိသားစု။

Reading make a fullman,
Conference a ready man,
Writting an exact man.

စာဖတ်ခြင်းက လူကို ပြည့်ဝစေတယ်။ ဆွေးနွေးခြင်းက အသင့်ဖြစ်စေတယ်။ ရေးသားခြင်းက တိကျပြတ်သား စေတယ်ဆိုတဲ့ စကားကို ဖေဖေ အမှတ်ရမိတယ်။

Reading is the foundation of all learning

စာဖတ်တာဟာ အားလုံးသော သင်ယူလေ့လာမှုများရဲ့ အခြေခံပါပဲ ဆိုတဲ့ အမေရိကန်သမ္မတဘုရှ်ရဲ့ စကားကိုလည်း ဖေဖေ သိပ်ကြိုက်တယ်။

စာအုပ်တွေကြားက ဖေဖေ့မိတ်ဆွေရဲ့ မိသားစုကလေးကို ကြည့်ရတာ အေးချမ်း၊ အကုသိုလ်ကင်းစင်ပြီး လင်းပွင့်လို့၊ လုံခြုံလို့၊ သေချာရေရာလို့ ကျေနပ်စရာ ကောင်းလိုက်တာ။



## (လေး)

အခုတော့ Kid Zone တွေရော၊ ပုတက်တွေရော၊ ရွှေသွေးတွေရော၊ ပုံပြင်တွေရော၊ ဟက်ရီပေါ်တာတွေရောနဲ့ သားကို ဖတ်ခိုင်း၊ ဖတ်ပြ လုပ်နေတာဟာ ဖေဖေက သားကို စာအုပ်ချစ်သူဖြစ်လာအောင် လုပ်နေတာ ပါပဲ။ စာအုပ်မရှိတဲ့ အိမ်တွေ မိသားစုတွေဟာ သွေ့ခြောက်လွန်းလှပါတယ် သားရယ်။

❒

www.burmeseclassic.com

www.burmeseclassic.com

## နှီးဒေါင်းလန်းတွေနဲ့ အိမ်ကလေး

### (တစ်)

သားရေ...

ဟိုနေ့က ဖေဖေတို့မိသားစုတွေ အိမ်မှာ စုံစုံညီညီရှိကြတုန်း မနက်စာစားဖို့ ထမင်းဝိုင်းပြင်ပြီးလို့ စားဖို့ ထိုင်လိုက်ကြတဲ့အခါ၊ သားမေမေက စားနှင့် စားနှင့် အဝတ်ကလေး လေးငါးထည်လျှော်လိုက်ချင်လို့၊ ပြီးမှ စားတော့မယ်တဲ့။ ဖေဖေ့စိတ်ထဲ ဘယ်လိုမှ အလိုမကျနိုင်ခဲ့ဘူး။ ဒါနဲ့ နောက်မှလျှော်၊ အကုန်လုံး စားဖို့စောင့်နေတာလို့ ပြောလိုက်မိပါရော။ ဒါ့ကြောင့်မို့ သားမေမေ ထမင်းဝိုင်းထဲသို့ ရောက်လာခဲ့တာ မဟုတ်လား။

ဖေဖေတို့ ထမင်းဝိုင်းက အကောင်းစား၊ အပျံစား၊ အညွန့်စား ထမင်းဝိုင်းတော့ဖြင့် မဟုတ်ပါဘူး သားရယ်။ အသားဟင်းလေးတစ်ခွက်၊ အသီးအရွက်ကြော်ကလေးတစ်ပွဲ၊ ဘူးသီးဟင်းခါး၊ ရှောက်သီးသုပ် ငါးပိတို့စရာ ထွေလီကာလီကလေး နည်းနည်းပါးပါးနဲ့ သာမန်ထမင်းဝိုင်းကလေး တစ်ခုပါပဲ။ ဒါပေမယ့် ဟင်းကောင်းတာ မကောင်းတာ အသာထား၊ ဖေဖေကတော့ ထမင်းဝိုင်းဆိုရင် မိသားစု စုံစုံညီညီပဲ စားချင်မိတယ် သားရဲ့၊ ပေါ့တယ်၊ ငန်တယ်၊ ချဉ်တယ်၊ စပ်တယ်၊ တစ်ယောက်တစ်ပေါက် ဝေဖန်ရင်း ထမင်းထပ်ခူးလိုက်ကြ၊ ဟင်းချိုထခပ်လိုက်ကြ၊ လက်ချင်းဆုံလိုက်ကြ၊ နီးကပ်စုစည်းတဲ့အရသာ၊ အသိုက်အမြုံအရသာ၊ ဒိုးတူပေါင်ဖက်အရသာ အဲဒါတွေကို ဖေဖေ မြတ်နိုးတယ်။ အိမ်ကလေးတွေကို ပျော်စရာကောင်းအောင် လုပ်တဲ့အထဲမှာ မိသားစု ထမင်းဝိုင်းတွေလည်း ပါတယ်သားရဲ့။




www.burmeseclassic.com

www.burmeseclassic.com



## (နှစ်)

ဝန်ကြီးပဒေသရာဇာရဲ့ ရွှေဦးကာလ မြူထသောခါဆိုတဲ့ ကဗျာကို သားကြားဖူးမလား မသိဘူး။ ဖေဖေ့စိတ်ထင် အခြေခံပညာကို အတန်းကုန်အောင် သင်ဖူးတဲ့ သူတွေရော၊ စာဖတ်နည်းနည်းကလေး နာတဲ့သူတွေရော ကောင်းကောင်းသိတဲ့ ကဗျာကလေးပေါ့။

အညာက ထန်းသမားမိသားစုတွေရဲ့ ဘဝကို ဖွဲ့ထားတဲ့ ကဗျာလေ။ ထန်းတက်ဖို့ ပြင်ဆင်ကြပုံ၊ ထန်းရည်ခံကြ၊ သားကောင်ဖမ်းကြပုံ၊ ဟင်းသီးဟင်းရွက် ခူးဆွတ်ချက်ပြုတ်ကြပုံတွေကို ဖွဲ့ပြီးတဲ့အခါ နီးဒေါင်းလန်းကြီးတစ်ခုထဲမှာ ထမင်းတွေ၊ ဟင်းတွေခူးပြီး ထန်းသမားမိသားစုတို့ ဝိုင်းဖွဲ့စားသောက်ကြပုံကို အခုလို ရေးဖွဲ့ထားခဲ့တယ် မဟုတ်လား သားရဲ့။

**'နီးဒေါင်းလန်းကြီး၊ ခူးပြီးသောခါ**
**သမီးနဲ့သား၊ များလို့ မဝင်သာ**
**ဒူးတစ်ဖက်ဟာ၊ တွန်းကာ ဖယ်လျက်**
**သူ့ထက်ငါလေ၊ စားတော့မည်စေ**
**စားပေသာလှ အုန်းခွက်ကယ်နှင့်လေး'** တဲ့။

မိသားစုဘဝရဲ့ နွေးထွေးမှုကို သိပ်ပေါ်လွင်တဲ့ အဖွဲ့ပါပဲ။ နီးဒေါင်းလန်းကြီးတစ်ခုတည်းမှာ ထမင်းတွေ၊ ဟင်းတွေ ခူးထားကြပုံ၊ သမီး၊ သား၊ မြေး၊ မြစ်တွေ များပြားလွန်းလို့ ထမင်းဝိုင်းမဆန့်ပုံ၊ ဒူးနဲ့တွန်း တံတောင်နဲ့ဖယ် လုပ်ကြပုံ၊ သူ့ထက်ငါ စားမည်တကဲကဲ ဖြစ်နေကြပုံတွေကို သရုပ်ဖော်ထားပုံဟာ သိပ်ပေါ်လွင်တာပဲ။ အဲဒါဟာ မိသားစုအတွင်း နွေးထွေးနီးကပ်မှုရဲ့ အရသာပေါ့ သားရဲ့။ လက်ရည်တစ်ပြင်တည်း စိတ်ဓာတ်ဆိုတာ ဒါမျိုးလို့ ဖေဖေ ထင်ပါရဲ့။

လက်ရည်တစ်ပြင်တည်းဆိုလို့ **နန်းတော်ရှေ့ ဆရာတင်** ရေးခဲ့တဲ့ **လက်ရေတစ်ပြင်တည်း** သီချင်းကလေး ဖေဖေသွားအမှတ်ရမိလိုက်တာ၊ သည်သီချင်းထဲက ...

**'လက်ရည်တစ်ပြင်တည်း ..... နီးဒေါင်းလန်းတွေနဲ့**
**ဝိုင်းဖွဲ့ကာ ..... စားကြပြန်တယ်'** ဆိုတဲ့ အပိုဒ်၊
**'တို့နယ်ပယ်တစ်ခွင် ..... မိုးသက်ကယ်နှင်**
**ရှစ်ခွင်ကမည်း ..... မိုးရွာမလိုလိုနဲ့ပင်**
**ညီညွတ်ရေးနဲ့ ..... အသက်ရှည်ရှည်**



**ခင်ခင် မင်မင်**
**လက်ရည်တစ်ပြင်တည်း ..... ရှေးကထက်**
**ပိုချစ်ကြတယ်'** ဆိုတဲ့ အပိုဒ်၊

သည်အပိုဒ်တွေကို ဖေဖေ မျက်ရည်ဝဲတဲ့အထိ ကြိုက်မိတယ်။ တောခလေး၊ တောင်ခလေး၊ ရပ်ခလေး၊ ရွာခလေး ဒေါင်းလန်းကြီးကို အလယ်မှာချပြီး လက်ရည်တစ်ပြင်တည်း ထမင်းဝိုင်းဖွဲ့ စားသောက်ကြပုံ၊ အညာကျေးလက်၊ လယ်ယာတောက လူတွေ ပိုလို့၊ ပိုလို့၊ တိုးပြီး ချစ်ခင်ရင်နှီးကြပုံတွေကို ရေးဖွဲ့ထားတဲ့ သီချင်းပေါ့သားရဲ့။ မိသားစု စိတ်ဓာတ်၊ ဒေါင်းလန်းကြီး စိတ်ဓာတ် သိပ်ပေါ်လွင်တာပဲ။

## (သုံး)

အခု နှစ်ကာလတွေ ခိုင်မာလာပြီး မြို့ပြအိမ်ရာတွေ ဖွံ့ဖြိုးလာတဲ့အခါ တချို့မိသားစု အသိုက်အဝန်းကလေးတွေထဲမှာ ဒေါင်းလန်းကြီးအစိပ္ပာယ် ပျက်ယွင်းစပြုလာတယ် ထင်တယ် သားရဲ့။ အိမ်သူ အိမ်သားတွေဟာ ထမင်းအတူ မစားဖြစ်ကြတော့ဘူး။

ဖေဖေ့အသိ အိမ်တစ်အိမ်မှာ ထမင်းစားခန်းထဲ ထမင်းစားပွဲကြီးတော့ အမြဲ ပြင်ထားပါရဲ့။ ဟင်းခွက် တွေလီကာလီတွေကိုလည်း အုပ်ဆောင်းကြီးနဲ့ အုပ်ထားပါရဲ့။ ဒါပေမယ့် မိသားစု စုံစုံညီညီ တစ်ခါမှ ထမင်းမစားဖြစ်ကြဘူး။ စက်ရုံထဲကို သွားမယ့် အဖေရယ်၊ ဆေးရုံတစ်ရုံမှာ အလုပ်သင် ဆရာဝင်ဆင်းနေတဲ့ သမီးကြီးရယ်၊ ပလာဇာတစ်ခုမှာ ကွန်ပျူတာဆိုင်ဖွင့်ထားတဲ့ သားရယ်၊ ဘာသာစကား သင်တန်းတစ်ခုတက်နေတဲ့ သမီးငယ်ရယ်၊ အိမ်မှာကျန်ခဲ့တဲ့ ကျောင်းသားမောင်ငယ်နဲ့ အမေရယ်ဟာ တော်တော်နဲ့ ထမင်းလက်ဆုံ မစားဖြစ်ကြဘူး။ မိသားစု အသိုက်အမြုံကလေးထဲကနေ ထွက်သွားချိန်တွေ မတူကြ။ ပြန်လာချိန်တွေမတူကြ။ ထမင်းကို ဘူးနဲ့ယူသူက ယူ၊ ခူးခပ်စားသွားသူက စားသွား၊ အပြင်မှာ ဝယ်စားမှ အဆင်ပြေနိုင်သူကလည်း အပြင်မှာ ဝယ်စားလိုက်နဲ့။ တစ်ပတ်မှာတစ်ခါ၊ ဒါမှမဟုတ် တစ်လမှာ တစ်ကြိမ်လောက်မှ မိသားစု စုံစုံညီညီ၊ ထမင်းဝိုင်းဖွဲ့ဖြစ်ကြရဲ့လား မသိဘူး။

သူတို့လို မိသားစုတွေဟာ ခုခေတ်မြို့ပြမှာ အများကြီးပဲ။ ငွေ ဒါမှမဟုတ် ပညာ ဒါမှမဟုတ် အောင်မြင်မှု၊ တစ်ခုခုကို ကိုယ်စီကိုယ်စီလိုက်ရှာကြရင်းက လူတွေဟာ ထမင်းဝိုင်းမှာ မဆုံဖြစ်ကြတော့ဘူး။ တစ်

www.burmeseclassic.com



ယောက်က ဇနက်စာ စားနေပြီ၊ တစ်ယောက်က မျက်နှာသစ်တုန်း။ တစ်ယောက်က ညစာစားတော့ တစ်ယောက်က အိပ်နေပြီ။ ဘာတတ်နိုင်ပါ့မလဲ။

ဒါပေမယ့် ဖေဖေ ဖြစ်စေချင်တာက တစ်ပတ်မှာ တစ်ခါပဲဆုံရဆုံရ၊ နှစ်ခါပဲဆုံရဆုံရ၊ မိသားစုတွေဟာ ထမင်းဝိုင်းမှာ ဆုံတွေ့သင့်ကြတယ် သားရဲ့။ ထမင်းခူးသူခူး ဟင်းခပ်သူခပ်၊ မောင်လေးက ပါးစပ်တစ်ဝိုက်မှာ ဟင်းအဆီတွေ ကပ်ပေလို့။ သမီးက ဟင်းခါးပူပူမှာ နှာရည်တွေဘာတွေ ထွက်လို့၊ မေမေကလည်း ငရုတ်ကောင်းအနံ့မှာ ဟပ်ချိုးတွေ ဘာတွေထလုပ်လို့ ရယ်ကြမောကြ စားကြသောက်ကြ၊ တစ်ယောက်နဲ့တစ်ယောက် ပိုပြီးနီးကပ်သွားကြ၊ ပိုပြီး နားလည်သွားကြ၊ ပိုပြီး မေတ္တာအကြင်နာ ဖွံ့ဖြိုးလာကြ၊ ပိုပြီး အနွေးဓာတ်တွေ စီးဆင်းသွားကြ၊ စိတ်ရဲ့လုံခြုံမှု၊ ဘဝရဲ့ နေပျော်မှုကို ပေးတာ လက်ရည်တစ်ပြင်တည်း ထမင်းဝိုင်းကလေးတွေလို့ ဖေဖေတော့ ထင်မိတယ် သားရဲ့။

## (လေး)

ဟိုး... ဖေဖေတို့ ခပ်ငယ်ငယ် ရွာမှာနေတုန်းကဆိုရင် ဖေဖေတို့ အဘိုးဟာ ထမင်းဝိုင်းမှာ လူမစုံရင် ဘယ်တော့မှ မစားဘူး။ တစ်ယောက်တလေများ လိုနေခဲ့ရင် မျက်နှာမကောင်းချင်တော့ဘူး။ ခုတော့ ဒေါင်းလန်းကြီးတွေ မရှိတော့တဲ့ ခေတ်ပေါ့။

ဒါပေမယ့် သားရယ်၊ ဘယ်လိုပဲ နည်းပညာတွေ ဖွံ့ဖြိုးဖွံ့ဖြိုး၊ ဘယ်လိုပဲ အလိုရမ္မက်နောက်ကို လိုက်ရလိုက်ရ မိသားစု အရသာတွေ ပြည့်ဝဖို့အတွက် လက်ရည်တစ်ပြင်တည်း ထမင်းဝိုင်းကလေးတွေကိုတော့ တတ်နိုင်သမျှ ဖွဲ့ကြတာဟာ စိမ်းလန်းဖို့၊ ငြိမ်းချမ်းဖို့ပါပဲလေ။

□

# အသီးတွေအပွင့်တွေနဲ့ အိမ်ကလေး

## (တစ်)

သားရေ...။

ဟိုးတစ်နေ့က ဖေဖေရော သားရော နှစ်ယောက်စလုံး အားနေတာနဲ့ အိမ်ရှေ့က မြေကွက်လပ်ကျဉ်းကျဉ်းကလေးထဲမှာ ကော်ဘောလုံးကလေးတစ်လုံးနဲ့ ဘောလုံးအစွမ်းပြလိုက်ကြတာ သားမေမေနဲ့ ပြဿနာတက်တော့တာပါပဲ။ အိမ်ရှေ့ခြံစည်းရိုး အုတ်နံရံခြေရင်းမှာ တန်းစီချထားတဲ့ မြေအိုးတွေထဲက ငရုတ်ပင်စိုက်ထားတဲ့ မြေအိုးကလေးကို သွားထိတော့တာကိုး။ လေးငါးတောင့်လောက်ရှိမလားမသိ။ ရှားရှားပါးပါးသီးနေတဲ့ ငရုတ်သီးကလေးတွေ ကြွေကျ[illegible]ယ်။ တစ်တောင့်လားမသိ အပင်မှာ ကျန်တော့တယ်။ သားမေမေ ပွစိ၊ ပွစိ ဖြစ်တော့တာပါပဲ။ စိတ်တွေဘာတွေ ဆိုးလို့၊ ဖေဖေက ဈေးထဲမှာ ၂၀ ဖိုးဝယ်ရင်၊ စားမကုန်ဘူးလို့ ပြောလိုက်တော့ သားမေမေ ပိုစိတ်ဆိုးသွားတယ် ထင်ပါရဲ့။

'အမြတ်တနိုး စိုက်ထားရတာ ဈေးထဲကဟာနဲ့ မတူဘူး' တဲ့။

သည်တော့မှ ဖေဖေရော၊ သားရော ဘောလုံးကန်တာကိုလည်း ခဏရပ်၊ မျက်နှာပိုးကလေးတွေလည်း အသာသပ်ပေါ့။ စိတ်ထဲမှာလည်း သားမေမေကို အားနာသွားမိတာ အမှန်ပါပဲ။ ဟုတ်တော့လည်း ဟုတ်ပါတယ် သားရယ်၊ သည်ငရုတ်ပင်ကလေးကို ဈေးကနေဝယ်လာပြီး၊ စစိုက်တဲ့နေ့ကတည်းက သားမေမေ အရိပ်တကြည့်ကြည့်နဲ့၊ ရေကလေးဖျန်းလိုက်၊ သတိရရင် လာငုံ့ကြည့်လိုက်၊ ငရုတ်သီးကလေးတွေ လေးငါးတောင့် ထွက်လာတော့ သူ့မှာ ပီတိဖြစ်နေလိုက်တာ။ ငါစိုက်တဲ့ အပင်ကလေးက သီးပြီပေါ့။ အခု မေမေ

www.burmeseclassic.com



အသီးအပွင့်တွေနဲ့အိမ်ကလေး



တို့ကြောင့် ကြွေပြီ။ ဖေဖေတို့ အိမ်ကလေးက နောက်ကို ခြေတစ်လှမ်းနီးနီး ကွက်လပ်ကလေး ရှိနေတဲ့အခါ၊ ဒါဟာ သားနဲ့ဖေဖေတို့ရဲ့ အားကစားကွင်း ပေါ့။ အခု အဲသည့် ကွင်းပိစိမှာ ဘောလုံးအစွမ်းပြကြရာက ငရုတ်သီး ကလေးတွေ ကြွေခဲ့ရတာ မဟုတ်လား။ သားမေမေ စိတ်မှာ ဒဏ်ရာနည်းနည်း ရသွားတယ် ထင်ပါရဲ့။ အပင်တွေက လူတို့ရဲ့ စိတ်နေစိတ်ထား နူးညံ့မှု၊ လန်းဆန်းတက်ကြွတဲ့ စိတ်ကူးစိတ်သန်း၊ မြတ်နိုးယုယချင်တဲ့ သဘော သဘာဝတွေနဲ့ ဆက်စပ်နေတော့တာ အမှန်ပဲ သားရဲ့။ နောက် မျှော်လင့်ချက်လို့ ဆိုရင်လည်း မမှားနိုင်ပါဘူးလေ။

## (နှစ်)

ဖေဖေတို့ ငယ်ငယ် နယ်မှာနေတုန်းကတော့ အိမ်ဆိုရင် ခြံနဲ့ဝင်းနဲ့မို့ ခြံရှိတော့ အပင်တွေလည်း ရှိတာပေါ့။ အုန်းပင်၊ ကွမ်းသီးပင်၊ သရက်ပင်၊ မာလကာပင်၊ ငှက်ပျောပင်။ နောက်ပြီး ပဒဲကောပင်တွေတောင် ရှိသေး။ ပေါ်းလင်တို့လို၊ ပင်စိမ်းတို့လို၊ ငရုတ်ပင်တို့လို အပင်လေးတွေကတော့ ဟိုနားတစ်စု သည်နားတစ်စုပေါ့။ စံပယ်ရုံကလေး တစ်ရုံကလည်း ခြံထောင့် နားမှာ ငုတ်တုတ်။ စိုက်တုန်းကလည်း သည်မိသားစု၊ ရေလောင်းတော့လည်း သည်မိသားစု၊ သီးလာ ပွင့်လာတာကလေးတွေ ထထကြည့်ရတာလည်း သည်မိသားစု၊ သီးလို့ပွင့်လို့ ခူးကြပြီဆိုရင်လည်း သိပ်ပျော်စရာ ကောင်းတာပဲ သားရယ်။ ဈေးကနေ အလွယ်တကူ ဝယ်လာတဲ့ အသီးအပွင့်တွေနဲ့ကို မတူ ဘူး။ မြတ်နိုးတတ်တဲ့ ခံစားမှုတွေဟာ ဘယ်ကနေ ရောက်လာတာမှန်း မပြောတတ်ပါဘူးလေ။

တစ်ခါတစ်ခါ နယ်မြို့ကလေးတွေ အလည်ရောက်သွားရင်လည်း အဖေ့အသိတွေက ခြံဝင်းကြီးတွေနဲ့၊ တချို့ခြံတွေမှာ ပိန္နဲသီးတွေက တွဲတိတွဲ လောင်းသီးလို့၊ တချို့ခြံတွေမှာ မရမ်းသီးတွေ သီးနေပုံက ခရစ်စမတ်ကြယ်တွေ ချိတ်ဆွဲထားသလို ပြွတ်သိပ်ကျပ်ခဲလို့၊ တချို့ခြံတွေမှာ ကျွဲကောသီးကြီးတွေ သီးနေပုံ က ညွှတ်ကိုင်းကာ မြေနဲ့ ထိလုမတတ် ကြည့်ရတာ အားရှိလိုက်တာ။

ကျောက်ပန်းတောင်းအဝင်မှာ တန်းစီရပ်နေတဲ့ ထန်းပင်ကြီးတွေ၊ ပြင်းတယ တောင်နားက ဇရာမညောင်ပင်ကြီးတွေ၊ ပုဂံညောင်ဦး တစ်ပိုက်က ယပ်ဖြန့်ထားတဲ့ ထနောင်းပင် ကလေးတွေ၊ ကလောအဝင်က ထင်းရှူးပင် ကြီးမြိုးမတ်တတ်ကြီးတွေ၊ ရန်ကုန်တက္ကသိုလ်ထဲက ကံ့ကော်ပင်တွေ၊ မြစ်ကြီး

www.burmeseclassic.com



များအတွက်က ကျွန်းပင်ကြီးတွေ၊ သစ်ပင်တွေဟာ သိပ်ချစ်ဖို့ ကောင်းတာပဲ။

ရန်ကုန်လို မြို့ကြီးတွေကို ရောက်လာတဲ့ အခါကျတော့ မြေကွက်ကျဉ်းကျဉ်း၊ ဒါမှမဟုတ် တိုက်ခန်းကျဉ်းကျဉ်းကလေးတွေမှာ နေလာရတဲ့အခါ အပင်တွေနဲ့ ဖေဖေတို့နဲ့က ဝေးသွားသလိုပဲ သားရဲ့။ ဒါပေမယ့် လူတွေဟာ ရအောင်တော့ စိုက်ကြတာပဲနော်။ အခု ..... သားမေမေရဲ့ ငရုတ်ပင်ကလေးလိုပေါ့။

## (သုံး)

သားရေ...။

ဖေဖေတို့ ခြံကလေးထဲမှာ ဈေးသွားအပြန် ဝယ်လာလိုက်၊ လမ်းလျှောက်အပြန် ဝယ်လာလိုက်နဲ့ အပင်ကလေးတွေ မနည်းတော့ဘူးကွ။ Kiss me Quick အပင်ကလေးက သူ့အိုးထဲမှာ သူ ပွင့်လို့။ နီနီကလေး Dancing Lady အပင်ကလေးကကျတော့ အပွင့်ဝါဝါကလေးက ချိတ်ထားတဲ့ ပန်းအိုးမှာ တွဲရရွဲ။ ပင်စိမ်းကလေးတွေက သူ့အိုးနဲ့သူ၊ ထိုးထိုးထောင်ထောင်။ တရုတ်နံနံကလေးတွေက ပန်းအိုးထဲမှာ မတ်တတ်။ တစ်ပင်တည်းသော သဘော်ပင်ကလေးက ခြံထောင့်မှာ အသီးကလေးတွေ သီးလို့။ ငရုတ်ပင် ကလေးတွေ၊ ဟိုထိုးသည်ထိုး ထိုးထားတဲ့ ချဉ်ပေါင်ကလေးတွေနဲ့ ရေကလေး ဖျန်းလိုက် မြေပျင်းပြေကြည့်လိုက် ရှင်သန်အောင် ပျိုးထောင်ပေးနေရတာ။ ရှင်သန်မှုကို စောင့်ကြည့်နေရတာဟာ အဓိပ္ပာယ်ရှိသလိုပဲ။

ဟိုးတစ်ခါ ဖေဖေ ပုဂံက ပြန်လာတော့ ကားပေါ်မှာ ဂျပန်အဖွဲ့တစ်ဖွဲ့နဲ့ တွေ့တယ် သားရဲ့။ ပခုက္ကူဘက်က ပြန်လာတာတဲ့၊ ရှင်မတောင်မှာ သစ်ပင် သွားစိုက်တာဆိုလား။ တစ်ဖွဲ့လုံး ပျော်ရွှင်တက်ကြွလို့။ နှစ်တိုင်း သွားစိုက်နေတာတဲ့ သားရဲ့။ Troy တို့၊ Seven Years in Tibet တို့မှာ သားကြည့်ဖူးခဲ့တဲ့ ရုပ်ရှင်မင်းသား ဘရက်ပစ် (Brad pitt)က ဘူတန်နိုင်ငံ ဟိမဝန္တာတောင်မှာ သစ်ပင်စိုက်ဖို့ ဒေါ်လာတစ်သောင်း ထည့်ဝင်သတဲ့ သားရဲ့။ မင်းသားလီယိုနာဒိုဒီကာပရီယို (Leonardo Dicaprio) ကလည်း ဂျာမနီနိုင်ငံ လိုက်ပဇစ်နားက သစ်တောမှာ သစ်ပင်စိုက်ဖို့ ငွေထုတ်ပေးသတဲ့။ The day after Tomorrow ထဲက ဂျိတ်ဂီလင်းကကျတော့ အာဖရိကတိုက် မိုဇမ်ဘစ်မှာ သစ်ပင်စိုက်ဖို့ ငွေစိုက်ထုတ်ပြန်သတဲ့။ ငြိမ်းချမ်းရေး နိုဘယ်လ်ဆုရသွားတဲ့



ကင်ညာနိုင်ငံသူ မစ္စဝင်ဂရီမာယက်ထိုင်(Miss Wangri Maathai) ကျတော့လည်း သစ်ပင် ၃ သန်းတဲ့။ အံ့သြစရာကောင်းလိုက်တာ။

သစ်ပင်တွေကို ချစ်တဲ့စိတ်ဟာ ကောင်းတဲ့စိတ်ပဲ သားရဲ့၊ အင်ကြီးအားကြီးနဲ့ မဟုတ်သော်လည်း ကိုယ့်ခြံဝင်းထဲမှာ ဒါမှမဟုတ် ကိုယ့်တိုက်ခန်းကလေးထဲမှာ အိုးကလေးနဲ့ပဲဖြစ်ဖြစ်၊ လွတ်နေတဲ့မြေမှာပဲဖြစ်ဖြစ်၊ စိုက်သင့်တယ်လို့ ဖေဖေထင်တာပဲ။ မိသားစုတစ်စု အပင်ကလေးဘေးမှာ ဝိုင်းထိုင်ကာ ရေကလေးလောင်းလိုက်၊ အပွင့်ကလေးတွေ အသီးကလေးတွေကို စောင့်ကြည့်လိုက်နဲ့ စိတ်ဖိစီးမှု (Stress) ကိုတောင်မှ ပြေမယ်လို့ ဖေဖေထင်တာပါပဲ။ ပြုစုပျိုးထောင်ရင်းနဲ့ ယုယတတ်တဲ့စိတ်၊ သီးချိန်ပွင့်ချိန်ကို ငံ့လင့်ရင်း မျှော်လင့်ချက်နဲ့ အသက်ရှင်သန်တတ်မှု၊ အသီးအပွင့်ကလေးတွေကို ကြည့်ရင်း စိတ်ရဲ့ကျေနပ်မှုတွေကိုပါ ပေးနိုင်တယ်လို့ ဖေဖေ ယုံကြည်မိပါရဲ့။

သား အိမ်ကလေးနဲ့ သားဖြစ်တဲ့အခါ သစ်ပင်သာ စိုက်စမ်းပါ သားရယ်။

❒

www.burmeseclassic.com

www.burmeseclassic.com

## မုန့်ပဲသရေစာတွေနဲ့ အိမ်ကလေး

### (တစ်)

သား‌ရေ။

အခုတစ်ပတ် ကျောင်းပိတ်ရက်မှာ အိမ်မှာ လူစုံတက်စုံ ရှိလို့သား မပြောတတ်ပါဘူး။ သားမေမေက မုန့်လုပ်စားကြစို့တဲ့။ ဟုတ်တယ်၊ အခုတစ်ပတ်က ဖေဖေတို့အိမ်မှာ ဖေဖေရော၊ မေမေရော၊ မမရော၊ သားရော အကုန်စုံတဲ့ အားလပ်ရက်ပေါ့။ ဒါကြောင့်မို့ သားမေမေက ထုံးစံအတိုင်း မုန့်လုပ်စားဖို့ ဆော်သြလာခဲ့တာပါ။ သားမေမေက ဈေးသွားလုလု ဈေးခြင်းတောင်းကလေးဘေးမှာ ချထားကာ မုန့်ပိန္နဲစေ့နဲ့ မုန့်လုံးရေပေါ်ကလေး လုပ်စားကြရအောင်လို့ ဆိုတဲ့အခါ သားရော၊ သားမမရောက ဟေး ... ဆို အာမေဍိတ်လုပ်ကာ ပြိုင်တူထောက်ခံခဲ့ကြတာပဲ မဟုတ်လား။

### (နှစ်)

မုန့်လုံးရေပေါ်နဲ့ မုန့်ပိန္နဲစေ့လုပ်ဖို့ မီးဖိုနားမှာ ဝိုင်းဖွဲ့နေကြရတာဟာ တော်တော်ပျော်စရာကောင်းတာပဲ သားရဲ့။

ရေနွေးအိုးက တပွက်ပွက်ဆူလို့။ မီးသွေးမီးဖို ပေါက်စကလေးကို အလယ်မှာထားကာ ဖေဖေတို့က ဝိုင်းဖွဲ့နေရာယူလို့။ ကျိုပြီးသား ထန်းလျက်ရည်အိုးကလေးက နံဘေးမှာ အဆင်သင့်။ မမက အိမ်သုံး အုန်းခြစ်ကလေးနဲ့ အုန်းသီးခြစ်လို့။

မေမေက ဈေးက ပြန်အလာမှာ ကောက်ညှင်းမှုန့်ဝယ်လာတယ်လေ သားရဲ့။ သပ်သပ်ရပ်ရပ် ထုပ်ပိုးထားတဲ့ ကောက်ညှင်းမှုန့်ထုပ်ကလေး။ ရေနဲ့



www.burmeseclassic.com



နယ်လိုက်တာနဲ့ မုန့်လုပ်ဖို့ အဆင်သင့် ကောက်ညှင်းလုံးကြီး ဖြစ်သွားပြီ။ ဖေဖေတို့ ဟိုး ခပ်ငယ်ငယ် ရွာမှာနေကြတုန်းက မုန့်လုပ်စားတော့မယ်ဆိုရင် ဆန်ကို ရေစိမ်ဦး၊ ပြီးမှ ကြိတ်ဆုံရှိရာမှာ မုန့်သွားကြိတ်။ ရလာတဲ့ မုန့်နှစ်အရည်ကို ပိတ်သန့်သန့်ကို အိတ်လုပ်ပြီးထည့်ကာ ကျောက်ပျဉ်တို့၊ ငရုတ်ဆုံတို့နဲ့ အပေါ်ကဖိထား၊ ရေတွေ စိမ့်ထွက်သွားပြီး မုန့်အနှစ်တွေချည်းပဲ ကျန်တော့မှ မုန့်လုံးကြီးကို နှံ့ကာနယ်ကာနဲ့ မုန့်လုပ်စားခဲ့ရပုံတွေကို ဖေဖေ အမှတ်ရမိတယ်။ အခုတော့ ဆန်မှုန့်ယူမလား၊ ကောက်ညှင်းမှုန့်ယူမလား အဆင်သင့်။

အဲသည်နေ့က သားကလည်း သားလက်ကလေးနဲ့ မုန့်ပိန္နဲစေ့ကလေးတွေ လုံးလုံးပြီး ရေနွေးအိုးထဲ ပစ်ပစ်ထည့်လို့။ မေမေကလည်း မုန့်လုံးရေပေါ်ထဲကို အသင့်စီတ်ထားတဲ့ ထန်းလျက်ခဲကလေးတွေ မြှုပ်ကာမြှုပ်ကာနဲ့။ ပွက်ပွက်ဆူနေတဲ့ ရေနွေးအိုးထဲကနေ မုန့်ပိန္နဲစေ့ကလေးတွေ မုန့်လုံးရေပေါ်ကလေးတွေ ဘွားခနဲ ဘွားခနဲ ပေါ်ပေါ်လာကြတဲ့အခါ သံဆန်ခါတပ်ထားတဲ့ ဇွန်းနဲ့ လှမ်းလှမ်းဆယ်ရတာကို သားက တော်တော်ပျော်နေတဲ့ ပုံပါပဲ။

အုန်းသီး အဖွေးသားနဲ့ မုန့်လုံးရေပေါ်ရယ်၊ ထန်းလျက်ရည် စပ်စပ်မှာ နစ်နေတဲ့ မုန့်ပိန္နဲစေ့ရယ်ကို အဲသည်နေ့က စားကြရတာဟာ သိပ်ကို အရသာရှိတာပဲ သားရယ်။ ကိုယ်တိုင်လက်နဲ့ လုပ်ထားရတယ်ဆိုတဲ့ အရသာ၊ မိသားစု ရင်းနှီးနွေးထွေးတဲ့ အရသာ၊ ပျော်ရွှင်စရာ ကစားနည်းတစ်ခုကို အတူတကွ အဆုံးသတ်လိုက်နိုင်တဲ့ အရသာ၊ သည်အရသာမျိုးတွေကို မိသားစု မုန့်ပေါ်ပေါ်များပြုတဲ့ အမေ့ပုံကနေ ဖေဖေတို့ကို ပေးခဲ့တာပေါ့။

## (သုံး)

သား သတိထားမိမလား မသိဘူး။ အဖေက လက်ဖက်ရည်ဆိုင်မှာ ကျောက်ချထိုင်လို့၊ အမေက မုန့်ဟင်းခါးဆိုင်မှာ၊ သားတွေ သမီးတွေကလည်း ထမင်းကြော်ဆိုင် ထွက်သူထွက်၊ ဆီချက်ခေါက်ဆွဲဆိုင် သွားသူသွား၊ ရှမ်းခေါက်ဆွဲဆိုင် ဝင်သူဝင်၊ တစ်ခါတလေ ကျတော့လည်း အိမ်ရှေ့ဖြတ်လျှောက်သွားတဲ့ မုန့်သည်ကို ခေါ်ဝယ်စားချင်လည်း စားမယ်ပေါ့။ ပျော်စရာ မကောင်းလှပါဘူး သားရယ်။

ဖေဖေတို့ အညာမှာနေတုန်းက ညည မီးကလေးဖိုပြီး ထန်းမြစ်တွေ ဖုတ်စားခဲ့ကြတာ ပျော်စရာမကောင်းဘူးလား။ အာလူးနွှာတဲ့သူက နွှာ၊ ပုစွန်



ခြောက်မှုန့် ထောင်းသူကထောင်း၊ ဆီချက်ချက်တဲ့သူက ချက်၊ မန်ကျည်းသီးမှည့်အရည် ဖျော်တဲ့သူက ဖျော်၊ ကြာဆန်သုပ် သုပ်စားခဲ့ကြတာကိုလည်း ဖေဖေကတော့ ပျော်တာပဲ။ မုန့်ဟင်းခါးချက်စားကြ၊ အုန်းနို့ခေါက်ဆွဲလုပ်စားကြ၊ သာကူကျိုသောက်ကြ၊ ပေါင်မုန့်အုန်းနို့ဆမ်း လုပ်စားကြနဲ့ မိသားစုတစ်နွေးတစ်ထွေး နီးနီးနားနား ပူးပူးကပ်ကပ် စုပေါင်းစပ်ပေါင်း လုပ်နေကြတဲ့ အိမ်ကလေးတွေကိုတွေ့ရင် ဖေဖေ သိပ်သဘောကျတာပဲ။ ပေါ်တယ်၊ ငန်တယ်၊ ချဉ်တယ်၊ ချိုတယ်၊ စပ်တယ်၊ ခါးတယ်နဲ့ ဝေဖန်တဲ့ အသံကလေးဆွေဟာ အိမ်ဂေဟာတွေကို စည်ပင်စေတယ်သားရဲ့။ အစားအစာထဲမှာလည်း အနုပညာပါတယ် မဟုတ်လား။

## (လေး)

ဘာ မုန့်ပဲသရေစာမှ မဖန်တီးဘဲ အိမ်ရှိလှူကုန် ဆိုင်ကိုထွက်သွားတတ်တဲ့ မိသားစုတွေထဲမှာ မနေချင်စမ်းပါနဲ့ သားရယ်။

□

www.burmeseclassic.com

## အခန်းခန်း အဆောင်ဆောင်တွေနဲ့ အိမ်ကလေး

### (တစ်)

သားရေ...

သည်နှစ် နွေဦးရာသီမှာတော့ ဖေဖေတို့အိမ်မှာ အခန်းကလေး တစ်ခန်းလောက် ထပ်ဖွဲ့ဖို့ ဖေဖေတို့ ကြံစည်ထားတဲ့ ကိစ္စကို အကောင်အထည်ဖော်မလားလို့ပေါ့ သားရယ်။ ဟုတ်တယ်၊ ဖေဖေတို့အိမ်မှာ သားအတွက် အခန်းကလေးတစ်ခန်းဖွဲ့ပေးဖို့ လိုတယ်ဆိုတာ ဖေဖေတို့ စဉ်းစားမိတာ ကြာခဲ့ပြီ သားရဲ့။ ဒါပေမယ့် ဖေဖေတို့မှာ လိုအပ်ခဲ့တာက ငွေရယ်၊ ပြီးတော့ အချိန်ရယ်လေ။ အခုတော့ ဖေဖေ့မှာ ငွေလည်း အတန်အသင့်ရှိလာခဲ့၊ အချိန်ပိုကလေးလည်း အထိုက်အလျောက် ရလာခဲ့ပြီမို့၊ သားအတွက် အခန်းကလေး တစ်ခန်းဆိုတဲ့ အိပ်မက်ကလေးကို အကောင်အထည်ဖော်ဖို့ အဆင်ပြေလာခဲ့ပြီဆိုပါတော့။ လက်သမားဆရာတစ်ယောက်ကိုခေါ်၊ လိုအပ်တဲ့ သစ်၊ သံ တန်ဖိုး တွက်ချက်၊ အခန်းကလေးတစ်ခန်း ဖွဲ့ရန် အဆင်သင့်ဆိုပါတော့။

### (နှစ်)

ဖေဖေတို့ သည်အိမ်ကလေးကို စဝယ်တုန်းက အခန်းက နှစ်ခန်းတည်း သားရဲ့။ တိုက်အပြာကလေး၊ တစ်ထပ်တည်း၊ လင်းတော့ တော်တော်လင်းတဲ့ တိုက်ကလေး။ အိပ်ခန်းနှစ်ခန်းမှာ မမက တစ်ခန်း၊ သားရယ် ဖေဖေရယ် မေမေရယ်က တစ်ခန်း၊ နေရစားရတာ တော်တော် အဆင်ပြေပါတယ် သားရယ်။ ဒါပေမယ့် သား နည်းနည်းကလေး အရွယ်ရောက်လာတော့ သားကို အခန်းကလေးတစ်ခန်း သတ်သတ်ဖွဲ့ပေးချင်လာမိတယ်။



www.burmeseclassic.com



Privacy ။

ဟုတ်တယ်၊ သားရဲ့ Privacy ။

လူတွေမှာ လူသူလေးပါး ဘယ်သူနဲ့မှ ထိတွေ့ဆက်ဆံမနေဘဲ သူ့သဘာသူ လွတ်လွတ်လင်းလင်း၊ ကင်းကင်းရှင်းရှင်းကြီးနေလိုတဲ့ အချိန်တွေ ရှိတတ်ကြတယ် သားရဲ့။ အဲဒါကို Privacy လို့ခေါ်တာ။ လူဟာ ၂၄ နာရီ ပတ်လုံး လူတစ်ယောက်ယောက်ရဲ့ မျက်လုံးအောက်မှာ နေနေရတာဟာ Privacy ပျက်နေတာပဲ သားရဲ့။ ဖေဖေတို့က သားအတွက် အခန်းကလေး တစ်ခန်းထပ်ဖွဲ့ပေးချင်တယ် ဆိုတာက သားကို Privacy ပေးချင်တာ။ သား လွတ်လပ်လိုတဲ့အခါ၊ လွတ်လပ်နိုင်တဲ့ အခွင့်အလမ်းကို ပေးချင်တာ။

## (သုံး)

သားရေ...။

ဟိုတလောကလေးက ဖေဖေ့မိတ်ဆွေ စာရေးဆရာ ကိုတာရဲ့ ရယ်ရွှင်ဖွယ်နှင့် အခြားစာတမ်းများ စာအုပ်ကလေး ဖေဖေပြန်ဖတ်မိတယ် သားရဲ့။ အဲသည်မှာ မုန့်ကတိုးနမူနာဆိုတဲ့ စားတမ်းကလေးတစ်ခုလည်း ပါတာပေါ့။ ခါလီဂျီဘရန်ဆိုတဲ့ တွေးခေါ်ပညာရှင်တစ်ယောက်ရဲ့ အဆိုအမိန့်ကလေး တစ်ခုကို ကိုတာ ကိုးကားဖော်ပြထားပုံက....

Let there be space

in your togetherness တဲ့။

ဖေဖေ ကြိုက်လိုက်တာကွာ။ အိမ်ထောင်မှု ဘဝ ဟန်ပန်အတွက် မြွက်ထားတဲ့ စကား။ အတူတကွ နီးကပ်ပေါင်းသင်း နေထိုင်မှုမှာပင်လျှင် နေရာလွတ်ကလေးတွေ၊ ကွက်လပ်ကလေးတွေ၊ လဟာပြင်ကလေးတွေ ရှိစေချင်ပါတယ်တဲ့ သားရဲ့။ အဲဒါ Privacy ပေါ့။ အရာရာက ခဏလွတ်ကင်းနေမှု ပေါ့။

သားအတွက် ဖွဲ့ပေးမယ့် အခန်းကလေးဟာ သားရဲ့ Privacy ကို ပေးမယ့် နေရာကလေးပဲပေါ့။

## (လေး)

ရန်ကုန်မြို့လယ်က တိုက်ခန်းတစ်ခုမှာ ဖေဖေ့မိတ်ဆွေ မိသားစုတစ်စု ရှိတယ် သားရဲ့။ တစ်ခါတစ်ခါ အဲသည် တိုက်ခန်းကလေးကို ဖေဖေ ရောက်



ရောက်သွားတဲ့အခါ ဖေဖေမိတ်ဆွေကို စာနာမိတာ အမှန်ပဲ သားရဲ့။

တိုက်ခန်းက ကျဉ်းပါတယ်။ ပြီးတော့ ထပ်ခိုးကလေး ဘာလေးထောင်မှ မပါဘူး။ အိမ်ထောင်ကွဲ သားတစ်ယောက်ကလည်း ဇနီးနဲ့ ကလေးနဲ့ သည်တိုက်ခန်းကလေးထဲမှာ အတူတူ၊ တန်းစီအိပ်၊ တန်းစီစား၊ တန်းစီမျက်နှာ သစ်၊ တန်းစီထ၊ တန်းစီထိုင် သူတို့ကြားမှာ ဘာနေရာလွတ် ဘာကွက်လပ်မှ မရှိတော့ မကျန်တော့ဘူး။ Privacy ကို ဝေတ်မွတ်လို့ ထင်ပါရဲ့။ အဲသည် တိုက်ခန်းက အရွယ်ရောက်တဲ့လူတိုင်းဟာ ဂိမ်းဆိုင်သွားသူ သွား၊ လက်ဖက်ရည်ဆိုင်ရောက်သူ ရောက်၊ ဘီယာ Station ထဲ ဝင်သူဝင်နဲ့။

ဆရာမြတ်ငြိမ်း ဘာသာပြန်တဲ့ Madam X ဆိုတဲ့ ဝတ္ထု ဖေဖေဖတ်ဖူးတယ် သားရဲ့။ ယောက္ခမရဲ့အိမ်၊ ယောက္ခမရဲ့ မျက်လုံးအောက်မှာ နေရတဲ့ မိန်းမတစ်ယောက် Privacy ပျက်လို့ အပြင်ကို ထွက်ရာက ပျက်စီးသွားတဲ့ ဇာတ်လမ်းပေါ့။

## (ငါး)

မိသားစုထဲမှာ သော်မှ Privacy လိုပါတယ် သားရယ်။ သားဘာသာ သား စာရေးချင် ရေးနေမယ်။ စာဖတ်ချင် ဖတ်နေမယ်။ မှန်ကြည့်ချင်လည်း ကြည့်နေမယ်။ လွတ်လွတ်လပ်လပ် လှဲချင်လည်း လှဲနေမယ်။ စဉ်းစားခန်း ဝင်ချင်လည်း ဝင်နေမယ်။ သီချင်းနားထောင်ချင်လည်း နားထောင်နေမယ်။ အဆင်မပြေတာ တစ်ခုခုကြောင့် မျက်ရည်ကျချင်လည်း ကျနေမယ်။

ဒါကြောင့် ဖေဖေက အခန်းကလေးတစ်ခန်း ထပ်ဖွဲ့ဖို့ ပြင်ဆင်ရတာ။ အဲဒါ သားရဲ့ Privacy။ သားရဲ့ ကွက်လပ်။ သားရဲ့ နေရာလွတ်။ မိသားစုတွေမှာ အဲသည် ကွက်လပ်ကလေးတွေ နေရာလွတ်ကလေးတွေ ရှိအောင် ဖန်တီးပေးသင့်တယ်လို့ ဖေဖေကတော့ ထင်မိတာပါပဲကွယ်။

❒

www.burmeseclassic.com

www.burmeseclassic.com

## ဟိုးရှေးရှေးတုန်းကတွေနဲ့ အိမ်ကလေး

### (တစ်)

သား...

သား ငယ်ငယ်တုန်းကပေါ့။ လေးငါးခြောက်တန်းအရွယ်လောက်လို့ ဖေဖေ မှတ်မိနေတယ် သားရဲ့။ ညည အိပ်ရာဝင်လို့ သားကို ဖေဖေ ဖက်ထားရတဲ့အခါ သားပူဆာတတ်တာတစ်ခုကို ဖေဖေ အမှတ်ရနေမိတယ် သားရဲ့။ **'ဖေဖေ သားကို ပုံပြောပြ'** ဆိုတာ သားဖေဖေ့ကို ပူဆာတတ်တဲ့ တစ်ခုတည်းသော စကားပေါ့။ တစ်ခါတစ်ခါ အလုပ်တွေ ပင်ပန်းလွန်းလို့ အိပ်ချင်နေတတ်တာ။ သားကို ဘာပုံပြောပြရရင် ကောင်းမလဲလို့ အဆင်သင့် စဉ်းစားထားပြီးသား ရှိမနေတာတွေကြောင့် သည်ညတော့ မပြောတော့ပါဘူးကွာလို့ ဖေဖေ ပြောဖို့ ပြင်လိုက်မိပေမယ့် ပုံပြင်ကို ကြိုက်တဲ့သားဆန္ဒကို ဟန့်လိုက်တန့်လိုက်မိသလိုဖြစ်မှာ စိုးတာကြောင့် နောက်ဆုံးတော့ ပုံတိုတိုကလေး တစ်ပုဒ်လောက်တော့ ဖေဖေက ပြောဖြစ်အောင်ကို ပြောလိုက်မိခဲ့တာပါပဲ။

ပုံနားထောင်ချင်တဲ့ စိတ်ဟာ ကောင်းတယ် သားရဲ့။ ပုံပြောပြတတ်တယ်ဆိုတာဟာလည်း မိသားစုမှာ လိုအပ်တဲ့ အရည်အချင်းတစ်ရပ်ပေါ့။ ဖေဖေတို့ ငယ်ငယ်က ကလေးဘဝတွေဟာ ပုံပြင်တွေ ထွန်းကားတဲ့ ကလေးဘဝတွေပါပဲ။ အမေ အဖေ ဒါမှမဟုတ် အဘိုးအဘွားရဲ့ ရင်ခွင်မှာ ခေါင်းတိုးဝင်ရင်း အံ့ဩတဲ့အခါ မျက်လုံးကလေး ဝိုင်းသွားလိုက်၊ ပျော်ရွှင်တဲ့အခါ တခွိခွိရယ်လိုက်၊ ကရုဏာသက်တဲ့အခါ မျက်ရည်ကလေး ဝဲသွားလိုက်နဲ့ သိပ်ကို အရသာရှိခဲ့တာပဲပေါ့။

အခု သားတို့ ခေတ်မှာတဲ့ရော၊ ပုံပြင်တွေမှ ထွန်းကားကြသေးပါစ။



www.burmeseclassic.com



## (နှစ်)

အခုခေတ်ကြီးထဲမှာ ရုပ်မြင်သံကြားတွေကတော့ နေရာအနှံ့ပဲ သားရဲ့။ ဒါကြောင့်မို့ TV Game ဆိုတာဟာလည်း အိမ်မှာ၊ ဆိုင်မှာ ဘယ်နေရာ ကစားကစားဆိုတဲ့ အခြေအနေမျိုးပေါ့။ နောက် ကွန်ပျူတာပေါ်လာတဲ့အခါ ကွန်ပျူတာ Game တွေက ပိုတောင်မှ ကောင်းသေးတယ်။ ဒါပေမယ့် အများစုကို ဖေဖေက သဘောမကျဘူး။ သား ကစားခဲ့တဲ့ RA2 တို့ Counter Strike တို့ဆိုတဲ့ ကွန်ပျူတာ Game တွေဟာ စစ်ဖြစ်တာ၊ လူသတ်တာ ဒါတွေပဲ မဟုတ်လား။ လူ့နှလုံးသား၊ လူ့ကျင့်ဝတ်တရားအတွက် ရာခိုင်နှုန်းနည်းလွန်းတယ်လို့ ဖေဖေက ထင်မိတယ်။

အဲသည့်လို TV တို့ ကွန်ပျူတာတို့နဲ့ Game စွဲနေတဲ့ ကလေးတွေကို လူမှုရေး ပညာရှင်တွေက Bionic Kids တဲ့။ သိပ်ကောင်းတဲ့ စကားလုံးပေါ့။ စက်ရုပ်တစ်ပိုင်း လူတစ်ပိုင်းတဲ့။ ဦးနှောက်ဖွံ့ဖြိုးပေမယ့် ဟန်ချက်မညီနိုင်ဘူးတဲ့။ အမြင်ကျယ်ပေမယ့် မနက်ရှိုင်းဘူးတဲ့။ Key board နဲ့ mouse ပေါ်မှာ လက်တင်ကာ ငြိမ်နေရင်ပြီးရောဆိုပြီး လွှတ်ထားမိတဲ့ မိဘ၊ ညောင်းရင် ဝင်အိပ်လိမ့်မယ်လို့ ပစ်ထားတဲ့ မိဘတွေကို ဖေဖေ မကြိုက်ဘူး။

ကမ္ဘာကျော် ဘောလုံးသမား David Back Ham ကို သား သိမှာပေါ့။ သူ ရေးတဲ့ My World ဆိုတဲ့ စာအုပ်ရှိတယ်လေ။ အဲသည့် စာအုပ်ထဲမှာ သူက သူ့သားတွေကို ပုံပြင်စာအုပ်တွေ ဖတ်ဖတ်ပြတယ်ဆိုပဲ သားရဲ့။

ကမ္ဘာကျော် ရုပ်ရှင်မင်းသား ဂျော်နီဒက်ပ်(Johnny Deep)ကိုရော သား သိတယ် မဟုတ်လား။ Pirates of Caribean ထဲက မင်းသားလေ။ အဲသည့် ကားထဲမှာ သူက ကပ္ပတိန်ဂျက်စပဲရိုးအဖြစ် သရုပ်ဆောင်ခဲ့တာ မဟုတ်လား။ သူက သူ့သမီးကလေးရဲ့ ကျောက်ကပ်ရောဂါကို ကုပေးတဲ့ Great Ormond Street က လန်ဒန် ကလေးဆေးရုံကို သွားသတဲ့။ ပေါင် ၁ သန်းလည်း လှူသတဲ့။ ပြီးတော့ ရုပ်ရှင်ထဲက ကပ္ပတိန်ဂျက်စပဲရိုးဝတ်စုံကြီးဝတ်ကာ ကလေးတွေကို ၄ နာရီကြာအောင် ပုံပြောနေခဲ့တယ်ဆိုလား။ ကလေးတွေ ဘယ်လောက်ပျော်လိုက်လေမလဲ။

၁၉၇၃ တစ်ဝိုက်က အမေရိကန်မှာ အရောင်းရဆုံး စာအုပ်တစ်အုပ် ဖြစ်ခဲ့တဲ့ Roots ဆိုတဲ့စာအုပ်ကို ဆရာမောင်ထွန်းသူ ဇာစ်မြစ်ဆိုတဲ့ နာမည်နဲ့ ဘာသာပြန်ခဲ့သေးတယ် သားရဲ့။ မူရင်းစာရေးသူက Alex Haley လေ။ အာဖရိကကနေ အမေရိကကို ကျွန်အဖြစ်ဖမ်းပြီး ပါလာခဲ့ကြတဲ့ လူမည်းတွေရဲ့



ဘဝကို ရေးထားတာပေါ့။ ည–ညတွေမှာ ဘွားအေကြီးတွေက မြေးတွေကို ပုံပြင်တွေပြောရင်း ဇာတိအာဖရိကရဲ့ လိပ်ပြာကို နိုးစေတဲ့ ဇာတ်ဝင်ခန်းတွေကို ဖေဖေ သိပ်သဘောကျတာပဲ။ လူမျိုးတစ်မျိုးရဲ့ အတိတ်၊ လူမျိုးတစ်မျိုးရဲ့ ဓလေ့ထုံးစံ ယဉ်ကျေးမှု၊ ဟာသဇာတ်တွေဟာ ပုံပြင်တွေထဲမှာ နစ်ဝင်နေတာ သားရဲ့။

## (သုံး)

ယုန်နဲ့လိပ် အပြေးပြိုင်တဲ့ ပုံပြင်ဆိုရင် ဖေဖေတို့ သားတို့ လူတိုင်းလိုလို သိတဲ့ ပုံပြင်ပေါ့။ လမ်းတစ်ဝက်မှာ အိပ်နေတဲ့ယုန်၊ မလျှော့တမ်းစွဲနဲ့ တရွေ့ရွေ့သွားနေတဲ့ လိပ်ကလေးတို့ရဲ့ အဖြစ်ကနေ ဇွဲလုံ့လရဲ့ အကျိုးကို သားတို့ သိနိုင်ကြတာပေါ့။

နှာစေးနေတဲ့ ယုန်ကလေး ပုံပြင်ဆိုရင်ကော သားမကြိုက်ဘူးလား။ ခြင်္သေ့ကြီးက သူ့ခံတွင်းနံ့ နံတယ်ဆိုရင်လည်း စားမယ်။ မွှေးတယ်ပြောရင်လည်း မြှောက်ပြောတယ်ဆိုကာ စားမယ်။ ယုန်ကလေးက နှာစေးနေလို့ အနံ့မရပါဘူးခင်ဗျာ ဆိုတော့ အန္တရာယ်က လွတ်သွားရော။ အပြစ်ရှာသူရဲ့ ရှေ့မှာ တစ်ခါတစ်ခါ ဘာကိုမှ ဝေဖန်သုံးသပ်မှု မလုပ်တာ အကောင်းဆုံးပဲ သားရဲ့။

ရွှေယုန်နဲ့ရွှေကျား သက်ငယ်ရိတ်သွားတဲ့ ပုံဆိုလည်း ဖေဖေတို့ငယ်ငယ်က သိပ်ကြိုက်ခဲ့တာပဲ။ ရွှေကျားကြီးက သက်ငယ်တောထဲမှာ သက်ငယ်ရိတ်အချိန် ရွှေယုန်က သစ်ပင်ရိပ်မှာ ရွှေကျားရဲ့ ထမင်းထုပ်ကြီးကို ဖြည်စားပစ်တာ၊ သူ့ထမင်းထုပ်ထဲမှာ ပါလာတဲ့ နွားချေးခြောက်နဲ့ သဲတွေကို ရွှေကျားကြီးရဲ့ ထမင်းထုပ်ထဲ ထည့်ထားတာ၊ နောက်ကျရင် နောက်ချေးနဲ့ သလဲပဲဖြစ်တယ်ဆိုလို့ ရွှေကျား အလုပ်ကိုပဲ ဆက်လုပ် နေခဲ့ရတာ။ အပြန်ခရီးမှာ ယုန်က နေမကောင်းဘူးဆိုလို့ ကျောပေါ်တင်သွားခဲ့ရတာ။ ယုန်က ကျောပေါ်ကနေ မီးခတ် ခတ်တဲ့အခါ အသံထွက်လာတော့ အဖျားတက်တာပါလို့ ညာပြောတာ၊ နောက်တော့ ကျားကြီးကျောပေါ်မှာ သက်ငယ်တွေ မီးစွဲလောင်ပြီး ရွှေကျားကို လောင်တော့ယုန်က ခုန်ချပြီးတောင်ပေါ်ကို ပြေးတက်ခိုင်းတာ။ လေကြောက်ဆို မီးပိုလောင်တဲ့အခါ ကျွဲကသနားပြီး ကျားကို ရေအိုင်ထဲချပေးတာ၊ ကျားတစ်ကိုယ်လုံး မီးလောင်ဖုတွေပေါက်လာတော့ ယုန်က သစ်ငုတ်တိုနဲ့ပွတ်ခိုင်း၊ ဆပ်ပြာနဲ့လူးခိုင်း၊ သစ်ခေါင်းထဲဝင်တော့ ပျားကတုပ်၊ နောက်ဆုံး ရေတွင်း

www.burmeseclassic.com



ထဲ ခုန်ချခိုင်းလို ခုန်ချနဲ့ ရွှေကျားဒုက္ခရောက်နေတုန်း နတ်ကန္နားပွဲက ငှက်ပျော သီးတွေကို ရွှေယုန်ခိုးစားရာက မိသွားပြီး ရွှေယုန်ဒုက္ခရောက်ရတဲ့ ပုံပြင်လေး။ ဖေဖေတို့တတွေ ရွှေကျားကို သနား၊ ရွှေယုန်ကို မုန်းနဲ့ပေါ့။ ပုံပြင်တွေဟာ ရသခံစားမှုနဲ့အတူ အဆိုးအကောင်း ဓမ္မ၊ အဓမ္မခွဲခြားနိုင်အောင် စွမ်းဆောင် နိုင်ရုံသာမက ဟာသနဲ့ ဉာဏ်ပညာကိုပါ ထွန်းလင်းစေတဲ့အရာ သားရဲ့။

## (လေး)

ဆရာတိုက်စိုးက မြန်မာပုံပြင်များဆိုတဲ့ စာတမ်းထဲမှာ ဖေဖေတို့ရဲ့ ယဉ်ကျေးမှုသရုပ်၊ ယုံတမ်းဉာဏ်ဟာ သည်ပုံပြင်တွေထဲမှာ ရှိတယ်တဲ့။ ရှေး လူတွေရဲ့ အယူဝါဒ၊ ရုပ်ဓလေ့ ရွာဓလေ့၊ လောကဓလေ့၊ လူ့သဘော၊ဟာသ အားလုံးသည် ပုံပြင်တွေထဲမှာ ရှိတယ်တဲ့။

ဆရာကြီး မင်းသုဝဏ်ကတော့ ပုံနားထောင်ချင်တဲ့ ဝါသနာဟာ အမျိုးဇာတ်နဲ့လည်း မဆိုင်ဘူး။ အခါကာလနဲ့လည်း မဆိုင်ဘူး။ အရပ်ဒေသနဲ့ လည်းမဆိုင်ဘူးတဲ့။ ကလေးတိုင်းရဲ့ ဝါသနာတဲ့ သားရဲ့။

ဆရာအောင်သင်းကလည်း ပုံပြင်တွေဟာ လောကကို ယုံကြည်စိတ်ချ စေတယ်။ ကလေးဟာ အသိုင်းအဝိုင်းတစ်ခုထဲမှာ ပါဝင်နေတယ်လို့ ခံစား ရစေတယ်။ မေတ္တာစိတ်ကို ရတယ်။ လောကကို အကျိုးပြုချင်တဲ့ စိတ်ရှိ ထွားတယ်။ ရသလည်း ခံစားရ၊ ကစားနည်းတစ်မျိုးလည်း ဖြစ်တယ်လို့ ရေးခဲ့ဖူးတယ် သားရဲ့။

အိန္ဒိယအမျိုးသား စာဆိုတော်ကြီး တဂိုးကတော့ ပုံပြင်တစ်ပုဒ် ပြောပြ ပါဆိုတဲ့ Essay ကလေးတစ်ပုဒ်တောင်မှ ရေးခဲ့ဖူးသေးတယ်လေ။ အပေါင်း အနုတ် အမြှောက်အစားတွေနဲ့ တန်းတူပုံပြင်ဟာ အရေးကြီးပါတယ်တဲ့။

ဖေဖေ အကြိုက်ဆုံး အချက်ကတော့ သားရဲ့ အဖေနဲ့၊ သားသား အဖေ နဲ့ သမီး ရင်းနှီးနွေးထွေးတဲ့ အရသာရယ်၊ ပုံပြင်ဟာ လောကကို သင်္ကေတ လုပ်ထားတဲ့ အနုပညာမို့ ကိုယ်လျှောက်လှမ်းရမယ့် ဘဝလမ်းအတွက် အစမ်း လေ့ကျင့်ခန်း လုပ်သလို ဖြစ်နေတာရယ်တွေပါပဲ။

လူတွေ လူတွေ ပုံမှ ပြောနိုင်ကြ ပြောတတ်ကြသေးရဲ့လား မသိဘူး။ ဖေဖေကတော့ ဟိုးရှေးရှေးတုန်းကလို့ အစချီလိုက်ရတာကို ကြိုက်တယ်။ သားတခစ်ခစ်ရယ်နေတာ၊ မျက်လုံးကလေး ပေကလပ် ပေကလပ် ဖြစ်နေတာ



အားလုံးကို ကြိုက်တယ်။ ဒါကြောင့် ပုံများများ ပြောနိုင်အောင် စာများများ ပြန်ဖတ်နေရပြန်တာပေါ့။

ဟိုး .....ရှေးရှေးတုန်းကနဲ့ အစချီတဲ့ ပုံပြင်များ။ ။

❒

www.burmeseclassic.com

www.burmeseclassic.com

# ရုပ်ရှင်လက်မှတ်တွေနဲ့ အိမ်ကလေး

## (တစ်)

သားရေ...။

တစ်နေ့ ဖေဖေတို့ မိသားစု ရန်ကုန်မြို့ထဲမှာ လျှောက်သွားနေကြတုန်း ဆူးလေဘုရားလမ်းမကြီးကို ဖြတ်သွားနေမိကြတော့ သားက ရုပ်ရှင်ရုံတွေကို ဟိုကြည့်သည်ကြည့်ပေါ့။ အဲသည်တုန်းက ရှေ့ဆောင်ရုံမှာ ပြနေတဲ့ကားက Spider Man ဆိုတဲ့ကားပေါ့။ ပင့်ကူလူသား အပိုင်း ၃။ လက်ရာမြောက်လှတဲ့ ပင့်ကူလူသားပုံ ရုပ်ရှင်ပိုစတာကြီးကို မော့ကြည့်ကာ သားက တအံ့တသြနဲ့။ ဖေဖေကလည်း သားကို ကြည့်စေချင်လို့ကို သည်မေးခွန်းကို မေးခဲ့မိတာ။ ဟုတ်တယ် ရုပ်ရှင်ရုံထဲမှာ သားတို့ ရုပ်ရှင်ကြည့်ရမယ်။

## (နှစ်)

တကယ်တော့ Spider Man ဇာတ်ကားတွေက သားကြည့်ပြီး သားတွေ ချည်းပဲ မဟုတ်လား။ အပိုင်း ၁၊ အပိုင်း ၂၊ အပိုင်း ၃ အကုန်လုံး အိမ်မှာ ဝယ်ထားပြီးသား။ CD တွေနဲ့။ ဒါပေမယ့် ရုံကြီးမှာ သားကြည့်ချင်နေတယ်။ ဖေဖေကလည်း ပြချင်နေမိတယ်။ အိမ်နဲ့ ရုပ်ရှင်ရုံဟာ အရသာမှာ အကွာကြီး ကွာခြားလေရဲ့။

သားရေ။

ဖေဖေတို့ ငယ်ငယ်ကတော့ ရုပ်ရှင်ဆိုရင် ရုံမှာပဲ သားရဲ့။ ရုပ်မြင်သံကြား တို့၊ VIDEO တို့၊ CD တို့၊ DVD တို့ ဘာမှကို မပေါ်သေးဘူး မဟုတ်လား။ နောက်တော့ အဲဒါတွေလည်း အကုန်ပေါ်လာရော လူတွေဟာ ရုပ်ရှင်ရုံတွေ ရှိရာဆီကို မရောက်ဖြစ်ကြတော့ဘူး။ အိမ်မှာပဲ ဖြတ်သွားဖြတ်လာ၊ ထမင်းစား



www.burmeseclassic.com

www.burmeseclassic.com



ရင်း၊ လက်သည်းညှပ်ရင်း၊ သတင်းစာဖတ်ရင်း၊ မီးပူတိုက်ရင်း၊ ရုပ်ရှင်ဇာတ်ကားတွေကို ကြည့်ဖြစ်ကြလေသတဲ့။ အရသာမရှိလှပါဘူး သားရယ်။ ဒါကြောင့်မို့ တစ်ခါတစ်ခါ ရုပ်ရှင်ရုံတွေရှိရာဆီကို ဖေဖေတို့ ထွက်ကြတာပေါ့။

ဖေဖေ့မိတ်ဆွေတွေထဲမှာ ဆရာဝန် စာရေးဆရာ တစ်ယောက်ရှိတယ် သားရဲ့။ ဒေါက်တာဇော်သန်း ဆိုတာပေါ့။ ဟိုတလောကလေးကတော့ MRTV-4 Sunday Talk မှာ သူ့ကို တွေ့တွေ့နေသေးတယ်။ ရုပ်ရှင်အကြောင်းတွေကို တော်တော်သိ၊ တော်တော်လည်း ရူးသွပ်တဲ့သူပါ။ နောက်တစ်ဦးက စာရေးဆရာမဂျူး၊ ရုပ်ရှင်ကို တော်တော်ကြည့်၊ ရုပ်ရှင်အကြောင်းတွေကို တော်တော်လည်းရေးတဲ့ စာရေးဆရာမပေါ့။ ဒေါက်တာဇော်သန်းဆိုရင် သူ့အိမ် ဧည့်ခန်းဟာ ရုပ်ရှင်ရုံကလေးတစ်ရုံအတိုင်းပဲ။ ရုပ်ရှင်ကြည့်တာနဲ့ အမှောင်ချပစ်လိုက်တာ။ Song Box တွေကလည်း ဆင်ထားလိုက်တာ လေးဖက်သံကြား။ တော်တော့်ကို ကြည့်ကောင်းတာပါ။ ဒါပေမယ့် ရုပ်ရှင်ရုံကြီးကိုတော့ ဘယ်မီပါ့မလဲ။

(သုံး)

Spider Man ကြည့်ပြီး ရုံထဲက ပြန်ထွက်လာကြတော့ သားကို ဖေဖေ မေးခဲ့သေးတယ်လေ။ အိမ်မှာကြည့်တာနဲ့ ဘယ်က ပိုကောင်းလဲပေါ့။ သားက ရေခဲမုန့်ခွက်ကို ကော်စားရင်းက ရုံမှာ ပိုကောင်းတယ်တဲ့။ ပြည့်စုံတယ်တဲ့။ အသံအရုပ် ပိုကောင်းတယ်တဲ့။

ဖေဖေတို့တစ်တွေ ရုပ်ရှင်ကြည့်ဖို့ လိုတယ် သားရဲ့။ ရုံကောင်းကောင်းမှာ သေသေချာချာ ကြည့်ဖို့လိုတယ်။ ရုပ်ရှင်ဆိုတာ ဖျော်ဖြေမှုစွက်ထားတဲ့ ပညာရေးလို့ ဖေဖေ ယုံကြည်တယ်။ ဂန္ဒီ (GANDHI) လိုကားမျိုးကို ကြည့်တာဟာ ဖေဖေတို့ သမိုင်းသင်နေတာနဲ့ မတူဘူးလား။ နောက်ဆုံး ဧကရာဇ် (The Last Emperor) ကျတော့ တရုပ်ပြည်ဘုရင်စနစ် ပျက်သုဉ်းသွားပုံ၊ တိုင်တန်းနစ် (TITANIC) ကျတော့ ကမ္ဘာကျော် အပျော်စီးသင်္ဘောကြီး နစ်မြုပ်မှု၊ ကွေးမြစ်ပေါ်က တံတား (The Bridge on the River Kwai) က ထိုင်း-မြန်မာ နယ်စပ် ဂျပန်ခေတ်မှတ်တမ်း၊ ဖောရက်စ်ဂမ့် (Forest Gump) က လူစဉ်မမီ လူကလေးတစ်ယောက်ရဲ့ လူသားအဖြစ် ရပ်တည်နိုင်စွမ်း၊ ရုပ်ရှင်တွေ၊ ရုပ်ရှင်တွေ။



E. T တို့၊ Jaws တို့၊ Jurassic park တို့၊ Schindler's List တို့ကို ရိုက်ခဲ့တဲ့ ဒါရိုက်တာကြီး စတီဗင်စပီးဘတ်(Steven spielberg)ကို Saving Private Ryan ကို ရိုက်ခဲ့တဲ့အတွက် အမေရိကန် ကာကွယ်ရေးဌာနက ဝီလီယံကိုဟင်က စစ်ဌာနချုပ်မှာခေါ်ပြီး ဧည့်ခံသတဲ့၊ Distinguished Public Service ဆုတံဆိပ်လည်းပေးသတဲ့။ အဲသည့်မှာ ဒါရိုက်တာကြီး စပီးဘတ်က 'ကျွန်တော့်သားသမီးတွေ အတိတ်ကို အလေးထားလာစေဖို့' လို့ ပြောသတဲ့။ သိပ်ကောင်းတဲ့ စကား။ ရုပ်ရှင်ဟာ အတိတ်ရဲ့ မှတ်တမ်းလည်း ဖြစ်တာပေါ့။

အခုဆို တော်ဖလာ(Alvin Toffler) ရဲ့ နာမည်ကျော် တတိယလှိုင်း (Third Wave) တို့၊ အနာဂတ် သွေးလန့်မှု (Future shock) တို့လို စာအုပ်တွေကိုတောင် ဂျပန် NHK က၊ ကနေဒါပညာရေး အဖွဲ့နဲ့ပေါင်းပြီး ရုပ်ရှင်ရိုက်ထားသတဲ့။ ကြည့်ချင်စရာပဲနော်။

ဖေဖေ့ မိတ်ဆွေ စာရေးဆရာ နေဝင်းမြင့်က တရုတ်ပညာရှင် တစ်ယောက်ရဲ့ စကားကို ကိုးကားပြီး V သုံးလုံး ရုပ်ရှင်တွေအကြောင်း ရေးဖူးသေးတယ် သားရဲ့။

အကြမ်းဖက်မှု (Violence)၊ အနှစ်သာရမဲ့မှု (Vacuity)၊ လိင်ကိစ္စကို ခိုးကြည့် ကြည်နူးလိုမှု (Voyeurism)တဲ့၊ အဲသည်လို V သုံးလုံး ရုပ်ရှင်တွေက လွဲရင် ဂုဏ်သိက္ခာကြီးသော ရုပ်ရှင်တွေကို ဖေဖေတို့ ကြည့်သင့်ကြတာပေါ့။

(လေး)

သားရေ...။

အိမ်မှာက အာရုံတွေ ထွေပြားတယ် သားရဲ့။ Do one thing at a time တစ်ကြိမ်မှာ တစ်ခုတည်းလုပ်ဆိုတဲ့ အရစ္စတိုတယ်ရဲ့ စကားလို တစ်ခုခု လုပ်ရင်းနဲ့ ရုပ်ရှင်ကြည့်ရတာ ဖေဖေတို့ အကုန်လုံး မရနိုင်ပါဘူး။ ပြီးတော့ အလင်းရောင်ကြီးထဲမှာ။

ရုပ်ရှင်ဆိုတာက အမှောင်ထဲမှာ။ လူ့ဘဝ ဇာတ်ခုံပေါ်က အဖြစ်သနစ်တွေကို လူတွေနဲ့အတူတူ အကဲဖြတ်သုံးသပ်ရင်း အစုလိုက် အအုံလိုက် ခံစားရတာဟာ အရသာတစ်မျိုး သားရဲ့။ ပတ်ဝန်းကျင်နဲ့လည်း ထိလိုတွေ့လို့။

www.burmeseclassic.com



နောက်တစ်ခါ ကားကောင်းကောင်း ရုံတင်ရင် ဖေဖေ့ကို ပြောဦးပေါ့။ အိမ်မှာ ကြည့်ပြီးသားပေမယ့် ထပ်ကြည့်ကြရအောင်။ အပြင်ကိုလည်း မျှော်ငေးဖြစ်၊ တစ်ခုခုလည်းစားဖြစ်၊ သောက်ဖြစ်၊ ဒါဟာလည်း မိသားစုရဲ့ အရသာတစ်မျိုးလို့ ထင်မိတာပါပဲ။

❒

BURMESE CLASSIC .com

# လမ်းလျှောက်ဖိနပ်တွေနဲ့ အိမ်ကလေး

## (တစ်)

သားရေ ထထ၊ ဖေဖေတို့ လမ်းလျှောက်ထွက်ကြစို့ရဲ့။

အဲဒါ ခြေခင်းလက်ခင်း သာယာတဲ့ မနက်ခင်းတိုင်းမှာ သားကို ဖေဖေ နှိုးနေကျ စကားပဲ သားရဲ့။ ဟုတ်တယ် မိုးရွာတဲ့ ရက်တွေနဲ့ ဖေဖေအိမ်နဲ့ အဝေးမှာ ရောက်နေတဲ့ ရက်တွေကလွဲရင် ဒါဟာသားကို ပြောနေကျ စကားပဲလေ။ မနက်မလင်းခင်မှာ ဖေဖေတို့ မိသားစု လမ်းလျှောက်ထွက်ကြစမြဲ မဟုတ်လား။ သားကလည်း တစ်ခါမှ အီလေးဆွဲနေတယ်လို့ မရှိပါဘူး။ ခေါက်ခနဲ ထလာတာပါပဲ။ ရှုံ့ရှုံ့တွေ ဘာတွေ ပေါက်တန်ပေါက်၊ အိမ်သာဝင်ချင်လည်းဝင်၊ အနွေးထည်ကောက်စွပ်၊ ဦးထုပ်ကောက်ဆောင်း၊ Walking Shoe ကို ခြေအိတ်တွေ ဘာတွေနဲ့ ဟန်ကျပန်ကျဝတ်၊ လမ်းလျှောက်ဖို့ အသင့်ပဲ ဆိုပါတော့။

## (နှစ်)

ဖေဖေတို့ လမ်းလျှောက်ဖြစ်ကြတာ တော်တော့်ကို ကြာခဲ့ပြီ သားရဲ့။ သားတို့ သားမတို့ မမွေးခင်ကတည်းက ဖေဖေနဲ့မေမေဟာ မနက်မလင်းခင် လမ်းလျှောက်ထွက်ကြစမြဲပဲ။ နောက် သားမကို မွေးပြီး သားမ သမ်းလျှောက်လို့ ကောင်းတဲ့အရွယ်မှာ ဖေဖေတို့ မိတ္ထီလာကန်ကြီးကို ပတ်ပြီး လမ်းလျှောက်ရတာ သိပ်အရသာရှိတာပဲ။ တမာနံ့တွေက မွှေးလို့၊ ကန်ရေပြင်ကြီးကို ဖြတ်တိုက်လာတဲ့လေက အေးပြီး၊ လတ်ဆတ်နေတာပဲ။ မြင်းလှည်းကလေးတွေက တခွပ်ခွပ်နဲ့။ တစ်ခါတစ်ခါ သာ[illegible]ဘက်အထွက်

www.burmeseclassic.com

www.burmeseclassic.com





အထိ ရောက်အောင်သွားပြီး ရှမ်းတောင်တန်းကြီးတွေကို ငေးရတာ၊ မြင်းခြံဘက်အထွက် ကန်ပေါင်ရိုးပေါ်ကနေ ပုပ္ပားတောင်ပြာ မှိုင်းမှိုင်းကြီးကို လှမ်းမျှော်ရတာ ခုထိ ဖေဖေ သတိရနေမိတာပေါ့။ နည်းနည်းကလေး ညောင်းသွားရင် လက်ဖက်ရည်ဆိုင် တစ်ဆိုင်ဆိုင်ဝင်၊ ပဲပလာတာစား၊ သိပ်ကောင်းတဲ့ အရသာပေါ့။ တစ်ခါတစ်ခါတော့ မိတ္ထီလာကန်စောင်း ပေါက်ချောင်းရပ်နားက နာမည်ကျော် ပေါက်ချောင်းအကြော်ဆိုင် ဝင်ထိုင်ပေါ့။ အိမ်ပြန်ရောက် ရေမိုးချိုးပြီးတဲ့အခါ တစ်ကိုယ်လုံး လန်းဆန်းပေါ့ပါးလို့ အလုပ်လုပ်လို့လည်းကောင်း၊ စာရေး စာဖတ်လုပ်လို့လည်းကောင်း။

တစ်ခါက ဆောင်းရာသီ အားလပ်ရက်ရှည်ရှည်ကြီး တစ်ခုထဲမှာ ဖေဖေတို့ ကမ္ဘောဇရဲ့မြို့တော် တောင်ကြီးကို ရောက်နေခဲ့ကြသေးတာပေါ့။ သားမမက မနက်ဆို လမ်းလျှောက်မယ် တကဲကဲ။ မြစိမ်းတောင်ခြေကို ပတ်ပြီးလမ်းလျှောက်ကြတဲ့အခါ၊ ချယ်ရီပန်းတွေကို ရှုးခိုင်းလား ရှုးခိုင်းရဲ့ ရှမ်းတို့ဟူးကြော်ဆိုင် တစ်ဆိုင်ဆိုင်၊ ရှမ်းခေါက်ဆွဲဆိုင် တစ်ဆိုင်ဆိုင်ထဲ ဝင်မလားဝင်ရဲ့။

သားကို မွေးပြီးလို့ ဖေဖေတို့ ဟသ်ာတမှာ နေကြတဲ့အခါ၊ တစ်ခါတစ်ခါ ကျောင်းထဲမှာ ပတ်လျှောက်၊ တစ်ခါတစ်ခါ ရေဝတီဘားက တာကြီးပေါ်တက်လျှောက်၊ အပြန် ဟသ်ာတမုန့်ဟင်းခါး ကောင်းကောင်းဝင်စား၊ မန္တလေးကို ရောက်တော့ရော ဖေဖေတို့ မနက်မနက် ကျုံးကြီးကိုပတ်ပြီး လမ်းလျှောက်ကြတာပဲ မဟုတ်လား။ မန္တလေးနန်းတော်ကြီးနဲ့ မန္တလေးတောင်နဲ့ မန္တလေးမြို့ရဲ့ မနက်ခင်းဟာ လှပအေးချမ်းလိုက်တာ။ ပြီးရင် မန္တလေးမုန့်တီဆိုင် ကောင်းကောင်းထဲ ဝင်ပေတော့။

## (သုံး)

ဖေဖေကတော့ ဘယ်မြို့ကို ရောက်ရောက်လမ်းထလျှောက်တာပဲ သားရဲ့။ မြစ်ကြီးနားကို ရောက်သွားတုန်းကလည်း ဒါရိုက်တာ ကြည်စိုးထွန်းရယ်၊ ဆရာချစ်ဦးညိုရယ်၊ ဖေဖေရယ် မနက်လင်းတာနဲ့ မြို့ကိုပတ်ပြီးပြီ ကလော၊ အောင်ပန်း တစ်ဝိုက်ကိုရောက်တော့ရော စာရေးဆရာ ကိုတာနဲ့ ဖေဖေ မနက်မလင်းခင် အခန်းကထွက်ပဲ။ တမာနံ့တွေကို ရှူရင်း ပေါ်မောမော့တက်သွားရတဲ့ ပုဂံရွှေစည်းခုံအဝင်လမ်းကို ဖေဖေကြိုက်တယ်။ ကမ္ဘောဇဆန်လှတဲ့ မကွေးမြို့သလွန်အတက် မနက်ခင်းလမ်းကို ဖေဖေကြိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ချောင်းသာကမ်းခြေမှာ ပင်လယ်လေရှူရင်း ဖိနပ်ဗလာနဲ့ အေးမြမြနင်းသွားရတဲ့ သောင်ပြင်လမ်းကို ဖေဖေ မြတ်နိုးတယ်။ ဟိုတလောလေးကပဲ ရွှေတောင်မြို့ကို ရောက်သွားတော့ ကြော်စားဖို့ဆိုပြီး ခါချဥ်ဥတွေ ဝယ်နေလေရဲ့။ မနက်ခင်းတွေဟာ အသစ်အဆန်းတွေနဲ့ပါ သာ:ရယ်။

စာရေးဆရာကြီး မြသန်းတင့်ဆို ဖေဖေနဲ့ ရင်းနှီးခဲ့တာပေါ့။ တော်တော်ကို လမ်းလျှောက်တဲ့ ဆရာကြီး။ တစ်ခါတစ်ခါ သူလမ်းလျှောက်အပြန် ဖေဖေနဲ့ ဆုံတဲ့အခါ လက်ဖက်ရည်ဆိုင်တွေဘာတွေ ရောက်သွားတတ်တယ် သား:ရဲ့။ ဆရာ့မှာ ချွေးတွေရွှဲနစ်လို့။ အိမ်ပြန်ရောက်ရင် စာရေးစားပွဲမှာ တစ်နေကုန် ထိုင်ပေတော့။

လူတစ်ယောက်ရဲ့ အကောင်းဆုံး ဆရာဝန်ဟာ သူ့ခြေထောက်နှစ်ချောင်းပဲဆိုတဲ့ အဆိုအမိန့်ကို သား:လည်း ကြားဖူးမှာပေါ့။ ရုပ်မြင်သံကြားရှေ့၊ ကွန်ပျူတာရှေ့၊ စာရေးစားပွဲခုံမှာပဲ နေ့စဉ် အချိန်ကုန်ပြီး ကျန်းမာရေးကလည်း သေးလို့၊ စိတ်နေစိတ်ထားကလည်း ကျုံ့ယုံ့နေတဲ့ အဖြစ်တွေကို ဖေဖေကတော့ သဘောမကျချင်ဘူး။

အခုဆို ဖေဖေတို့ တစ်ခါတစ်ခါ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဘက်ကို၊ တစ်ခါတစ်ခါ ငမိုးရိပ်ချောင်းကူးတံတားကို ကျော်ကာ မြောက်ဒဂုံအဝင်နားထိ၊ တစ်ခါတစ်ခါ မြောက်ဥက္ကလာတစ်ပတ်၊ စိတ်ကူးတည့်သလို လျှောက်ဖြစ်နေခဲ့ကြတာ ကြပါပကော။ လမ်းပေါ်မှာ ကားတွေကလည်း ရှင်းလို့၊ တစ်ခါတစ်ခါ ပန်းပျိုးပင်ပေါက် ရောင်းသူကလေးတွေနဲ့၊ တစ်ခါတစ်ခါ မုန့်ဟင်းခါးနံ့ တထောင်းထောင်းနဲ့။ တစ်ယောက်နဲ့တစ်ယောက် လှလျှောက်လိုက်ကြ၊ နောက်လိုက် ပြောင်လိုက်ကြ၊ ဟိုဟိုသည်သည် ငေးမျှော်လိုက်ကြနဲ့၊ စိတ်တွေမှာ တုံ့ဆိုင်းအုံ့မှိုင်းမနေတော့ဘူး။ နေလိုလင်းပွင့်လာပါရော။ တစ်နေ့တာခရီးကို မောင်းနှင်ဖို့ အဆင်သင့်။

ဒါကြောင့်မို့ သားတို့ကို မနက်မနက် လမ်းလျှောက်ဖို့ ဖေဖေကနှိုးရတာ သား:ရဲ့။ သား:က Walking Shoe လှလှလေးနဲ့ပေါ့။ ဖေဖေနဲ့ မမကတော့ ရိုးရိုးကင်းဘတ်ကလေး ကိုယ်စီကိုယ်စီ။ မေမေကတော့ ညှပ်ဖိနပ်ကလေးနဲ့ပဲ လျှောက်လိုက်ကြဦးစို့ရဲ့။

❐

## ကစားစရာတွေနဲ့ အိမ်ကလေး

### (တစ်)

ဖေဖေရေ သား:တို့ မြွေကစားရအောင်တဲ့။ ဟိုးတစ်နေ့က မိုးတစိမ့်စိမ့်ကျောင်းအားရက် တစ်ရက်မှာ ပျင်းနေလို့ ထင်ပါရဲ့။ သား:က ဖေဖေ့ကို ပူဆာခဲ့တာလေ။ ဒါနဲ့ ဖေဖေလည်း ဖတ်လက်စ စာအုပ်ကလေးကို ဘေးချ၊ သား:မမပါ ခေါ်ကွာဆိုပြီး မြွေကစားဖြစ်ကြတာ တစ်ပွဲပြီး တစ်ပွဲဆိုပါတော့။

မြွေကစားတယ်ဆိုတာ ဖေဖေတို့ ငယ်ငယ်ကတည်းက ကစားခဲ့ကြတဲ့ ကစားနည်းတစ်ခုပါပဲ သား:ရယ်။ စက္ကူကတ်ပြား:ပေါ်မှာ အကွက်တွေကို တစ်ကနေ တစ်ရာအထိ လုပ်ထား၊ လှေကားနဲ့တွေ့ရင် အပေါ်တက်၊ မြွေနဲ့တွေ့လို့ အမျိုခံရရင် အောက်ပြန်ဆင်း။ အံစာတုံးကလေးကို တစ်ယောက်တစ်ခါလှည့်၊ ကျပဲ့နံပါတ်အတိုင်း ရွှေ့ကစားကြရတဲ့ ကစားနည်းပါပဲ။ လှေကားနဲ့ဆုံလို့ တက်ခွင့်ရရင် ပျော်လိုက်ကြ။ မြွေနဲ့ကြုံလို့ အမျိုခံရရင် စိတ်မောလိုက်ကြနဲ့ စိတ်လှုပ်ရှားရတဲ့ ကစားနည်း တစ်ခုပဲပေါ့။

ပြောရရင် သား:ရေ ဖေဖေ့အသက် ဖေဖေ့အရွယ်နဲ့ မြွေကစားရတာ ပျော်သလားမေးရင် ပျော်တယ်လို့တော့ ဘယ်ဟုတ်ပါ့မလဲကွာ။ စာအုပ်ကလေးပဲ ဖတ်နေချင်တာပေါ့။ ဒါပေမယ့် ဖေဖေ ကစားတယ်။ အချိန်ပေးပြီးတော့ကို ကစားတယ်။ အဲဒါ သား:အတွက်လို့ဆိုရင် သား: နားလည်နိုင်မယ် ထင်ပါရဲ့။ ဟုတ်တယ်။ သား:တို့ဟာ ကစားဖို့ လိုတယ် သား:ရဲ့။

www.burmeseclassic.com





## (နှစ်)

သားရေ။

ဖေဖေတို့ ငယ်ငယ်တုန်းကတော့ ကစားလို့ရတာ အကုန်ကစားတဲ့အထဲမှာ ဖေဖေတို့ ပါတာပေါ့။ နယ်မှာ နေခဲ့ရတာမို့ ကစားစရာတွေက ဆါမှ ပေါ။ ကစားဖို့ကလည်း လွတ်လပ်။ ရွာအပြင်ထွက်ပြီး ဘောလုံးကန်ချင်ကန်၊ စွန်လွှတ်ချင်လွှတ်၊ စိမ်ပြေးချင်ပြေး၊ စစ်တိုက်တမ်းကစားချင်လည်း ကစား။ ရွာထဲမှာလည်း ထမင်းဟင်းချက်တမ်း ကစားသူကစား၊ တူတူပုန်းသူပုန်း၊ ဇယ်တောက်တာ၊ ဖန်ခုန်တာ၊ လိပ်ဥဝှက်တာ၊ ထုပ်ဆီးတိုးတာ၊ ညောင်ပင်တစ္ဆေ၊ ရွှေစွန်ညို၊ ကြက်ဖခွပ်၊ ဆရာဝန်လုပ်တမ်း၊ ဆရာ၊ ဆရာမ လုပ်တမ်း အမျိုးစုံအောင်ကို ကစားခဲ့ကြတာပေါ့။

ကစားတယ်ဆိုတာ လူ့ခန္ဓာကိုယ်ကို ဖွံ့ထွားလန်းဆန်းစေရုံသာမက စိတ်ကို ကျေနပ်ပြည့်ဝစေတဲ့အလုပ် သားရဲ့။ ဒါကြောင့်မို့ လူတွေဟာ ကစားဖို့ လိုအပ်တာပေါ့။ အစုအဝေးနဲ့ ကစားဖို့ လိုသလို တစ်ယောက်တည်းလည်း ကစားဖို့ လိုအပ်တာပါပဲ။

မင်းက လူဆိုးလုပ်၊ ငါက ရဲသားလုပ်၊ ဒါမှမဟုတ် ညည်းက ကျောင်းသူလုပ်၊ ငါက ဆရာမလုပ် အဲသည်လို ကစားတာမျိုးကို ကိုယ့်ကိုယ်ကိုယ် အစားထိုးပြီး ကစားတာလို့ ခေါ်တယ်သားရဲ့။ အဲသည်လို လုံးဝ မကစားဘဲ အမြဲတမ်း တစ်ယောက်တည်း ကစားနေရင် အော်တစ်ဇင်(Autism) ဆိုတဲ့ အထီးကျန် စိတ်ဝေဒနာမျိုး ဝင်သွားတတ်တယ်လို့ နိုင်ငံတကာ ဆေးရုံက ကလေးစိတ်ပညာရှင် **ဒေါက်တာ ရှောက်ကီ** က ပြောဖူးတယ်လေ။

ဒါကြောင့်မို့ တစ်ခါတစ်ခါ ဖေဖေနဲ့သားနဲ့ သတ်တမ်းပုတ်တမ်း ကစားကြတဲ့အခါ ဖေဖေက သားနောက်ကျောကို သေနတ်နဲ့ချိန်ပြီး မင်းတို့ ဂုက်ထားတဲ့ ရတနာသိုက်ကို ငါ့ကိုပြစမ်း ဘာညာနဲ့လုပ်တဲ့အခါ သားကလည်း ပြပါ့မယ် ဆရာကြီးရယ် ဘာရယ်နဲ့ ပြန်ပြောရင်း ကစားတာမျိုးဟာ ကိုယ့်ကိုယ်ကို အစားထိုး ကစားတာပဲပေါ့ သားရယ်။ ဒါဟာ အရေးကြီးတဲ့ လိုအပ်ချက်ပေါ့။

အမေရိကန်နိုင်ငံ ယေးလ်တက္ကသိုလ်က စိတ္တဗေဒ ပညာရှင် **ဒေါ်ဒိုသီ ဆင်းဂါး** ကတော့ ကလေးတွေရဲ့ တစ်ခုခုလုပ်တမ်း ကစားချင်စိတ်ကို မပိတ်ပင်ရဘူးတဲ့။ စိတ်ကူး စိတ်သန်းကို လျော့ကျစေတယ်တဲ့။ ဖေဖေတို့ဆီက အငြိမ်းစား စိတ်ပညာပါမောက္ခ ဆရာမကြီး **ဒေါ်ခင်အေးမြင့်** ကတော့ TV

www.burmeseclassic.com

တို့လို၊ Computer တို့လို ပစ္စည်းတွေရဲ့ ရှေ့မှာပဲ ထိုင်နေတတ်တဲ့ ကလေးဟာ စဉ်းစားတီထွင်မှု အားနည်းမယ်။ အပြန်အလှန် ဆက်သွယ်မှုမှာ အားနည်းမယ်လို့ သတိပေးဖူးပါရဲ့။

ကလေးစိတ်ပညာ ပါရဂူဆရာကြီး **ဒေါက်တာသိန်းလွင်** ကတော့ ကလေးတစ်ခုခုနဲ့ ဆော့ကစားနေတာဟာ ရမ်းလုပ်နေတာ မဟုတ်ဘူးတဲ့။ စိတ်ကူးစိတ်သန်း ထည့်လုပ်နေတာတဲ့။ ပြီးဆုံးရင် ကျေနပ်မှုရတယ်တဲ့။

ဟုတ်မယ်သားရဲ့။ တချို့ကလေးတွေများ သစ်သားတုံးကလေးနှစ်တုံးလောက်နဲ့ပဲ တစ်တုံးက အမေ ဖြစ်လိုက်၊ တစ်တုံးက သားဖြစ်လိုက်။ တော်ကြာ ကားနှစ်စီး ဖြစ်သွားလိုက်၊ တော်ကြာ မီးရထား၊ တော်ကြာ သင်္ဘော၊ တော်ကြာ တိုက်တွေ အိမ်တွေ၊ စိတ်ကူး စိတ်သန်းထဲမှာ လိုသလို ဖြစ်နေတဲ့ ကမ္ဘာ။

လူတွေဟာ ကစားဖို့ လိုတယ် သားရဲ့။

## (သုံး)

သားရေ။

မြို့ပြခေတ် သားတို့ ကလေးတွေမှာ ကစားဖို့ နေရာ ရှားပါးနေသလားပဲကွ။ လူနေထူထပ်ပြီး ကျပ်ညပ်နေတဲ့ မြို့ပြမှာ သားတို့ ဘယ်နေရာမှာ သွားကစားမလဲ။ ပြီးတော့ အချိန်။ သားတို့မှာ ကစားဖို့ အချိန်ရော လုံလောက် ပါရဲ့လား။

ဒါကြောင့်မို့ ဖေဖေက မိသားစုအတွင်းမှာ ဆော့ကစားတတ်တဲ့ အကျင့်ကလေးတွေ ဖြစ်လာအောင် ပျိုးထောင်နေတာ သားရဲ့။ နယ်တစ်ခုကို ရောက်တုန်းကဆို ဖေဖေရယ်၊ မေမေရယ်၊ မမရယ် တစ်ခါတစ်ခါ ကြက်တောင် ထွက်ရိုက်၊ တစ်ခါတစ်ခါ စစ်တုရင်ထိုး သိပ်ပျော်စရာ ကောင်းတာပဲ။

အခု သားကျတော့ တစ်ခါတစ်ခါ ဖေဖေနဲ့ ဘောလုံးကန်၊ တစ်ခါတစ်ခါ နပန်းသတ်၊ ကျားထိုး၊ မြွေကစားအစုံပေါ့။ တစ်ခါတစ်ခါကျတော့ ပလတ်စတစ်အရုပ်ကလေးကို ဟိုကတပ် သည်ကဖြုတ်နဲ့ စက်ရုပ်ဖြစ်သွားလိုက်၊ လေယာဉ်ဖြစ်သွားလိုက်၊ မော်တော်ကား ဖြစ်သွားလိုက်၊ အဲသည့်အခါမျိုးမှာ သားလက်အားနဲ့ ဖိလို့ တပ်လို့မရတဲ့ အစိတ်အပိုင်းကလေးတွေကို ဖေဖေက ဝိုင်းဖိ ဝိုင်းတပ်နဲ့ ဆူဆူညံလို့။

အပြင်မှာ ထွက်ကစားဖို့ အခါခပ်သိမ်း မဖြစ်နိုင်ပေမယ့် ကိုယ့်မိသားစုအတွင်းမှာပဲ ဆော့ကစားကြတဲ့အခါ စိတ်ကူး စိတ်သန်းတွေကို ကွန့်မြူးစေရဲ့။



တော်ဝန်းကျင်နဲ့ သဟဇာတဖြစ်အောင် နေလိုမှုကို တိုးပွားစေရဲ့။ စိတ်ကျေနပ်ပျော်ရွှင်မှု၊ ကိုယ်ကာယ ဖွံ့ထွားသန်မာစေမှု၊ မိသားစုချင်း နွေးထွေးမှု အများကြီးမှ အများကြီးပါပဲ သားရယ်။

အခုလည်းကြည့်။

သားက မြွေကစားရအောင်တဲ့။

ဖေဖေကလည်း ကစားဖို့ အဆင်သင့်ပါပဲပေါ့။ ကဲ…အံ်စာတုံးကို သေသေချာချာခေါက်။ အကွက်ကျော် မရွှေ့ကြေး။ စလိုက်ကြစို့။

❐

www.burmeseclassic.com

## အမှတ်တရလက်ဆောင်တွေနဲ့ အိမ်ကလေး

### (တစ်)

သားရေ...

ဟိုးတလောက ဖေဖေ အိမ်ကို ပြန်ရောက်တော့ သားရယ်၊ သား မမရယ်၊ မေမေရယ် မျက်နှာတွေ ပြုံးစိစိနဲ့။ ထူးတော့ ထူးသလိုလိုပါပဲလို့ ဖေဖေ့စိတ်ထဲမှာ ထင်လိုက်မိသား။

အဲသည့်နေ့က နယ်ကနေအပြန် ဖေဖေ ရန်ကုန်ကို ပြန်ရောက်တာ နည်းနည်းကလေး နောက်ကျတယ် သားရဲ့။ အဝေးပြေးဂိတ်ကနေ ဘတ်စ်ကား တစ်ဆင့်စီး၊ ဘာညာနဲ့ ဖေဖေ အိမ်ရောက်တော့ မှောင်တောင်မှ နေပါ ရောလား။ ဒါနဲ့ ရေမိုးချိုး ညစာစားပြီးတော့ ရုပ်မြင်သံကြားရှေ့မှာ မိသားစု နားနားနေနေ ဆိုပါတော့။ ညစာ စားနေကြတဲ့ ထမင်းဝိုင်းမှာကတည်းက မေမေနဲ့ သားတို့ မောင်နှမတစ်တွေ တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်လိုက်ကြပြီးတော့ ရယ်လိုက်၊ ပြုံးလိုက်ကြနဲ့ ဘာလဲမသိဘူးလို့တော့ ဖေဖေ တွေးနေခဲ့မိသား။

ရုပ်မြင်သံကြားရှေ့မှာ ဝိုင်းဖွဲ့ဖြစ်တော့မှ သားမမက အိမ်ခန်းထဲကို အသာဝင်သွား။ ပြီးပြန်ထွက်လာတော့ လက်ထဲမှာ အထုပ်ကြီး တစ်ထုပ်ပိုက် လို့။ ဖေဖေ့အရှေ့ကို လာချထားတဲ့ အဲသည့်အထုပ်ကို ကြည့်လိုက်တော့ ပလတ်စတစ် အကြည်သားကို ဖောက်ပြီး မြင်နေရတဲ့အထဲမှာ ခရီးဆောင် အိတ်ကြီး တစ်အိတ်။ လှလိုက်တာ။

ရေဘူး ထည့်စရာ နေရာကလေးနဲ့။ အဝတ်အစားကလည်း လေးငါးစုံ လောက်ကို ဆန့်မယ်ထင်ပါရဲ့။ ကင်မရာတို့၊ ရေဒီယိုတို့၊ အသံဖမ်းစက်တို့



www.burmeseclassic.com



ထည့်စရာ နေရာကလေးလည်း ပါသေး။ ခရီးပြီးခရီး ဆက်နေတတ်တဲ့ သူမို့ ဖေဖေ တော်တော့်ကို သဘောကျသွားမိတယ် သားရယ်။ ဘာအမှိုက်မှ ပါလိမ့် ဆိုတဲ့ မျက်လုံးနဲ့ ဖေဖေက ဝေ့ကြည့်မိတော့မှ သားနဲ့ သားမေမေက ....

'ဖေဖေမွေးနေ့ Happy birthday' တဲ့။

ဪ ဟုတ်ပါရဲ့။ အဲသည့်နေ့က ဖေဖေ့ မွေးနေ့ပေကိုး။ ဖေဖေတောင် မေ့လို့။ သားတို့တစ်တွေ မုန့်ဖိုးထဲကနေ ဖဲ့စုထားပြီး ဖေဖေ့ကို လက်ဆောင် ဝယ်ပေးတာကိုး။ သည်အစီအစဉ်မှာ မေမေက အဖွဲ့ခေါင်းဆောင်ပေါ့။ ရက် တော်တော်ကြာကြာကတည်းက သားတို့ကြံပြီး စီစဉ်နေကြပုံကို တွေးမိပြီး ဖေဖေ မျက်ရည်ဝဲတဲ့အထိ ကြည်နူးမှု ဖြစ်ရတာ အမှန်ပါပဲ။ ဖေဖေ့မွေးနေ့ကို သားတို့ ရင်ထဲမှာ အမှတ်တရ ရှိနေတယ် ဆိုတဲ့အသိ၊ ခံစားချက်၊ မိသားစု အရသာတွေဟာ သည်နေရာမှာ နွေးနွေးထွေးထွေး ရှိသွားလိုက်တာ။

## (နှစ်)

သားရေ။

သားတို့ကသာ ထူးထူးခြားခြားနဲ့ ဖေဖေမွေးနေ့ အမှတ်တရ လက်ဆောင်ကို သည်တစ်ခါ ပေးလာတာ ဖြစ်ပေမယ့် ဖေဖေကတော့ သားတို့ရဲ့ မွေးနေ့ရက်တွေ ရောက်တိုင်းမှာ တစ်ခုမဟုတ် တစ်ခု အမှတ်တရ ပေးနေကျ ဆိုတာ သားတို့အသိပဲ မဟုတ်လား။

သားကိုရော၊ သားမမကိုရော၊ ဘယ်တုန်းကမှ ဖေဖေတို့ အမှုမဲ့ အမှတ်မဲ့ ဖြစ်ကျော်မသွားခဲ့ဘူး။ အသက်အရွယ်နဲ့ လိုက်ဖက်ရာရာ လမ်း လျှောက်ဖိနပ်ကလေးတွေ၊ ကွန်ပါဘူးကလေးတွေ၊ ကျောပိုးအိတ်ကလေးတွေ၊ မွေးပွအရုပ်ကလေးတွေ၊ နာရီကလေးတွေ၊ MP 3 player ကလေးတွေ၊ T-Shirt တို့၊ ဘောင်းဘီလှလှကလေးတို့ အစုံပါပဲ သားရယ်။ ပွဲတွေ လမ်းတွေ နဲ့ ဖိတ်ဟယ်၊ ကြားဟယ်၊ ကျွေးဟယ်၊ မွေးဟယ် မလုပ်ဖြစ်ခဲ့ပေမယ့်လည်း မိသားစု တစ်ခုမဟုတ်တစ်ခု အမှတ်တရ လုပ်စားဖြစ်ကြရင်း မွေးနေ့လက် ဆောင်ကိုတော့ သားနဲ့သားမမကို ဖေဖေနဲ့မေမေက ပေးဖြစ်ခဲ့တာချည်းပဲ။

ဒါဟာ မိသားစုထဲမှာ တစ်ယောက်နဲ့ တစ်ယောက် အလေးအနက် ထားမှု၊ တန်ဖိုးထားမှု၊ ချစ်မြတ်နိုးမှု စတဲ့ စိမ်းစိုသော၊ ပြီးတော့ နွေးထွေး သော ပြီးတော့ အသိုက်အမြုံဓာတ်ကို ပေးသော အလုပ်တွေလို့ ဖေဖေက ယူဆချင်မိတယ် သားရာ။



ဘာအမှတ်တရမှ မရှိတဲ့ မိသားစုတွေကို သား သတိထားမိလား။ မသိဘူး။ ဖေဖေ ဘယ်နေ့မွေးသလဲ မသိဘူး။ မေမေ ဘယ်နေ့မွေးသလဲ စိတ်မဝင်စား။ သားမွေးနေ့ကို ဂရုမစိုက်။ သမီးမွေးနေ့ကို အလေးမပြု။ ဖေဖေနဲ့ မေမေတို့ရဲ့ အိမ်ထောင်သက်ကို မတွက်ချက်မိ။ တစ်ယောက်ကို တစ်ယောက်အမှုမဲ့ အမှတ်မဲ့ ဖြတ်သန်းမိကြတဲ့ အသိုက်အမြုံကလေးတွေဟာ ဘယ်လောက်များ နွမ်းရော်လို့ ဘယ်လောက်များ သွေ့ခြောက်ကြလေမလဲ။

သားတို့ သားမမတို့ကို အမှတ်တရ လက်ဆောင်ပေးတဲ့ နေ့တွေမှာ ရယ်မောနေတဲ့ သားတို့ နှုတ်ခမ်းတွေ၊ လင်းတောက်နေတဲ့ သားတို့မျက်လုံးတွေ၊ လက်ဆောင်ကို ပွေ့ပိုက်ထားတဲ့ သားတို့လက်တွေ၊ စီစီညံနေတဲ့ စကားသံတွေ အိမ်ဟာအိမ်နဲ့တူအောင်ကို အသက်ဝင်လို့။

အခုကြည့်။

သားတို့ ပေးလာခဲ့တဲ့ အမှတ်တရ မွေးနေ့လက်ဆောင်အိတ် ကလေး ဟာ ဖေဖေတို့ မိသားစုအပေါ် နောက်ထပ် ရွာသွန်းလိုက်တဲ့ မိုးတစ်မပေါ့။ နောက်ထပ် ရှန်းမြလိုက်သော ငွေလရောင်။ နောက်ထပ် စိမ်းစိုလိုက်သော မြက်တစ်ခင်း။

## (သုံး)

သားရေ။

ရှေ့လထဲကျရင် သားမေမေ မွေးနေ့ ရှိသေးတယ် သားရဲ့။ ဖေဖေတို့ လက်ဆောင် တစ်ခုခု ပေးကြရအောင်။ ထီးလှလှကလေး တစ်လက်၊ ဒါမှ မဟုတ် ပိုက်ဆံအိတ်ကလေး တစ်အိတ်အိတ်၊ ဒါမှမဟုတ် အနွေးထည်ကလေး တစ်ထည်ထည်၊ သားနဲ့ သားမမက စီစဉ်။ လိုတဲ့ငွေကို ဖေဖေပေးမှာပေါ့။ အဲသည့်နေ့ကျ တစ်ခုခုလည်း လုပ်စားကြရအောင်။

Love starts at home မေတ္တာတရားဟာ အိမ်မှာစတယ်ဆိုတဲ့ မာသာ ထရီဆာ (Mother Teresa) ရဲ့ စကားလိုပေါ့။ တစ်ဦးရဲ့ မေတ္တာရိပ်က တစ်ဦးအပေါ်မှာ လွှမ်းခြုံထားတယ်လို့ ခံစားနေရသမျှ လောကဟာ ခြောက် သွေ့ မသွားနိုင်ပါဘူး သားရယ်။

❒

www.burmeseclassic.com

www.burmeseclassic.com

# အထိအခိုက်အရှအနတွေနဲ့ အိမ်ကလေး

## (တစ်)

သားရေ...

တစ်လဆိုတဲ့ အချိန်ကလေးဟာ ဘာမှကို မကြာလိုက်သလိုပါပဲကွာ နော်။ သားရဲ့ ပညာရည်တိုးတက်မှု မှတ်တမ်း (Report Card) မှာ ဖေဖေ လက်မှတ်ထိုးပေးခဲ့တာ မနေ့တစ်နေ့ကလိုပဲ ထင်မှတ်မှားနေမိခဲ့တာ အခုတော့ တစ်လတောင်မှ ပြည့်သွားခဲ့ပြန်ပြီကိုး။ အဲသည့်ညနေ့က ဖေဖေ အိမ်ပြန်ရောက်တော့ သားက ဖေဖေ့ကို Report Card ကလေးထိုးပေးလို့။ ဖေဖေ သားကို လက်မှတ်ထိုးပေးဦးတဲ့။ အင်း..... နောက်တစ်ခါ လပတ်စာမေးပွဲတောင်မှ ပြီးသွားခဲ့ပြန်ပါရောလား။

အဲသည့် ညနေက ဖေဖေ့ကို Report Card လာပေးတဲ့ သားကို နည်းနည်းကလေး အကဲခတ်ကြည့်တော့ သားက သိပ်မျက်နှာမကောင်းချင်ဘူး။ သားမေမေကလည်း သားလိုပေါ့။ မျက်နှာကလေးက ညှိုးရိပ်ညှိုးရောင်နဲ့။ ဘာပါလိမ့်ဆိုတဲ့ ပဟေဠိနဲ့အတူ Report Card ကို ဖေဖေကြည့်လိုက်တော့မှ သားက သည်တစ်ပတ် အဆင့်ကျသွားခဲ့တာကိုး။ အမှတ်တွေလည်း တော်တော်ကလေး နည်းသွားတယ်။ ဩော်... သည်တော့မှ ဒါကြောင့်ကိုးလို့ဆိုတာ သားတို့ မျက်နှာမကောင်းပုံကို ဖေဖေ ရိပ်စားမိတော့တယ် သားရယ်။ သားက သင်္ချာမှာ အမှတ်တော်တော် နည်းသွားတာကိုး။

ဖေဖေ Report Card မှာ လက်မှတ်ထိုးရင်း ရယ်ကာ မောကာနဲ့ ဖေဖေ ငယ်ငယ်တုန်းက သည့်ထက်ဆိုးတာပေါ့ကွာ။ တစ်ခါတစ်ခါ နောက်ဆုံးနားတောင် ရောက်ရောက်သွားသေးတယ်လို့ ဆိုပြီး နောက်တစ်ပတ် ကြိုးစား



www.burmeseclassic.com



ပေါ့ သားရဲ့လို့ ဆိုလိုက်တော့မှ အိမ်မှာ ပေါ့ပါးသွားလိုက်တာ။

ဖေဖေ အခုလို အဆင့်ကျသွားတာ၊ အမှတ်နည်းသွားတာမျိုးကို ကြိုက်တောင်မှ ကြိုက်ပါသေးတယ် သားရယ်။ ဟုတ်တယ်။ လူဟာ တစ်ခါတလေ ရှုံးဖူးဖို့ လိုမယ်သားရဲ့။ အမြဲတမ်း ငါ ပထမ၊ အမြဲတမ်း ငါနိုင်ဆိုတဲ့ စိတ်မျိုးကို ဖေဖေ မကြိုက်ဘူး။ ပထမ မရတာ အပြစ်၊ ရှုံးတာ အမှားလို့ တရစပ် ပြစ်ဒဏ်ချတတ်တဲ့ မိသားစုမျိုးတွေကိုလည်း ဖေဖေ ဘဝင်မကျဘူး။

စာရေးဆရာကြီး အောင်သင်း ပြောခဲ့ ရေးခဲ့ သလိုပေါ့။ လူဆိုတာ မှားတတ်တယ်။ ဒါကြောင့် ခဲတံတွေမှာ ခဲဖျက်တပ်ထားတာကွ ဆိုသလိုပဲပေါ့။ လပတ်စာမေးပွဲမှာ သား အဆင့်ကျသွားတာ ဖေဖေက သဘောတောင် ကျနေမိသေးတယ် သားရယ်။

## (နှစ်)

ဖေဖေတို့ နယ်မြို့ကလေး တစ်မြို့မှာ နေတုန်းက စာတော်တယ်လို့ လူပြောများတဲ့ မိသားစုတစ်စုနဲ့ သိကျွမ်းခဲ့ဖူးတယ်။ သူ့ကလေးက အမြဲလိုလို အဆင့် တစ်၊ နှစ် သုံး ထဲကပေါ့။ တစ်ခါမှာတော့ ဘယ်လိုများ ခြေချော် လက်ချော်ဖြစ်တယ် မသိပါဘူး သားရယ်။ အဲသည့်ကလေး အဆင့်နည်းနည်း ကျသွားခဲ့တယ်ပေါ့။ မိဘတွေက ညံ့ရကောင်းလားဆိုပြီး ပြစ်ဒဏ်ချမှတ်လိုက်ကြတာလေ၊ မုန့်ဖိုး တစ်လ ဖြတ်သတဲ့။ ဆိုင်ကယ်နဲ့ ကျောင်းလိုက်ပို့တာကိုလည်း တစ်လတိတိ ရပ်ဆိုင်းပစ်လိုက်တယ်။ လွယ်အိတ်ကို ပေစောင်း ပေစောင်းနဲ့လွယ်ပြီး ညှိုးရော်နေတဲ့ မျက်နှာနဲ့ ကျောင်းသွားနေတဲ့ အဲသည့်ကလေးရဲ့ မျက်နှာကို ဖေဖေ အမှတ်ရနေမိတယ်။

လူဆိုတာ ဘယ်တော့မှ မမှားရဘူး။ ဘယ်တော့မှ မရှုံးရဘူး၊ ဘယ်တော့မှ မနိမ့်ဆင်းသွားရဘူးလို့ လက်ခံထားပုံရတဲ့ မိသားစုပေါ့။ မှားခဲ့၊ ရှုံးခဲ့ နိမ့်ဆင်းခဲ့သော် ခွင့်မလွှတ်နိုင်တဲ့ အပြစ်တဲ့။ ဖြစ်နိုင်ပါ့မလား သားရဲ့။ ကမ္ဘာကျော် သိပ္ပံပညာရှင်ကြီးတွေ၊ ကုမ္ပဏီကြီးတွေ၊ စီးပွားရေးသမားတွေ၊ ရုပ်ရှင် ဂီတ စာပေ အားကစားလောက အသီးသီးက အောင်မြင်ကျော်ကြားသူတွေ သူတို့ရဲ့ဘဝ စာမေးပွဲ အဖြေလွှာတွေပေါ်မှာ တစ်ခါမှ အမှတ် မနည်းခဲ့ကြဘူးတဲ့လား။

ဖေဖေကတော့ မှားရင်ပြင်၊ ရှုံးရင် အောင်မြင်ဖို့ ထပ်ကြိုးစား၊



နိမ့်ကျသွားရင် ပြန်ပြီး ရုန်းကန်တွယ်တက်။ သည်လိုပဲ သဘောပေါက်မိတယ်။

## (သုံး)

ကမ္ဘာကျော် သိပ္ပံပညာရှင်ကြီး သောမတ်စ် အက်ဒီဆင် (Edison, Thomas Alva) (1847-1937) ကို သား ကြားဖူးမှာပေါ့။ တစ်ခါမှာတဲ့ သားရဲ့ သူ့ဓာတ်ခွဲခန်းထဲမှာ လျှပ်စစ်နဲ့ ပတ်သက်တဲ့ လက်တွေ့စမ်းသပ်မှု တစ်ခုကို သူ့တပည့်တွေနဲ့ အတူတူ လုပ်လေသတဲ့။

အဲသည့်မှာ Edison က တပည့်တစ်ယောက်ကို စားပွဲခုံပေါ်ကနေ ဘက်ပြီး မီးသီးတပ်ခိုင်းလေသတဲ့။ စိတ်လှုပ်ရှားမှုကြောင့် ပဲလား၊ မတော်တဆလေလားမသိ မီးသီးကျကွဲသွားပါလေရော။ မီးသီးကလေး တစ်လုံးရဖို့ အခက်အခဲအများအပြားကို ကျော်လွှားလုပ်ကိုင်နေရတဲ့ အချိန်မှာ Edison ရဲ့ စိတ်ဟာ တော်တော်အံ့သြဖို့ ကောင်းတယ်နော်၊ လုံးဝ စိတ်ပျက်ခြင်း မရှိတဲ့၊ အပြစ်ရယ်လို့လည်း မယူဆတဲ့၊ နောက်ထပ် မီးသီးတစ်လုံးရဖို့ အချိန်ယူကြိုးစားကာ အရင်ကလွတ်ကျဖူးတဲ့ လူငယ်လိုပဲ ပြန်တပ်ခိုင်းပြန်လေသတဲ့။ သည်တုန်းက လင်းသွားတဲ့ အလင်းဟာ သားရယ် လျှပ်စစ်မီးသီးရဲ့ အလင်းသာမက Edison ရဲ့ လောကကို ရှုမြင်ပုံအလင်း၊ တောက်တောက်ပပ ရှိလိုက်တာ မီးသီးကျကွဲတာ အပြစ်မရှိ။ နောက်တစ်ခါ အသေအချာ ပြန်တပ်။

## (လေး)

သားရေ...

အစမ်းစာမေးပွဲမှာ အမှတ်နည်းသွားတာ၊ ပန်းကန်ဆေးရင်းနဲ့ ကျကွဲဘာ၊ ပြိုင်ပွဲ တစ်ခုခုမှာ ပထမဆု မချိတ်တာ၊ ကိုင်ထားတဲ့ မီးသီးလွတ်ကျဘာ၊ ဒါတွေအားလုံးဟာ မိသားစုထဲမှာ ခွင့်မလွှတ်နိုင်သော အမှားတွေ မဟုတ်ဘူးသားရဲ့။ ဒါတွေကို ထိုင်အပြစ်တင်နေတဲ့ မိသားစုဟာလည်း ဘယ်တော့မှ မစွတ်စိုနိုင်ဘူး။ အမြဲတမ်း ပထမ မရရင် မဖြစ်၊ ရှုံးနိမ့်လို့ မဖြစ်၊ ထိခိုက်လို့ မဖြစ်ဆိုတဲ့စိတ်ဟာ အသိုက်အမြုံကို လောင်ကျွမ်းစေတယ်လို့ ဖေဖေ ထင်မိတယ်။ ပူပါတယ်ကွာ။

သည်တစ်ပွဲမှာ အမှတ်နည်းတော့ ဘာဖြစ်သတုံး၊ နောက်တစ်ပွဲမှာ ကြိုးစားကြည့်ကြသေးတာပေါ့။

❒

www.burmeseclassic.com

www.burmeseclassic.com

# ခေါင်းလောင်းထိုးသံ ဆည်းလည်းခတ်သံတွေနဲ့ အိမ်ကလေး

## (တစ်)

သားရေ...

သည်ဘက်ပိုင်း နှစ်တွေထဲမှာ ဖေဖေတို့ မိသားစု ဘုရားသွား ကျောင်းတက် တော်တော်လုပ်ဖြစ်ကြတယ် သားရဲ့။ အင်း... ဘုရားသွား ကျောင်းတက်လို့ ဆိုလိုက်တဲ့အတွက် ဖေဖေ့စကားက နည်းနည်းတောင် လောဘတကြီး ဖြစ်သွားလေသလား မပြောတတ်ပါဘူး။ တကယ့်တကယ် က ဘုရားသွားအထိလောက်ပဲမှ မှန်မယ် ထင်တယ်သားရဲ့။ ဖေဖေတို့က ကျောင်းတက်အထိ မရောက်ကြသေးဘူး။

ဟုတ်တယ်လေ။ ဖေဖေတို့နဲ့လမ်းသင့်ရာ ရွှေတိဂုံ စေတီတော် နောက် ကမ္ဘာအေးစေတီတော်၊ နောက် မယ်လမုဘုရား စတဲ့ နေရာတွေကို သည်ဘက်နှစ်တွေထဲမှာ အဆင်သင့်ရင် သင့်သလို ဖေဖေတို့ သွားဖြစ်ခဲ့ကြ တယ် မဟုတ်လား။ ဘုန်းတော်ကြီးကျောင်းတွေ ရှိရာဘက်ဆီကိုတော့ ဖေဖေတို့ မရောက်ဖြစ်သေးတာ အမှန်ပဲ သားရဲ့။

ဖေဖေ မှတ်မိနေသေးတယ်။ ဟိုးတစ်ခါ ဖေဖေတို့ ပုဂံကို ရောက်ကြ တုန်းက ပုဂံက သူငယ်ချင်းတွေနဲ့အတူ သားတို့ ရွှေစည်းခုံဘုရား ရင်ပြင် တော်ပေါ်မှာ ပတ်ပြေးပြီး ဆော့နေကြတာလေ။ ဘုရားရင်ပြင် တစ်နေရာ က ကျန်စစ်သားမင်းရဲ့ မြင်းခြေရာဆိုတဲ့ နေရာမှာ သားတို့ ဝိုင်းအုံကြည့် နေလိုက်ကြ။ ကျန်စစ်သားမင်းလုံနဲ့ ထောက်တဲ့နေရာဆိုတဲ့ အမှတ်အသား ရှိရာမှာ သားတို့ တအံ့တသြစကားတွေ ပြောနေလိုက်ကြ၊ တော်ကြာနေ



www.burmeseclassic.com



ခေါင်းလောင်းကြီးတွေကို သူတစ်လှည့် ကိုယ်တစ်လှည့် တဒေါင်ဒေါင်နဲ့ သွားထိုးနေလိုက်ကြနဲ့ ပျော်ရွှင်တဲ့စိတ်၊ လွတ်လပ်တဲ့စိတ်၊ အေးချမ်းတဲ့စိတ်၊ အဲသည့်အပြင် အံ့ဩတဲ့စိတ်နဲ့ သားမျက်လုံးတွေ အရောင်တောက်နေတာကို ဖေဖေ သဘောကျမိတယ်။ ဖေဖေတို့၊ မေမေတို့၊ မမတို့က အေးချမ်းရာ နေရာ ဘုရားရင်ပြင် တစ်နေရာရာ ညောင်ပင်တစ်ပင်ပင်ရဲ့ အောက်မှာ ထိုင်ကာ ဘုရားကို ဖူးရင်းက သားတို့ကို ထိုင်စောင့်လို့။ လေအတိုးမှာ တစ်ဖျပ်ဖျပ်လွင့်နေတဲ့ ညောင်ရွက်ခတ်သံ၊ တချွင်ချွင်မြင်နေတဲ့ ဆည်းလည်းသံတွေဟာ သိပ်ကို ချမ်းမြေ့စေတာပဲ။

ဖေဖေတို့ မိသားစု မန္တလေးဘက်ကို ရောက်သွားတဲ့ အခေါက် မန္တလေးတောင်ကို တက်ဖြစ်ကြတဲ့အခါ မန္တလေး တောင်ခြေက ခြင်္သေ့ကြီးတွေကို သားသိပ်ကို သဘောကျနေတာပဲ။ မြွေကြီးနှစ်ကောင် ရှိရာကို ရောက်ကြတော့ မြွေကြီးနှစ်ကောင်ရှေ့မှာ ဓာတ်ပုံအရိုက်ခံရင်း မြွေကြီးနှစ်ကောင်က ဘာဖြစ်လို့ တက်လာတာလဲ၊ ဘယ်တုန်းက တက်လာတာလဲနဲ့ သားတို့ အမေးကို ဖေဖေက သိသလောက် မှတ်သလောက် ရှင်းပြပေါ့။

အင်းလေးဖောင်တော်ဦးဘုရားက ဗုဒ္ဓရုပ်ပွားပုံတော်တွေကို ကြည့်ကာ ဘုရားတွေက ဘာဖြစ်လို့ လုံးလုံးကြီးတွေ ဖြစ်နေတာလဲလို့ သားမေးခဲ့ပုံတွေ ဉာဏ်တော်မြင့်မားလှတဲ့ ရွှေတိဂုံစေတီတော်ကြီးကို မော့ဖူးကာ ဘုရားထိပ်ကို တက်ရင် ငရဲကြီးလား ဖေဖေလို့ သား မေးခဲ့ပုံတွေ၊ ဘုရားစောင်းတန်းက အဆင်းမှာ စည်းနဲ့ဝါး ပူဆာလို့ ဖေဖေ ဝယ်ပေးခဲ့ရတာတွေ၊ အိုးစည် ဝယ်ပေးခဲ့ရပုံတွေ၊ ဓာတ်ကြီးဆယ်ဘွဲ့တို့ ဗုဒ္ဓဝင်တို့ကို ထုထားတဲ့ ပန်းပုဆွဲထားတဲ့ ပန်းချီကား မှန်သမျှ သားမေးလို့ ဖေဖေ ပြောပြခဲ့ရပုံတွေကို ဖေဖေ အမှတ်ရမိတယ်။

## (နှစ်)

သားရေ…

ဖေဖေတို့တစ်တွေဟာ ဘုရားကျောင်းကန်သွားတဲ့ အလုပ်ကို လုပ်သင့်ကြတယ်လို့ ဖေဖေ ထင်မိတယ် သားရဲ့။ ဖေဖေတို့ ငယ်ငယ်၊ ဟိုးကျေးလက်တောရွာမှာ နေစဉ်တုန်းကဆို ဥပုသ်နေ့ဆို ရွာဦးကျောင်းကို လိုက်သွားကြတာပဲ။ လူကြီးတွေ ဥပုသ်ဇရပ်မှာ သီလယူတဲ့အခါ ကိုယ်လည်း လိုက်ယူ၊ နောက် ဘုန်းတော်ကြီးကျောင်းရဲ့ အေးချမ်းပြီး သန့်ရှင်းတဲ့ သစ်ပင်အရိပ်



ကြီးတွေ မြေတလင်းပြောင်ပြောင်တွေမှာ ဆော့ကြ၊ ကစားကြတော့တာပါပဲ။ အလှူရှင်ရှိလို့ စားစရာရှိရင်လည်း တက်စားလိုက်ကြပေါ့။

အခုလို၊ ရန်ကုန်လို မြို့ကြီးပြကြီးတွေမှာ သံဃာတော်ကို ကိုယ့်အိမ်ကို ပင့်၊ အိမ်ခန်း ကျဉ်းကျဉ်းကလေးထဲမှာ သီလယူ၊ အဲဒါကို ဖေဖေ သိပ်သဘောမကျချင်ဘူး။ ဘုရားကျောင်းကန်ရဲ့ အရိပ်ကို သွားရတာနဲ့ ဘယ်လိုမှ မတူနိုင်ဘူး။ မိသားစု စိတ်အေးချမ်းတာ၊ လွတ်လပ်သွားတာ၊ ပျော်ရွှင်တာ၊ ထူးဆန်းအံ့ဩဖွယ် ဘာသာရေးဓာတ်ကွက် ဓာတ်လမ်းထွေထဲ ရောက်သွားတာ၊ ဒါတွေကို မရနိုင်ဘူးလေ သားရဲ့။

## (သုံး)

သားရေ…

စိတ်ပညာပါမောက္ခ ဆရာကြီး ဒေါက်တာ ကျော်စိန်ဆိုတာ ရှိတယ် သားရဲ့။ ဆရာကြီးက ရန်ကုန်တက္ကသိုလ်မှာ ပါမောက္ခချုပ်လည်း လုပ်ဖူး၊ ပညာရေးဝန်ကြီးလည်း လုပ်ဖူးခဲ့တဲ့ ဆရာကြီးလေ။

ဆရာကြီးရဲ့ ဆောင်းပါး တစ်ပုဒ်ထဲမှာ လူငယ်လူရွယ်တွေ ဘုရားကျောင်းကန်သွားတဲ့ အကြောင်းနဲ့ ပတ်သက်ပြီး Religious Conversion နဲ့ Social Comformity ဆိုတဲ့ စကားလုံးနှစ်လုံးကို သုံးထားတယ် သားရဲ့။ Religious Conversion ကို ဆရာကြီးက ဘာသာရေး ခံယူချက်တဲ့။ Social Comformity ကို ဆက်ဆံရေး လိုက်လျောမှုတဲ့။ လူငယ်လူရွယ်တွေ ဘုရားသွားကျောင်းတက် လုပ်ကြတာဟာ ဘာသာရေးခံယူချက်ထက် ဆက်ဆံရေး လိုက်လျောမှုက ပိုများတယ်တဲ့၊ သိပ်ကောင်းတာပဲ သားရယ်။

ဟုတ်တယ်။

သားတို့တွေ ဖေဖေတို့နဲ့အတူ ဘုရားသွား၊ ကျောင်းတက်လုပ်တဲ့အခါ နိဗ္ဗာန်တို့၊ မဂ္ဂင်ရှစ်ပါးတို့၊ သစ္စာလေးပါးတို့၊ ပဋိစ္စသမုပ္ပါဒ်တို့ အနတ္တ လက္ခဏာသုတ်တို့ကို အလေးအနက် သိလို့တော့ မဟုတ်နိုင်ဘူးပေါ့ သားရယ်။

ဒါပေမယ့် ဝါဆိုလပြည့်လို့၊ သီတင်းကျွတ်လပြည့်လို့၊ ကဆုန်လပြည့်လို့ ဥပုသ်နေ့လို ရက်တွေမှာ သူများတွေ၊ ဘုရားသွား ကျောင်းတက်လုပ်သလို ကိုယ်လည်း လိုက်လုပ်ဖြစ်တာဟာ Social Comformity လို့ဆိုသော်ငြားလည်း ပဲ ကောင်းတဲ့ အလုပ်လို့ ဖေဖေယူဆမိတယ်။ မိသားစုအတွင်းမှာ ထယ်ထယ် ညစ်ညူးထိုင်းမှိုင်းနေတဲ့ စိတ်ကလေးတွေကိုတော့ အနည်းဆုံး ဆေးဝါးသန့်စင် လင်းပွင့်သွားစေတာ အမှန်ပါပဲ။

www.burmeseclassic.com



(လေး)

သားရေ။

သည်တစ်ပတ်တော့ ဖေဖေတို့ နီးနီးနားနားက မယ်လမုဘုရားထဲ သွားကြရအောင်။ သားတို့မေးရင် ဖြေဖို့ မယ်လမုမင်းသမီးဇာတ်လမ်းကလေး လည်း ဖေဖေ ပြန်ရှာဖတ်ထားလိုက်ဦးမယ်။ ဘုရားက ပြန်တော့မှ ဖေဖေတို့ တစ်နေရာရာမှာ တစ်ခုခုဝင်စားကြတာပေါ့။

❒

# အရုပ်တွေ၊ အရောင်တွေနဲ့ အိမ်ကလေး

(တစ်)

သားရေ။

ဟိုး တလောလေးလောက်တုန်းကပေါ့။ ဖေဖေ့ ငယ်သူငယ်ချင်း ကျောင်းသွားဖော် တစ်ယောက်ရဲ့အိမ်ကို ဖေဖေ ရောက်သွားတယ်ကွ သားရ။ ဖေဖေ့စိတ်ထဲမှာ လေးပင်သွားခဲ့ရတဲ့ အိမ်ပါပဲ သားရယ်။

ဖေဖေ ရောက်သွားတော့ အဖေနဲ့ အမေက သူတို့သားကလေးကို ဆူပူကြိမ်းမောင်းနေတဲ့အချိန် သားရဲ့။ ငါးတန်း ခြောက်တန်းလောက် ရှိမယ် ထင်ပါရဲ့။ အဲသည့် သားကလေးဟာ မျက်နှာကလေးကို ညှိုးရော်နေတော့ တာပါပဲ။ ပန်းချီဆွဲလို့တဲ့ သားရဲ့။ သူ့အဖေနဲ့ အမေက ဆူပူကြိမ်းမောင်း နေကြတာလေ။ အပိုအလုပ်တွေတဲ့၊ စက္ကူဖြုန်းနေတာတဲ့။ ဖေဖေ့စိတ်ထဲ မှာပန်းနွမ်းနယ် သွားလိုက်တာလေ။ ပန်းချီဆွဲတာ အရုပ်ဆွဲတာ အပိုအလုပ် လား သားရဲ့။ ပန်းချီကားတွေကို ချစ်တာကရော အပြစ်ရှိနေတတ်တာမျိုး လား။ ဖေဖေဖြင့် စဉ်းစားမရနိုင်ပါဘူး။

(နှစ်)

သား မှတ်မိဦးမလား မသိဘူး။

တစ်ခါတုန်းက ဖေဖေရယ် သားရယ် ပန်းချီဆေး အဝယ်ထွက်ကြတာ လေ။ ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်းက ဆိုင်ကလေးမှာပေါ့။ အဲသည့်မှာ ပန်းချီပစ္စည်းမျိုးစုံရှိတယ် သားရဲ့။ ဖေဖေက သားကို Water Color ဘူး လှလှကလေး ဝယ်ပေးခဲ့တဲ့နေ့ပေါ့။ ဖေဖေက သားကို ရေဆေး ဆွဲစေချင်

www.burmeseclassic.com





နေတာ။ ဆီဆေးတို့ ဘာတို့ကတော့ ကြီးလာမှပေါ့။ အဲသည့်နေ့တစ်ခြီး သား စိတ်လိုလက်ရရှိတဲ့ နေ့တွေမှာ ပုံဆွဲစာအုပ်ထဲ ပန်းချီတွေ ထိုင်ထိုင် ဆွဲနေလိုက်တာ။ စုတ်တံတစ်ချောင်းနဲ့၊ ရေခွက်နဲ့၊ အရောင်တွေကို ဟိုစပ် သည်စပ်လုပ်ပြီး သစ်ပင်ကို အစိမ်းရောင်ဆိုးလိုက်၊ နေလုံးကို အနီရောင် ဆိုးလိုက်၊ ကောင်းကင်ကို အပြာရောင်ဆိုးလိုက်၊ ပန်းပွင့်ကလေးတွေကို ရောင်စုံခြယ်လိုက်နဲ့ အလုပ်ရှုပ်နေလိုက်တာ။ ဆရာနဲ့ ဘာနဲ့ ကျကျနန သင် ထားတာ မဟုတ်တဲ့အတွက်၊ သား ပန်းချီတွေက ကောင်းလှတယ်တော့ ဘယ်ဟုတ်ပါ့မလဲ သားရယ်။ ဒါပေမဲ့ ဖေဖေကတော့ သိပ်ကို သဘော ကျမိတယ်။

သားငယ်ငယ် ၃ တန်း ၄ တန်းလောက်က ဆွဲထားတဲ့ပုံကလေးတွေ ဖေဖေ သိမ်းထားတယ် သားရဲ့။ ပုံဆွဲစာအုပ်ထဲ ခဲတံနဲ့ ရေးထားတဲ့ ပုံ ကလေးတွေ၊ အဖေ ဟူသည်တဲ့၊ သားကို ထမင်းကျွေးဖို့၊ ဖေဖေ ထမင်းပန်း ကန်ကြီးကိုင်ပြီး ထွက်လာတဲ့ပုံ၊ အမေ ဟူသည်ကျတော့ မေမေ အဝတ်ကြိုး တန်းမှာ အဝတ်တွေ လှမ်းနေတဲ့ပုံ၊ ပိပိဆိုတဲ့ ပုံကတော့ ဘေးက ကလေး အထူးကု ဆရာဝန်ကြီးတို့ အိမ်ကနေ မနက်လင်းတာနဲ့ ဖေဖေတို့အိမ် ကူး လာပြီး အစာတောင်းတတ်တဲ့ ကြောင်ကလေးပိပိ လှဲအိပ်နေတဲ့ပုံ၊ ဖေဖေ စာဖတ်နေပုံ၊ ပင့်ကူလှုသားပုံ၊ လင်းနို့လူသားပုံ၊ ဓမ္မရုံကြီး၊ ဂူဘုရားပုံ စုံနေ တာပဲ သားရယ်။ ကောင်းတာ မကောင်းတာ အသာထားလို့ အရုပ်တွေ၊ အရောင်တွေကို ချစ်တတ်တဲ့စိတ်ကို ဖေဖေက လိုချင်နေတာ အမှန်ပဲ သားရဲ့။

(သုံး)

တစ်ခါက ဆရာမ ချောအိသိမ်းရဲ့ ဆောင်းပါးတစ်ပုဒ်ထဲမှာ Art Education ဆိုတဲ့ စကားလုံးကလေးတစ်လုံးတွေ့ပြီး ဖေဖေ သဘောကျသွား မိတယ်။ ကလေးတွေကို အရုပ်တွေ၊ အရောင်တွေ၊ မျဉ်းအကွေးအဖြောင့် အနီးအဝေးတွေနဲ့ ရင်းနှီးစေဖို့တဲ့။ Art Education ဆိုတာ ပန်းချီဆရာ ဖြစ် လာစေရေး မဟုတ်ပါဘူးတဲ့။

အလှအပကို မြတ်နိုးတဲ့စိတ်၊ ဖန်တီးလိုတဲ့စိတ် ထွန်းကားလာဖို့တဲ့။ အရိုင်းစိတ်၊ အဖျက်စိတ် နည်းစေဖို့တဲ့၊ တီထွင် ဖန်တီးတတ်တဲ့ စွမ်းအား Creation Power တိုးတက်လာစေဖို့တဲ့။ ရှုထောင့်အမျိုးမျိုးကနေ ကြည့်နိုင်

www.burmeseclassic.com



စွမ်း၊ မြင်နိုင်စွမ်း၊ မှတ်တမ်းတင်နိုင်စွမ်းတွေနဲ့အတူ လက်ချောင်းတွေကိုရော၊ စိတ်ကိုရော၊ ထိန်းသိမ်းကွပ်ကဲနိုင်တဲ့ စွမ်းအားတွေ တက်လာတာတော့ အမှန်ပဲ သားရဲ့။

No Education is complete without Art Education. ပန်းချီအနုပညာ မပါတဲ့ပညာရေးဟာ ပြည့်စုံလုံလောက်တဲ့ ပညာရေး မဟုတ်ဘူးတဲ့ သားရဲ့။ ဝလုံးကလေးဝိုင်းအောင် ရေးတာ ပန်းချီအခြေခံ မဟုတ်ဘူးလား၊ ထောင့်မှန် တြိဂံတွေ၊ စတုရန်းတွေ၊ စတုဂံတွေ သား ဆွဲနေတာ ပန်းချီအခြေခံ မဟုတ်ဘူးလား။ သတ္တဗေဒထဲက တိရစ္ဆာန်ပုံတွေ၊ ရုက္ခဗေဒထဲက အပွင့်တွေ၊ အရွက်တွေရဲ့ ပုံတွေ၊ ဓာတုဗေဒထဲက ဓာတ်ခွဲခန်း ပစ္စည်းပုံတွေ၊ ဘူမိဗေဒထဲက ကမ္ဘာ့ကျောက်လွှာ မြေလွှာတွေရဲ့ ပုံတွေဟာ ပန်းချီမပါဘဲ ဖြစ်မတဲ့လား။

ပန်းချီကားတွေဟာ လူတွေရဲ့စိတ်ကို နူးညံ့စေ၊ ငြိမ်းချမ်းစေ၊ လှပစေ၊ စွတ်စိုစေတဲ့ အရာတွေလို့ ဖေဖေ ထင်တယ် သားရဲ့။ ဒါ့ကြောင့် မိသားစု တွေမှာ ပန်းချီဆန်တဲ့စိတ် ရှိရမယ်လို့ ဖေဖေ ယူဆတယ်။

## (လေး)

ဆရာမ ချောအိသိမ်းက သူ ဖွင့်ထားတဲ့ Sunflower Art class က ကလေးတွေက ကွန်ပျူတာတို့ အင်တာနက်တို့ရဲ့ ရင်းနှီးလို့လား မသိဘူးတဲ့။ ကလေးတွေဆွဲတဲ့ ပုံတွေဟာ လက်နက်ဆန်းကြီးတွေနဲ့ တစ်ယောက်ကို တစ်ယောက် သတ်တဲ့ ပုံတွေများသတဲ့။ ကမ္ဘောဒီးယားမှာ Reyum Institude of Arts and culture ကျောင်းက ကလေးတွေကျတော့ မိဘမဲ့တွေ၊ နွမ်းပါး သူတွေ များလို့လားမသိ။ တောတောင် သဘာဝရှုခင်းတွေ၊ အသီးတွေ၊ အပွင့်တွေ အဆွဲများသတဲ့။ ကမ္ဘာအေး နာဂလိုဏ်ဂူ ပရဟိတကျောင်းက ကလေးတွေကတော့ လူပုံနဲ့ ရှုခင်းတွေ အရေးများလေသတဲ့။

သားလည်း ဟိုတလောဆီက ကွန်ပျူတာဂိမ်းတွေ ကစားတာများ လို့လား မသိဘူး။ စက်ရုပ်တွေ၊ ကားတွေ၊ လေယာဉ်တွေ၊ သေနတ်တွေနဲ့ တိုက်ကြခိုက်ကြတာတွေ တော်တော်ဆွဲသေးတယ် မဟုတ်လား။ အမှန်းမသိ တဲ့ သတ္တဝါကြီးတွေလည်း သားပုံဆွဲ စာအုပ်ထဲမှာ ဖေဖေ တွေ့မိသလိုပဲ။

အချိန်ကလေး အားတဲ့အခါ ဖေဖေတို့ ပန်းခြံတွေ၊ ဘုရားတွေ၊ တိရစ္ဆာန် ဥယျာဉ်တွေ၊ ရေကန်တွေ၊ လယ်ကွင်းပြင်တွေရှိရာ ဟိုသွား သည်သွား သွားကြဦးစို့ရဲ့။ ပြန်လာတော့ သား ပုံတွေဆွဲဦးပေါ့။ ရေဆေးနဲ့



အရောင်အသွေးစုံစုံ၊ သားစိတ်ထဲ ကွန့်မြူးရင် ကွန့်မြူးတဲ့အတိုင်း ဆွဲသားဆွဲ၊ ပုံဆွဲစာအုပ် ကုန်တဲ့အခါ နောက်တစ်အုပ် ဖေဖေတို့ ထပ်ဝယ်သေးတာပေါ့။

❒

www.burmeseclassic.com

www.burmeseclassic.com

# ထမ်းပိုးကိုယ်စီပခုံးကိုယ်စီနဲ့ အိမ်ကလေး

## (တစ်)

သားရေ...

အခု နောက်ပိုင်းနှစ်တွေထဲမှာ သားကို ဖေဖေ လုပ်ပေးနေတဲ့ အလုပ်တွေထဲက တချို့ကို ဖေဖေ လုပ်ပေးမနေတော့ဘဲ သားကို ကိုယ့်ဘာသာကိုယ် လုပ်လို့ ခိုင်းတာမျိုး ရှိလာတာကို သား သတိထားမိမလား မပြောတတ်ဘူး။ ရေချိုးမယ်ဆိုရင်လည်း ကိုယ့်ဘာသာကိုယ် ချိုးဖို့၊ အင်္ကျီဝတ်တာ၊ ကြယ်သီးတပ်တာကိုလည်း ကိုယ့်ဘာသာဝတ်၊ ကိုယ့်ဘာသာ တပ်ဖို့၊ လက်သည်းခြေသည်း ညှပ်တာကိုလည်း ကိုယ့်ဘာသာညှပ်ဖို့ ဖေဖေက ခိုင်းတဲ့အခါ သားစိတ်ထဲ နည်းနည်းကလေး ထူးဆန်းချင်လည်း ထူးဆန်းသွားပေမပေါ့။ အဲဒါ ဖေဖေ တစ်ယောက်တည်းရဲ့ သဘောတော့လည်း မဟုတ်ဘူး သားရဲ့။ မေမေ့ကလည်း သည်အတိုင်းပဲ။ သားကို ကျောင်းသွားဖို့ လွယ်အိတ်ပြင်ခိုင်းတဲ့အခါ စာအုပ်ကို အချိန်စာရင်းနဲ့ တိုက်ပြီး ယူသွားဖို့ သတိပေးလာပြီ မဟုတ်လား။ မေမေကိုယ်တိုင် မတိုက်ပေးတော့ဘူးလေ။

ဟုတ်တယ်။ သားမမ ငယ်ငယ်တုန်းကရော၊ သားငယ်ငယ်တုန်းကရော၊ ဖေဖေက ရေဆို ကိုယ်တိုင်ချိုးပေးရမှ၊ အင်္ကျီဆို ကိုယ်တိုင် ဝတ်ပေးရမှ၊ လက်သည်းဆို ကိုယ်တိုင် ညှပ်ပေးရမှ ဖြစ်ခဲ့ဖူးတာကတော့ အမှန်ပဲသားရဲ့။ ဒါပေမယ့် သား အလယ်တန်း ကျောင်းသားလောက် စဖြစ်လာပြီဆိုကတည်းက တချို့အလုပ်တွေကို ဖေဖေ မလုပ်ပေးချင်တော့ဘူး။ ရေကိုယ့်ဘာသာ ကိုယ်ချိုး၊ အင်္ကျီကိုယ့်ဘာသာကိုယ်ဝတ်၊ ကြယ်သီး ကိုယ့်ဘာသာကိုယ်တပ်။ လက်သည်း ကိုယ့်ဘာသာကိုယ် ညှပ်ပေါ့ သားရယ်။ ပြီးတော့ တစ်ပိုင်



www.burmeseclassic.com



တစ်နိုင် အလုပ်ကလေးတွေမှာ သားတို့ ပါဝင်လာဖို့ကို ဖေဖေအလိုရှိမိတာက လည်း အမှန်ပဲ သားရဲ့။ ကိုယ်တတ်နိုင်တဲ့ ဝန်ကို ကိုယ်တိုင် ဝင်ထမ်းချင်တဲ့ စိတ်ဓာတ်ဟာလည်း မိသားစုအတွင်းမှာ ပြုစုပျိုးထောင်သင့်တဲ့ စိတ်ဓာတ်လို့ ဖေဖေက ယူဆမိတယ်လေ။

## (နှစ်)

လီကွမ်ယု (Lee Kuan Yew) ဆိုတဲ့ နာမည်ကိုတော့ သား ကြားဖူးမှာပေါ့။ ၁၉၅၉ ခုနှစ်ကနေ ၁၉၉၀ ပြည့်နှစ်အထိ စင်ကာပူနိုင်ငံမှာ ဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့တဲ့ ခေါင်းဆောင်ကြီးပေါ့ သားရယ်။ တတိယ ကမ္ဘာလို့ခေါ်တဲ့ အဆင်းရဲဆုံး ကျွန်းနိုင်ငံကလေးစင်ကာပူကို ပထမကမ္ဘာ့ထိပ်တန်းနိုင်ငံတော် ဖြစ်အောင် ဦးဆောင်ခဲ့တဲ့ ပုဂ္ဂိုလ်လေ။

သူ့ မိသားစု ပျိုးထောင်ပုံကလေး တစ်ခုကိုလည်း ဖေဖေကတော့ သဘောကျမိတယ် သားရဲ့။ သူ ဝန်ကြီးချုပ် စ,ဖြစ်တော့ ၁၉၅၉ မှာ အစိုးရအိမ်တော်ပေးသတဲ့။ အစ်စတာနာ အိမ်တော်လို့ ခေါ်သတဲ့။ အဲဒါကို လီကွမ်ယုက မနေဘူးလို့ ဆုံးဖြတ်ခဲ့သတဲ့ သားရယ်။ သားနှစ်၊ သမီးတစ် သူ့ရင်သွေးတွေကို အခိုင်းအစေတွေ၊ အချော့အမြှူတွေ၊ အယုအယတွေကြားမှာ မထားလိုဘူးတဲ့။ လူ့ဘဝမှာ အသာစီးနေလိုစိတ်၊ ကိုယ့်ထမ်းပိုးကို သူများ ပခုံးပေါ်တင်ထားလိုတဲ့ စိတ်တွေ ကလေးတွေမှာဝင်သွားမှာ စိုးရိမ်သတဲ့။ ကိုယ့်အိမ်ကိုယ်နေ၊ ကိုယ့်ဝန်ကိုယ်ထမ်း၊ ဖေဖေ့မိတ်ဆွေ စာရေးဆရာ ဟိန်းလတ် ဘာသာပြန်တဲ့ လီကွမ်ယု (Lee Kuan Yew) ကိုယ်တိုင်ရေး တတိယကမ္ဘာမှ ပထမကမ္ဘာသို့ (Form Third World to First) ထဲမှာ ဖေဖေဖတ်ခဲ့ရတာပေါ့။

သားရေ။

အမေပေးတဲ့၊ ဆယ့်လေးတန်း ပညာနဲ့၊

မြို့ပေါ်မှာသောင်တင်၊ ကလောင်မင် အက်ဆစ်စွက်၊

ဟိုပက်ဒီကော်၊ တစ်နေ့သော် ပိုင်နိုးနိုင်နိုးနဲ့ ဝေဖန်ရေး ကျားဆိုးကို အမြီးကနေ ဆွဲခဲ့မိပါတယ်လို့

ဆိုတဲ့ ကဗျာဆရာနဲ့ ဖေဖေဟာ သိပ်ကို ရင်းနှီးကြတာပေါ့။ အဲသည်ကဗျာဆရာကြီးက ကိုယ်တို့ရဲ့ ကလေးဘဝဆိုတာ ကိုယ့်အင်္ကျီ ကိုယ်လျှော်ဝတ်လာတဲ့ ကလေးဘဝပါလို့ ဖေဖေ့ကို တစ်ခါက ရင်ဖွင့်ခဲ့ပါပကော။ ဖေဖေသိပ်ကြိုက်တဲ့ မိသားစုစတိုင်လ်ပေါ့ သားရယ်။



## (သုံး)

တစ်ခါက ဆယ်တန်းကျောင်းသူကလေး တစ်ယောက်ကို ဖေဖေ စာသင်ပေးခဲ့ဖူးတယ် သားရဲ့။ ဖေဖေ စာသင်တဲ့ ဆောင်နားမှာ သူ့မေမေက ထမင်းပန်းကန်နဲ့ လာထိုင်ပြီး၊ အဲသည့်ကျောင်းသူ သမီးကို ထမင်းခွံ့ပေးလို့။ တော်ကြာနေ သောက်ရေခပ်ပေးလိုက်၊ တော်ကြာနေ၊ အအေးခွက်လာချပေးလိုက်၊ သည်ကလေးက သူ့လက်နဲ့ သူဘာတစ်ခုမှ မလုပ်ဖူးဘူးတဲ့။

ရန်ကုန်နဲ့ မလှမ်းမကမ်း နယ်တက္ကသိုလ်တစ်ခုမှာ တာဝန်ကျနေတဲ့ ဆရာမလေး တစ်ယောက်ကျတော့၊ အပတ်စဉ် ရန်ကုန်နဲ့ အသွားအပြန် လုပ်နေသူမို့ နယ်ကို သွားတဲ့နေ့မှာ မေမေကလိုက်ပို့၊ နယ်ကပြန်တဲ့နေ့မှာ မေမေက လာကြို၊ သူစားဖို့ ထမင်းကို သူ မချက်တတ်၊ သူဝတ်ဖို့ အဝတ်ကို သူမလျှော်နိုင်။

ဖေဖေတို့တစ်တွေဟာ လောကပင်လယ်ပြင်ကျယ်ကြီးထဲကို တွန်းအလွှတ်ခံလိုက်ရတဲ့အခါ၊ ကိုယ့်ပဲ့စင်ကို ကိုယ်ထိန်းပြီး ကိုယ့်ရွက်ကို ကိုယ်တင်၊ ကိုယ့်တက်ကို ကိုယ်လှော်ခတ် သွားနိုင်ဖို့အတွက် မိသားစု နေ့စဉ်ဘဝတွေ ထဲမှာကတည်းက ပြုစုပျိုးထောင်ပေးခဲ့သင့်တယ်လို့ ဖေဖေ ယူဆမိတယ် သားရယ်။

ဖေဖေတို့ အိမ်ရှေ့အိမ်က မိသားစုကလေး တစ်ခုကို သားကို မကြာခဏ ဖေဖေပြောတာ မှတ်မိတယ် မဟုတ်လား သားရဲ့။ တစ်ယောက်က မှန်တံခါးတွေကို အဝတ်နဲ့တိုက်လို့။ တစ်ယောက်က ရေခပ်လို့၊ တစ်ယောက်က ဆက်တီခုံတွေကို သန့်ရှင်းရေးလုပ်လို့၊ အလုပ်ကိုယ်စီနဲ့ နိုင်တဲ့ဝန်ကို ဝိုင်းထမ်းတာဟာလည်း မိသားစုထဲမှာ နွေးထွေးပျော်ရွှင်စရာတစ်ခုလို့ ဖေဖေက ယူဆမိတာပါပဲ။ အလုပ်ကလူကို လေးနက်စေတယ်၊ ဘဝကို တည်ငြိမ်စေတယ်၊ အသက်ရှင်မှုကို အနှစ်သာရ ရှိစေတယ်၊ လူ့အဖွဲ့အစည်းထဲမှာနေပျော်စေတယ်၊ သည်လိုပဲ ဖေဖေက ခံယူမိတယ်။

မငယ်လွန်းတော့တဲ့ သားမို့၊ ရေကို ကိုယ့်ဘာသာကိုယ် ချိုးပေတော့။ အင်္ကျီကို ကိုယ့်ဘာသာ ကိုယ်ဝတ်ပေတော့၊ လက်သည်းကို ကိုယ့်ဘာသာကိုယ် ညှပ်ပေတော့၊ အချိန်စာရင်းကို ကိုယ့်ဘာသာကိုယ် တိုက်ပေတော့၊ စက်ဘီးချိန်းကျတာ ကိုယ့်ဘာကိုယ် တင်ပေတော့၊ နာရီအချိန်ပြနေတာ ကိုယ့်ဘာသာကိုယ် တိုက်ပေတော့။

လူ့ဘဝမှာ အသာစီးနေလိုစိတ် ဆိုတာကိုလည်း မိသားစု နေ့စဉ်

www.burmeseclassic.com

www.burmeseclassic.com



ဘဝထဲမှာကတည်းက တိုက်ဖျက်ပစ်ရတယ် သားရဲ့။ အဲဒါ လီကွမ်ယုရဲ့ ဒဿန၊ ဖေဖေကြိုက်လို့ တေးမှတ်ထားတဲ့ စကား။

❒

# ဇာတိရန့်တွေနဲ့ အိမ်ကလေး

## (တစ်)

သားရေ။

သည်တစ်ခါ နွေကျောင်းပိတ်ရက်မှာတော့ ဖေဖေ့ဇာတိ၊ တောရွာကလေး တစ်ရွာရှိရာဆီကို သွားမယ်လို့ ဖေဖေ ဆုံးဖြတ်ခဲ့ပြီး၊ ဆုံးဖြတ်တဲ့အတိုင်းလည်း သားတို့ကို လိုက်ပို့ခဲ့တယ်နော်။

ဖေဖေတို့ရွာက ရန်ကုန်နဲ့ သိပ်အဝေးလှကြီး မဟုတ်ပါဘူး သားရယ်။ ရှိလှ မိုင်သုံးဆယ်၊ လေးဆယ်ပေါ့။ ဒါပေမယ့် မြစ်ကမ်းနဖူးက ရွာကလေး ချောင်းကလေးတစ်ချောင်းက ရစ်ပတ်ခွေဝိုက်နေတဲ့ ရွာကလေး၊ လယ်ကွင်း တွေ လယ်ကွင်းတွေက ဝိုင်းပတ်နေတဲ့ ရွာကလေး၊ ခနိုပင်တွေ၊ အုန်းပင်တွေ၊ လတာပြင်တွေ၊ ဗေဒါပင်တွေ၊ ငါးပျံတွေ၊ အုန်းမောင်းခေါက်သံ၊ ကုလားတက် ခေါက်သံတွေနဲ့ ရွာကလေး၊ လျှပ်စစ်မီးမလင်းတဲ့ ရွာကလေး၊ အိမ်ခြေသုံး လေးရာနဲ့ ရွာဆိုမှ တကယ့်ရွာကလေးပါ သားရယ်။

ဟိုးတုန်းကဆို ရေလမ်းခရီးကိုပဲ အားကိုးခဲ့ရတာမို့ 'တိုး' မြစ်ကြီးကို ပတ်ပြီး တွံတေးတူးမြောင်းက တစ်ဆင့် ရန်ကုန်ကိုရောက်အောင် သွားရတာ အကြာကြီးမှ အကြာကြီးပါပဲ သားရယ်။ တစ်ညအိပ်ပြီးမှ ရန်ကုန်ကို ရောက်ရတဲ့ ခရီးလေ။ အခုကျတော့ ကားလမ်းတွေ၊ ဘာတွေပေါက်သွားပြီ ဆိုတော့ သုံးနာရီလေးနာရီလောက် အချိန်ယူလိုက်တာနဲ့ ရွာကိုရောက်ပြီ။

## (နှစ်)

သားတို့တွေ ရွာမှာ တော်တော်ပျော်ပုံပါပဲ။ လယ်ကွင်းပြင်ထဲမှာ လှည်းထွက်စီးလိုက်ကြ၊ စပါးနယ်နေ၊ လှေ့နေတဲ့ တလင်းပြင်ထဲမှာ ပြေး

www.burmeseclassic.com

www.burmeseclassic.com





လွှား ဆော့ကစားနေလိုက်ကြ၊ ချောင်းထဲမှာ လှေစီးလိုက်ကြ၊ ရပ်ဆွေရပ်မျိုး ဟိုအိမ်သည်အိမ် ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြ၊ ဆွေမျိုးစပ်ကြ၊ တောမုန့်တွေ လုပ်စားကြ၊ မုန့်ဆီကြော်လည်းပါရဲ့၊ မုန့်ဗိုင်းတောင့်လည်း ပါရဲ့၊ မုန့်လက်ကောက်လည်း ပါရဲ့၊ မုန့်ပိန္နဲစေ့လည်း ပါရဲ့၊ ကောက်ညှင်းပေါင်းလည်း ပါရဲ့၊ ဆပ်သွားဖူးမုန့်လည်း ပါရဲ့၊ တော်ကြာနေ အုန်းသီးခွဲစားလိုက်ကြ၊ အုန်းရည်သောက်လိုက်ကြ၊ တော်ကြာနေ ကဏာန်းပြုတ်စားလိုက်ကြ။

ဘယ်အိမ်ကို ဝင်ထိုင်လိုက်၊ ဝင်ထိုင်လိုက်၊ စကားက ပြတ်သွားတယ်လို့ကို မရှိဘူး။ ဇာတိရနံ့ထဲမှာ အဖေတို့ ဘိုးစဉ်ဆောင်ဆက် ရှည်လျားတဲ့ အတိတ်တွေ ရှိကြတယ်လေ။

ဖေဖေ ငယ်ငယ်တုန်းကပေါ့၊ စာရေးဆရာကြီး သိန်းဖေမြင့်ရဲ့ အညာပြန်စာအုပ်ကို ဖတ်ရတဲ့အခါ ကိုယ်တစ်ခါမှ မရောက်ဖူးတဲ့ မုံရွာ၊ မုံရွေး၊ ဘုတလင် တစ်ဝိုက်က မြင်ကွင်းတွေကို ရော်ရော်ရမ်းရမ်း လုပ်ကြည့်ရင်းက လွမ်းလိုက်ရတာ။

ဖာတစ်တန်၊ အထုပ်တစ်ဖက် ထမ်းပါလို့၊ အညာပြန် ရုတ်တရက် မလှမ်းနိုင်ဘူ၊ နှုတ်ဆက်စမ်းချင်လို့ လာခဲ့တယ်ဆိုတဲ့ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ လေးချိုးကရော၊ ဇာတိမြေကို လွမ်းတဲ့ အရိပ်တွေနဲ့ ကြေကွဲနေတဲ့ အသံကို ဖေဖေ ကြားရသလိုပဲ။

ကဗျာကဝိကြီး ဆရာမင်းသုဝဏ်က ခါနွေဆန်းတော့ လွမ်းမိတယ် ကဗျာထဲမှာ ရွှေခြံဂါမ၊ ကျွန့် ဌာနကိုလွမ်းတ, မိပါသတဲ့။

တရုတ်အမျိုးသား စာဆိုတော်ကြီး လူရွှန်းကရော အိမ်အပြန်ဆိုပြီး သူ့ဇာတိလွမ်းစိတ်ကို ထုဆစ်ခဲ့သေးတာပဲ မဟုတ်လား။

ပြောရင်းဆိုရင်း ပုံတောင်ပုံညာသွားတောလားကို ဖေဖေ သတိရမိပြန်ရော သားရဲ့။ တမာနံ့က သင်းသင်း အင်ကြင်းကနီနီ၊ သရဖီကမွှေးမွှေး၊ မှက်ဝါလည်းကြွေ၊ မြူခြေလည်းဆိုင်း၊ ပန်းတိုင်းပွင့်ကြတဲ့၊ ရာသီတဲ့ သားရဲ့။ စာရေးဆရာကြီး မြသန်းတင့် သူ့ဇာတိ 'မြိုင်'ကို သွားလည်တဲ့ ခရီးလေး။

အဆိုတော် သန်းထွန်းလေးရဲ့ မွေးဌာနေ သီချင်းတို့၊ မဖေသော အညာတို့လို သီချင်းတွေကို ကြားရတဲ့အခါ ဘယ်ကိုမှန်းမသိ ဖေဖေ လွမ်းလိုက်တာ။

သားရေ။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေတို့တစ်တွေမှာ ဇာတိတို့၊ ဉာတိတို့ရှိကြသလို ဇာတိတို့၊ ဉာတိတို့ ရှိရာဆီကိုလည်း သွားသင့်ကြတယ်လို့ ဖေဖေကတော့ ထင်မိတာပါပဲ။ ခေတ်သစ်မြို့ပြတွေ ပေါ်ထွန်းလာတဲ့အခါ လူတွေမှာ ဇာတိမရှိကြသေးရဲ့လား မသိဘူး။ လူမှုရေး ပညာရှင်တစ်ဦး ပြောသလို ဆေးခန်းမှာမွေးပြီး ဆေးရုံမှာသေတဲ့ ကမ္ဘာတဲ့။ ငါက ဘယ်ရွာမှာမွေးတာ၊ ငါက ဘယ်မြို့သားလို့ ဖေဖေပြောစေချင်လိုက်တာ၊ ရွာကို ပြန်ဦးမယ်ဆိုတဲ့ စကားနဲ့ ရွာက ပြန်လာတာဆိုတဲ့ အကြားကလေးတွေ လူတိုင်းမှာ ရှိစေချင်လိုက်တာ။

## (သုံး)

သားတို့ကို ဖေဖေတို့ မွေးခဲ့တာ ကွန်ကရစ်တောမှာ မွေးခဲ့တာပါ။ သားတို့က ရေခဲသေတ္တာထဲက ရေကို ယူသောက်ခဲ့ကြတာ။ သားတို့ ကစားကွင်းက ကွန်ပျူတာ ကစားကွင်း။

အခုကြည့်။ လယ်ကွင်းကြီးတွေ၊ တလင်းပြင်တွေ၊ မိုးကောင်းကင်လင်းလင်းပွင့်ပွင့်ကြီးတွေ၊ သောက်ရေကန်တွေ၊ စပါးတွေ၊ ငါးတွေ၊ အသီးတွေအနှံတွေ၊ ဆွေနီးတွေ၊ မျိုးစပ်တွေ၊ ဘယ်လောက် ပျော်စရာကောင်းသလဲ။

ရန်ကုန်ပြန်ရောက်တဲ့အခါ ရွာကအကြောင်းတွေ တော်တော်နဲ့ ပြောလို့ကုန်မှာ မဟုတ်ဘူး သားရဲ့။

□

# အတိတ်တွေ အရိပ်တွေနဲ့ အိမ်ကလေး

## (တစ်)

သားရေ...

ဟိုးတစ်နေ့က ကျောင်းပိတ်ရက် ဖေဖေတို့အိမ်မှာ လူစုံတက်စုံ ရှိနေကြတုန်း၊ အချိန်ကလေးလည်း နည်းနည်းရနေတာနဲ့ ဖေဖေလည်း လက်လှမ်းတစ်မီက အတိတ်တွေကို ဟိုဆွသည်ဆွနဲ့ပေါ့။ လက်လှမ်းတစ်မီက အတိတ်ဆိုတာက တခြားတော့ မဟုတ်ပါဘူး သားရယ်။ ဓာတ်ပုံ အယ်လ်ဘမ်အဟောင်းကလေးတွေ၊ ပုဂ္ဂိုလ်ရေးပေးစာ အဟောင်းလေးတွေ၊ စာတိုပေလေးတွေ၊ ဒိုင်ယာရီစာအုပ်အဟောင်း ကလေးတွေကို တောင်လှန် မြောက်လှန်နဲ့ ပြန်ကြည့်ဖြစ်တာပါ။ အဲသည့်မှာ သားလက်ရေးနဲ့ စာရွက်ကလေးတစ်ရွက် ထွက်ကျလာပါလေရော။ တော်တော့်ကို ဟောင်းနွမ်းနေတဲ့စာရွက်ကလေးပါ သားရယ်။ ဝါကျင်လို့ အပြဲကလေးတွေ အပေါက်ကလေးတွေနဲ့။ စာရွက်အနားကလေးတွေမှာဆို ပိုးတောင်မှစားလို့။

ဒါ... သား တစ်တန်းကျောင်းသားဘဝက ရေးခဲ့တဲ့ ဝတ္ထုတိုကလေးတစ်ပုဒ်ပေါ့။ တာဇံတဲ့။ Tarzan ဆိုတဲ့ ရုပ်ရှင်ကိုကြည့်ပြီး သားစိတ်ကူးနဲ့သားပြန်ရေးထားတဲ့ ဝတ္ထုတိုကလေးပဲ ဆိုပါတော့။ ဖေဖေ သိမ်းထားခဲ့တဲ့စာရွက်ကလေးကို ဖေဖေဘာသာ ဖေဖေပြန်ဖတ်၊ ပြုံးလည်းပြုံးမိရာက တစ်အိမ်လုံးကိုခေါ်ပြီး ဖတ်ပြလိုက်တဲ့အခါ အကုန်လုံးတဝါးဝါးရယ်ရှင်းနှင့်သဘောကျကုန်လိုက်ကြတာ။ စာရွက်ကလေးကို ဟိုလူက ယူကြည့်၊ သည်လူက ယူကြည့်နဲ့။ သားတောင်မှ သားလက်ရေးကို မမှတ်မိနိုင်အောင် အံ့အားသင့်နေခဲ့ရပြီ မဟုတ်လား။ သတ်ပုံကလည်း တစ်တန်းကျောင်းသား

www.burmeseclassic.com

www.burmeseclassic.com





ကလေးရဲ့ သတ်ပုံဆိုတော့ အမှားမကင်းတဲ့ သတ်ပုံနဲ့ပေါ့။ သားရေးထားပုံက ကြည့်ပါဦး။

TARZAN-1

တစ်နေ့တုန်းက မိသားစုတစ်ဦးသည် တောထဲတွင် ကားမှောက်၏။ သူတို့ မိသားစုတွင်ရှိသော သားသည်တောထဲ ဝင်သွား၏။ သူ သားလေးကို မျောက်ဝံကြီး မွေးစားသည်။ ကလေးလေးသည် ကြီးလာသောအခါ **TARZAN** ဖြစ်လာတယ်။ TARZANသည် သူငယ်ချင်းတစ်ယောက်ရှိ၏။ သူ့ သူငယ်ချင်းသည် မျောက်ကလေးဖြစ်၏။ TARZAN သည် တောထဲကွင် လျှောက်သွား၏။ တစ်နေရာတွင် ကျားနှစ်ကောင်သည် ကောင်မလေး တစ်ယောက်ကို ကိုက်မလို လုပ်၏။ TARZAN သည် ကျားနှစ်ကောင်ကို ရေထဲပစ်ချ၏။ ကောင်မလေးသည် ကြိုက်ပြီး ညားသွား၏။ ပြီးပါပြီ။

အဲဒါ သားရေးခဲ့တဲ့ ဝတ္ထုပဲပေါ့။ အသက်အရွယ်ရော၊ အတန်းရော ကြီးတန်သလောက် ကြီးလာပြီဖြစ်တဲ့သား။ ကိုယ့်လက်ရာကို ကိုယ်ပြန်အံ့ဩနေခဲ့ပြီ မဟုတ်လား။ ရှက်ကိုးရှက်ကန်းနဲ့။ အတိတ်ဆိုတာ လူကို အသစ်တစ်ဖန် ပြန်လည်နုပျိုသွားစေသလို ဘဝကို ပြန်ပြန်ပြီး ချဉ်းကပ်တဲ့နေရာမှာလည်း အမှန်တရားနဲ့ တော်တော့်ကို နီးကပ်စေတယ်လို့ ဖေဖေထင်မိတယ် သားရဲ့။ မာနတွေ ဘာတွေကိုတောင်မှ ခဝါချပစ်ရာရောက်လေသလားပဲ။

## (နှစ်)

သား စဉ်းစားကြည့်။

သားဘာသာ သားပညာတွေ ဘယ်လောက်တတ်လာ တတ်လာ၊ ဉစ္စာဓနတွေ ဘယ်လောက်ဖွံ့ဖြိုးလာ ဖွံ့ဖြိုးလာ၊ လူနေမှုအဆင့်အတန်းတွေ ဘယ်လောက် မြင့်မားလာ၊ မြင့်မားလာ၊ သားရဲ့ ကလေးဘဝ အရည်အသွေးဟာ ဖေဖေ သိမ်းထားခဲ့တဲ့ အဲသည့်တာဇံဝတ္ထုပါပဲ။ သည်ကနေ ဖေဖေတို့ တစ်တွေရှေ့ကို ဆက်ခဲ့ကြရတာပါပဲ။

အဲသည်နေ့က ထွက်လာတဲ့ စာရွက်တွေထဲမှာ သားငယ်ငယ်က ဆွဲသားခဲ့တဲ့ ပန်းချီတွေလည်း အများကြီးပဲ။ တစ်ပုံက 'အမေဟူသည်' တဲ့၊ မိန်းမတစ်ယောက် အဝတ်ကြိုးတန်းမှာ အဝတ်လှမ်းနေတဲ့ပုံ၊ နောက်တစ်ပုံက 'အဖေဟူသည်' တဲ့၊ ယောကျ်ားတစ်ယောက် ထမင်းရှုးနေတဲ့ပုံ။

နောက်ဓာတ်ပုံတွေကလည်း အများကြီးပဲ သားရဲ့။ မမငယ်ငယ်တုန်းက

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကပွဲမှာ ကနေတဲ့ပုံ၊ ဖေဖေတို့မိသားစု ချောင်းသာမှာ ရေကူးနေကြတဲ့ပုံ၊ ပုဂံမြို့တူရွင်းတောင်ပေါ်မှာ လေတဟူးဟူးထဲရပ်နေတဲ့ပုံ၊ အင်းလေးကန်မှာ စက်လှေစီးနေကြတဲ့ပုံ၊ ရန်ကုန်မန္တလေးအမြန်ရထားပေါ်မှာ အမေလူထုဒေါ်အမာမွေးနေ့ပွဲ သွားကြတဲ့ပုံ၊ နောက်ဆုံးသားရယ် ဖေဖေငယ်ငယ်က စက်ဘီးကလေးပေါ် ထိုင်နေတဲ့ပုံတို့၊ သားမေမေရှစ်တန်း ကျောင်းသူဘဝက ပုံတွေတောင်မှ ပါလိုက်သေးတယ်။

ကျောင်းသုံးစာအုပ် အဟောင်းကလေးတွေ၊ လူ့အသုံးအဆောင် ပစ္စည်းကလေးတွေ၊ ပေးစာအဟောင်းကလေးတွေ တစ်ခုပြီးတစ်ခု ထွက်လာသမျှကို ဒါဘယ်တုန်းက၊ ဒါဘယ်နေရာမှာ၊ ဒါဘယ်သူပေါ့နဲ့ အတိတ်ကို ပြန်သွားရတာ ဘဝကို ပြန်နွှေးရသလို ပူပူနွေးနွေးရှိလိုက်တာ သားရယ်။

## (သုံး)

သားရေ။

ရေးဟောင်းသုတေသနဌာနက သူတို့ တူးဖော်လို့ ရသမျှကို အခြေခံပြီး ငါတို့ဘယ်မှာ နေခဲ့ကြဖူးတယ်၊ ငါတို့ဘယ်လိုနေခဲ့၊ စားခဲ့ကြတယ်၊ ငါတို့ဘယ်လို စာရေးခဲ့၊ ငါတို့ဘယ်လိုအရုပ်ရေးခဲ့၊ ငါတို့ဘယ်လို ဆိုခဲ့၊ ကခဲ့၊ သွားခဲ့၊ လာခဲ့ဆိုတာတွေကို ထုတ်ဖော်လိုက်ကြတဲ့အခါ သမိုင်းဟာ လွမ်းစရာချည်းပဲနော်။

သားကြိုက်တဲ့ E.T တို့၊ Jaws တို့၊ Jurassic Park တို့၊ Schindler's list တို့၊ Saving Private Ryan တို့ကို ရိုက်ခဲ့တဲ့ ကမ္ဘာကျော်ဒါရိုက်တာကြီး စတီဗင်စပီးလ်ဘာဂ့် (Steven Spielberg) ရဲ့ စကားတစ်ခွန်းကို ဖေဖေ ကြိုက်မိတာရှိတယ် သားရဲ့။ 'ကျွန်တော့်သားသမီးတွေ အတိတ်ကို အလေးထားလာစေဖို့' ဆိုတဲ့စကား။

မိသားစုတွေ ဆုံဖြစ်ကြတဲ့အခါ အတိတ်ကို ပြန်ပြန်သွားကြတာဟာလည်း အနုပညာဆန်တဲ့ အလုပ်တစ်ခုလို့ ဖေဖေတော့ ထင်မိတာပါပဲ သားရယ်။

❐

# ဘွာန်ကရိုဏ်းကျကျနဲ့ အိမ်ကလေး

## (တစ်)

သားရေ။

အခုတလောမှာ ဖေဖေ မြန်မာ့အသံဝန်းထဲကို မကြာခဏ ရောက်ဖြစ်နေတယ် သားရဲ့။ မြန်မာ့အသံဆိုပေမယ့် ဟိုတုန်းက မြန်မာ့အသံဆော မြန်မာ့ရုပ်မြင်သံကြားရော နှစ်ခုလုံးရှိတဲ့ ဝန်းကြီးပေါ့။ ဖေဖေ ရန်ကုန်တက္ကသိုလ် ကျောင်းသားဘဝတုန်းက သည်ဝန်းကြီးထဲကို တစ်ခါတစ်ခါ ရောက်ရောက်သွားတတ်ခဲ့တာပေါ့။ ဖေဖေရေးတဲ့ ဇာတ်လမ်းကလေးတွေ၊ ဇာတ်လမ်းပဓာနအားဆင်စရာ အခန်းကနေ လွှင့်ဖို့၊ နောက် ကျောင်းသင်ခန်းစာ ပို့ချချက်တွေ ပြန်ပြီး အမှတ်ရနေမိတယ် သားရယ်။ အခုတော့ သည်ဝန်းကြီးထဲမှာ MRTV4ရယ်၊ ရန်ကုန် City FM ရယ်၊ မန္တလေး City FM ရယ်၊ ဒါတွေပဲ ရှိတော့တယ် သားရဲ့။

အခု ဖေဖေရောက်ရောက်သွားတာက မန္တလေး City FM ကိစ္စပေါ့။ ဖေဖေရေးတဲ့ 'သမီးဖတ်ဖို့' ဆောင်းပါးတွေကို အသံလွှင့်ဖို့တဲ့။ အဲဒါကို ဖေဖေက အသံသွားသွားသွင်းရတာ။ 'သမီးဖတ်ဖို့' ဆောင်းပါးတွေကို ဖေဖေ ရေးခဲ့တာ အပုဒ် ၁၀၀ နီးပါးလောက်တောင် ရှိမလားပဲ။ ရာပြည့်ရယ်၊ မုံရွေးရယ်၊ ငြိမ်းငြိမ်းချမ်းချမ်းရယ်၊ ရွှေအုတ်မြစ်ရယ်၊ စိတ်ကူးချိုချိုရယ် အဲသည့် စာအုပ်တိုက်တွေက ထုတ်ခဲ့တဲ့ ဆောင်းပါးတွေပေါ့။

အခု အဲသည့် ဖေဖေ့ဆောင်းပါးတွေကို ဖေဖေကိုယ်တိုင် ဖတ်ပြီး အသံလွှင့်တဲ့ခါ လူတွေက ကြိုက်တယ်ပြောတာပါပဲ သားရယ်။ Mood ပါလို့တဲ့။ အင်း စာဖတ်တယ်ဆိုတာ၊ အသံနေ အသံထားနဲ့ အဖြတ်အတောက်

www.burmeseclassic.com

www.burmeseclassic.com





မှန်မှန်၊ နိမ့်တစ်ခါ မြင့်တစ်လှည့် ဖတ်သွားရတာမျိုး မဟုတ်လား သားရဲ့။ သားကို ဖေဖေ စာဖတ်ဖတ်ပြနေသလိုမျိုးပေါ့။ မိသားစုတွေထဲမှ ကြာကြာ အချိန်ကလေးပေးပြီး စာဖတ်ပြတာမျိုးဟာ နည်းနည်းပါးပါး လိုအပ်မလား ပဲ သားရယ်။

(နှစ်)

ဟိုးလွန်ခဲ့တဲ့ ဆယ်နှစ်ဝန်းကျင်လောက်ကလို့ ထင်ပါရဲ့။ အဆိုတော် ထူးအိမ်သင်နဲ့ ဟေမာနေဝင်းတို့ရဲ့ စာအုပ်ဖတ်တဲ့ အနုပညာကို ကက်ဆက်ခွေကလေးထဲကတစ်ဆင့် ဖေဖေ ခံစားဖူးခဲ့တယ်။ စာရေးဆရာမ ဂျူးရဲ့ ဝတ္ထုတိုကလေးတွေကို ဖတ်ထားတဲ့ ကက်ဆက်ခွေလေ။ ပရိသတ်ထဲကို သိပ်ကျယ်ကျယ်ပြန့်ပြန့် မရောက်လိုက်ဘူး သားရယ်။ နိုင်ငံတကာမှာကတော့ အခုနောက်ပိုင်း စာအုပ်တွေဟာ CD တွေနဲ့ တွဲလာတာများတယ်။ ဖတ်ထားတာတွေကလည်း သိပ်နားထောင်ကောင်းတာပဲ။ လိုအပ်တဲ့ နေရာမှာ နောက်ခံဂီတနဲ့ အသံဗလံကလေးတွေတောင် ထည့်ပေးထားသေးတယ်။

စာဆိုတာဟာ စနစ်တကျ ဖတ်လိုက်တော့မှ အရသာ ပိုရှိလာတာမျိုးလေသားရဲ့။

ကမ္ဘာကျော် ဘောလုံးသမား ဒေးဗစ်ဘက်ဟမ် (David Beckham) ကို သားလည်း အသိပဲလေ။ ဖေဖေ သူ့ကို သတိထားမိသွားတဲ့ အချက်က ဘောလုံးသမားဘဝနဲ့ မဆိုင်တဲ့ကိစ္စ သားရဲ့။ သူ့ မိသားစုဘဝ၊ သူက သူ့သားတွေကို အသံနေ အသံထားနဲ့ မကြာခဏ စာဖတ်ပြတယ်ဆိုပဲ သားရဲ့။ ကောင်းလိုက်တဲ့ မိသားစု ဟန်ပန်ပါလား သားရယ်။

ကမ္ဘာကျော်စာရေးဆရာကြီး ဗွီအက်စ်နိုင်ပေါ (V.S Naipaul) ဆိုရင်လည်း ဖေဖေတို့ နိုင်ငံက စာပေမြတ်နိုးသူတွေ တော်တော်များများ သိကြတဲ့ စာရေးဆရာကြီးပေါ့။ သည်စာရေးဆရာကြီးက သူ့စာအုပ် တချို့ကို သူကိုယ်တိုင် ဖတ်ပြတယ် ဆိုပါလား။ ဌာန်နဲ့ ကရိုဏ်းနဲ့ ကျကျနန ဖတ်ပြရင် သိပ်နားထောင်ကောင်းမှာပဲလို့ ဖေဖေ စိတ်ကူးယဉ်နေမိတယ်။

ဖေဖေ့မှာရှိတဲ့ ချင်းတွင်း မဂ္ဂဇင်းတွေထဲက တစ်အုပ်မှာတော့ ဆရာ ဒေါက်တာခင်မောင်ဝင်းရဲ့ "စာအုပ်ဖတ်ခြင်း၏ အနုပညာ" ဆိုတဲ့ ဘာသာပြန် ဆောင်းပါးလေးကို ဖေဖေက သတိထားမိတယ် သားရဲ့။ အဲသည်မှာ Reading Institude စာဖတ်တက္ကသိုလ်ဆိုတာကလေး ဖေဖေ သတိထားမိ

www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။ ဒေါက်တာ စတယ်လာ စင်တာ (Dr. Stella S. center) က သူ နယူးယောက် တက္ကသိုလ် (Newyork University)မှာ တာဝန်ထမ်းနေတုန်း ဖွင့်လိုက်တဲ့ဌာနတဲ့ သားရဲ့။ စာဖတ်တာကို အနုပညာတစ်ရပ်ပမာ ကျွမ်းကျင်စွာ တတ်မြောက်ဖို့တဲ့၊ သိပ်စိတ်ဝင်စားစရာ ကောင်းတာပဲလို့ ဖေဖေ ထင်မိတယ်။

ကြည့် ... ခုမှ ဖေဖေ သတိရမိတယ်။ အိုဘားမား၊ အခု ၂၀၀၉ ထဲမှာမှ ပူပူနွေးနွေး အမေရိကန်သမ္မတဖြစ်ခဲ့တဲ့ Barack Obama ကလေးတွေကို ငယ်ငယ်ကတည်းက စာဖတ်ကျင့်လုပ်ပေးတဲ့၊ တီဗီကို ပိတ်ထားတဲ့၊ စာဖတ်တာကို အာရုံဝင်စားအောင် လုပ်တဲ့၊ နယူးယောက်တိုင်းမ် သတင်းစာထဲက Michiko Kaku tani ရဲ့ ဆောင်းပါး From books, New president Found Voice ဆိုတဲ့ ဆောင်းပါးကို ဆရာ မောင်ဝံသ ဘာသာပြန်ထားတာ။ ဟုတ်တယ် သားရဲ့ မိသားစုထဲမှာ စာဖတ်ပြတာကို ဖေဖေက ယုံတယ်။ ပြီးတော့ ဝါသနာပါတယ်။

သားမမက ငယ်ငယ်က ရွှေသွေး၊ နောက် တေဇ၊ နောက် မိုးသောက်ပန်း၊ နောက် ရတနာပန်းခင်း ပြီးတော့ ပုံပြင်စာအုပ်တွေ ဖေဖေ ဖတ်ပြရင်း ဖတ်ပြရင်းနဲ့ စာအရသာကို တွေ့သွားလိုက်တာ ခုဆို စာအုပ်သရဲကို ဖြစ်လို့။

## (သုံး)

မနေ့တုန်းကတော့ မိသားစုတွေ အားနေတာနဲ့ ကြမ်းပြင်ပေါ်မှာ ဖက်ခေါင်းအုံးကြီးတွေချ၊ တန်းစီအိပ်ပြီး သားကို ဖေဖေ ကဗျာတွေ ဖတ်ပြနေခဲ့တာပေါ့။

ဝါဆိုဝါခေါင်ရေတွေကြီးလို့ သပြေသီးမှည့် ကောက်စို့ကွယ် ဆိုတဲ့ ဆရာကြီးမင်းသုဝဏ်ရဲ့ သပြေသီးကောက် ကဗျာလည်း ပါတာပဲ။ ဆွမ်းအုတ် နီနီ အမေရွက်လို့၊ နက်ဖန် မနက် ကျောင်းထွက်မယ်ဆိုတဲ့ ဥပုသ်စောင့် ကဗျာလည်း ပါတာပဲ ။ ဒါလည်း ဆရာကြီး မင်းသုဝဏ်ရဲ့ ကဗျာပဲပေါ့။ နောက် ဆရာကြီး ဒေါက်တာမောင်ဖြူးရဲ့ ပါပီကလေး ပုတုတု၊ သူ့စကားက ဝုဝုဝု ဆိုတဲ့ ကဗျာလည်းပါတာပဲ။ သားကလည်း ဟိုမေး သည်မေးပေါ့။ မျှောဆိုတာ ဘာလဲဖေဖေ၊ ဥပုသ်စောင့်တာက ဘယ်လိုလုပ်ရတာလဲ။ ခွေးကလေးတွေက ဘာလို့ စကားမပြောတတ်တာလဲ ။ သား မေမေတို့၊ မမတို့ကလည်း သူ့တို့ သိတာလေးတွေ ဝင်ပြောကြပေါ့။ သိပ်အရသာ ရှိတယ်သားရဲ့။ မိသားစုကိုပါ နွေးထွေးစေတဲ့ စာဖတ်ပွဲကလေး တွေပေါ့။



ဆရာကြီး လူထုဦးလှရဲ့ ပုံပြင်တွေ၊ နောက် ဆရာကြီး ဇော်ဂျီ ပြုစုတဲ့ ရိုးရာပုံပြင်တွေ ဖေဖေတို့ ဖတ်ပြီးသွားကြပြီ။ ဟိုနေ့ကတော့ အာရှရိုးရာ ပုံပြင်စာအုပ်တွေ လမ်းဘေးစာအုပ်ဆိုင်ကနေ ဖေဖေရလာခဲ့ ပြန်ပါရဲ့။ တစ်နေ့ လောက်အားရင် ဖေဖေ ဖတ်ပြဦးမယ်။ အသံနေ အသံထားနဲ့။ ဌာန်ကရိုဏ်း ကျကျ စကားပြောခန်းတွေဆိုရင် Mood တွေ ဘာတွေသွင်းလို့။ သနားစရာ ကောင်းတဲ့နေရာမှာ ကရုဏာစွက်တဲ့ အသံနဲ့၊ ရယ်စရာကောင်းတဲ့ နေရာမှာ ရွှင်သောမြူးသော အသံနဲ့၊ ဒေါသဖြစ်တဲ့ နေရာမှာ ခက်ထန် ကြမ်းရှတဲ့ အသံနဲ့။

❐

www.burmeseclassic.com

www.burmeseclassic.com

## ပေးတတ်သောလက်များနဲ့ အိမ်ကလေး

### (တစ်)

သားရေ...

နိဗ္ဗာန်ဈေးမှာ ဆိုင်ခင်းရတာ သားပျော်တယ် မဟုတ်လား။ အခု ရပ်ကွက်ကလေးထဲကို ဖေဖေတို့ ရောက်လာကြတာ ၄-၅ နှစ်ရှိသွားပြီပေါ့ သားရယ်။ ဖေဖေတို့ ရပ်ကွက်ကလေးက ဆေးတက္ကသိုလ်ရှေ့ ရပ်ကွက်ကလေး ဆိုတော့ အဆင်ပြေတဲ့ သူတွေလည်းရှိ၊ အဆင်မပြေတဲ့ သူတွေလည်း ရှိပေါ့။ သည်ရပ်ကွက်ကလေးမှာ ချစ်စရာကောင်းတာကတော့ တစ်နှစ်ကို အနည်းဆုံး နှစ်ခါလောက် နိဗ္ဗာန်ဈေး ခင်းကြပြီ၊ သင်္ကြန်ရက်တွေဆိုရင်လည်း နိဗ္ဗာန်ဈေး ခင်းကြပြီ။

နိဗ္ဗာန်ဈေးက လမ်းတိုင်းလိုလို ခင်းကြတာမို့ ရပ်ကွက်လုံးကျွတ်ခင်းတဲ့ နိဗ္ဗာန်ဈေးလို့ပဲ ဆိုကြပါစို့ သားရယ်။ လမ်းထိပ်တိုင်း လမ်းထိပ်တိုင်းမှာက မဲလက်မှတ်ပေးတဲ့ ရုံကလေးတွေနဲ့ပေါ့။ အိမ်တိုင်း အိမ်တိုင်းရဲ့ ရှေ့မှာက စားပွဲကလေးတွေ ကိုယ်စီချထားပြီ နိဗ္ဗာန် ဈေးခင်းကြလို့၊ သိပ်ကြည်နူးစရာ ကောင်းတာပါပဲ။

### (နှစ်)

နိဗ္ဗာန်ဈေးခင်းဖို့ ရက်ကို ရောက်ပြီလို့ဆိုရင် နှစ်ရက်လောက် အလို မှာကတည်းက လမ်းထဲက ဦးဆောင်သူ လူငယ်တွေ၊ ဖေဖေတို့ အိမ်တွေဆီ ရောက်လာကြပြီလေ။ မဲအရေအတွက် ဘယ်လောက်ယူမလဲပေါ့။ ငါးမဲ၊ ဆယ်မဲ၊ မဲနှစ်ဆယ် ကိုယ့်အင်အားနဲ့ကိုယ် ချိန်ဆပြီး နိုင်သလောက် ကြိုက်




www.burmeseclassic.com

www.burmeseclassic.com



သလောက်ယူဖို့ပေါ့။ ဖေဖေတို့ကတော့ အမြဲတန်းမဲ ၂၀ ပဲ။ နံပါတ်ကတော့ ကျချင်တဲ့ နံပါတ်ကျပေါ့။ နိဗ္ဗာန်ဈေးဖွင့်တဲ့နေ့မှာ ခင်းထားတဲ့ ပစ္စည်းတွေကတော့ အမျိုးမျိုးပါပဲသားရယ်။ တတ်နိုင်တဲ့ အိမ်တစ်အိမ်ကဆို အင်ဒိုနီးရှား ပါတိတ်တွေချည်းပဲ။ နောက်တစ်အိမ်ကများဆို ရေဒီယိုကလေးတွေ၊ စတီးလ်ချိုင့်တွေ၊ အိုးခွက်ပန်းကန်တွေ၊ အဝတ်အစားတွေ အားလုံး အသစ်စက်စက်၊ ကျန်တဲ့ အိမ်တွေကလည်း စိတ်ကူးကောင်းကောင်းတွေကို စေတနာသန့်သန့်တွေနဲ့ ခင်းကျင်းထားကြတာချည်းပါပဲ။

ဆန်အိတ်ထုပ်ကလေးတွေ ပါတယ်၊ ဆပ်ပြာတွေပါတယ်၊ ပဲဆီသန့်ဘူးကလေးတွေပါတယ်။ အအေးပုလင်း၊ ခေါက်ဆွဲခြောက်၊ ကြာဆံခြောက်၊ ဒံပေါက်၊ အိုး- စုံလို့။

နိဗ္ဗာန်ဈေးဖွင့်တဲ့အချိန်မှာ တန်းစီနေတဲ့ လူအုပ်ကြီးဟာ လမ်းထိပ်တိုင်း လမ်းထိပ်တိုင်းမှာ အများကြီးပဲ။ မဲနံပါတ်ရလာပြီဆိုရင် လမ်းထဲကို ဝင်လာကြ၊ ပြီးတော့ ကိုယ့်မဲနံပါတ်ပါတဲ့ နိဗ္ဗာန်ဈေးဆိုင်က ပေါက်တဲ့ပစ္စည်းကို ထုတ်ယူသွားကြ၊ သိပ်ပျော်စရာကောင်းတာပဲ သားရဲ့။

သားမှတ်မိတယ် မဟုတ်လား။ နိဗ္ဗာန်ဈေးခင်းတဲ့နေ့မှာ ဖေဖေတို့အိမ်ရှေ့မှာ စားပွဲခုံကလေးခင်းလို့၊ စားပွဲခင်းတွေ ဘာတွေနဲ့ ကျကျနန။ ဖုန်းဘုန်းကြီးက ဖေဖေတို့ လက်ဆောင်ရလာတဲ့ ယွန်းဇုန်းကလေးတွေထဲမှာ ပစ္စည်းတွေ ကျကျနနထည့်လို့၊ ဖေဖေရယ်၊ မေမေရယ်၊ မမရယ်၊ သားရယ် ကိုယ့်ပစ္စည်းကို မဲဖောက်ပြီး လာထုတ်ယူရမယ့် လူကို လည်တဆန့်ဆန့်နဲ့ မျှော်ကြရတာလေ။ တစ်ယောက်ပြီး တစ်ယောက် ရောက်ရောက်လာကြတဲ့ အခါ မဲနံပါတ်ကိုစစ်ပြီး ပစ္စည်းကလေးတွေ တစ်ခုပြီးတစ်ခု ထုတ်ပေးရင်း သားပျော်နေပုံကို ဖေဖေတော့ သိပ်သဘောကျမိတယ်။ ပစ္စည်းတွေကုန်လို့ ကိုယ့်နိဗ္ဗာန်ဈေးခုံကလေး ကိုယ်ပြန်သိမ်းရင်း အိမ်ထဲပြန်ဝင်လာတဲ့အခါ တစ်အိမ်လုံး စိတ်ကြည်နူးပြီး လွတ်လပ်ပေါ့ပါးနေတော့တာပါပဲ သားရယ်။

## (သုံး)

သားရေ။

ဖေဖေလေ လယ်တီဆရာတော်ဘုရားကြီးရဲ့ ဥတ္တမ ပုရိသဆိုတဲ့ စာအုပ်ထဲမှာ အလှူအကြောင်းကို ဖတ်ခဲ့ဖူးတယ် သားရဲ့။ အလှူတွေကို အယုတ်အမြတ် အနိမ့်အမြင့် ခွဲခြားထားလိုက်တာ။ သံသရာမှာ အကျိုး



တစ်ခုခုရဖို့ ရည်မျှော်ပြီး လှူတာ၊ မျက်မှောက်ဘဝ လူ့အသိုင်းအဝိုင်းထဲမှာ ဝင်ဆံ့ဖို့၊ နေရာရဖို့ လှူတာတွေကို မလျော်သော အလှူတွေလို့ မိန့်တယ် သားရဲ့။ ကိုယ့်အလှူကြောင့် ဘယ်သူတွေ ဘယ်နေရာတွေမှာ အကျိုးရှိနိုင်မလဲဆိုတဲ့ စိတ်နဲ့လှူတာ တကယ့်အလှူတဲ့။ နိဗ္ဗာန်ဈေးခင်းပြီး လှူတဲ့ အလှူကို ဖေဖေတော့ သိပ်သဘောကျတာပဲ။ ဘယ်သူဘယ်ဝါကိုမှ လှူမယ်ဆိုတဲ့ ပုဂ္ဂိုလ်စွဲမရှိ။ ကိုယ့်အလှူပစ္စည်းကို မဲပေါက်သူကလာလာပြီး ထုတ်ယူသွားတဲ့အခါ ဖေဖေတို့ ပျော်လိုက်ကြရတာ။

လောကကြီးထဲမှာ အဆင်မပြေကြသူတွေကလည်း အများကြီးသားရဲ့။ သည်လူတွေအတွက် ဖေဖေတို့ တတ်အားသမျှ လှူချင်တန်းချင်တဲ့ စိတ်ကလေးတွေ မွေးမြူတာဟာလည်း မိသားစုထဲမှာ လိုအပ်တဲ့ စိတ်ဓာတ်တည်ဆောက်မှု တစ်ခုပဲလို့ ဖေဖေထင်မိတယ်။ နာဂစ်မုန်တိုင်းပြီးကာစ တချို့ရွာလေးတွေဆီ ဖေဖေရောက်သွားတဲ့အခါ၊ မိသားစုအလိုက် လာလာပြီး လှူနေကြတာတွေကို တွေ့တဲ့အခါ ကျက်သရေရှိတဲ့ မိသားစုကလေးတွေပါလားဆိုပြီး သိပ်ကို ပီတိဖြစ်မိတာပဲ။

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်ရဲ့ ဆောင်းပါးတွေကို ဖေဖေ ကကြိုက်လို့ ဖတ်မိတာကြောင့် ဆောင်းပါးတစ်ပုဒ်ထဲမှာ တွေ့လိုက်ရတဲ့ Social Cohesion ဆိုတဲ့ စကားလုံးကို သိပ်ကို သဘောကျမိတယ်။ လူမှုရေးဆိုင်ရာ နီးကပ်မှု၊ စုစည်းမှု၊ ဘယ်လိုဘာသာပြန်ရမယ် ဖေဖေ မပြောတတ်ဘူး။ လူ့အဖွဲ့အစည်းထဲမှာ လူအချင်းချင်း နီးကပ်စုရုံးတဲ့ စိတ်၊ ထောက်ထားစာနာတတ်တဲ့ စိတ်တွေဖွံ့ဖြိုးလာအောင် မိသားစုဘဝထဲမှာလည်း ပြုစုပျိုးထောင်ပေးဖို့ လိုမယ်လို့ ဖေဖေ စဉ်းစားမိတယ်။

ဘိုးဘွားရိပ်သာတွေရှိရာ၊ ဆွံ့အနားမကြား ကျောင်းတွေရှိရာ၊ ပရဟိတ အဖွဲ့အစည်းကလေးတွေ ရှိရာကို မိသားစုအလိုက် စိတ်တူကိုယ်တူ သွားပေးလှူနေကြပုံ မြင်ကွင်းတွေဟာ သိပ်ကျက်သရေရှိတာပဲ သားရဲ့။ ပေးကမ်းစွန့်လွှတ်တတ်တဲ့ စိတ်တွေကို မိသားစုထဲမှာ တည်ဆောက်ထားတာဟာလည်း ချမ်းမြေ့စရာတစ်မျိုးလို့ ဖေဖေကတော့ ယုံကြည်နေတာပါပဲ သားရယ်။

www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်တွေ အတ္ထုပ္ပတ္တိတွေနဲ့ အိမ်ကလေး

## (တစ်)

သားရေ...

ဟိုးတစ်ရက်က အိမ်မှာ ရုပ်ရှင်ကြည့်ကြတုန်းက ဖျတ်ခနဲဆိုသလို သားဖေဖေ့ကို လှမ်းမေးလိုက်တဲ့ မေးခွန်းကို ဖေဖေတော်တော့်ကို သဘောကျသွားမိခဲ့တယ် သားရယ်။ သားက အခုမှ ငါးတန်းအောင်ပြီး ခြောက်တန်းတက်မလို့ ပြင်နေတုန်းအရွယ်၊ သည်လိုမေးခွန်းမျိုးမေးတတ်တာကို ဖေဖေကျေနပ်မိတာလည်း အမှန်ပါ။ ဖေဖေဟစ်တလာ (Hitler) နဲ့ အိုစမာဘင်လာဒင် (Osama Binladin) ဘယ်သူက ပိုဆိုးသလဲတဲ့။ သားကြည့်နေတဲ့ကားက တွမ်ခရုစ် (Tomcruise) ပါတဲ့ ကားလေ။ ValKyrie တဲ့။ ဟစ်တလာကို လုပ်ကြံဖို့ ကြိုးစားတဲ့ကားပေါ့။

သားက သည်ကားကိုကြည့်ရင်းက ဟစ်တလာကို တော်တော်မုန်းနေပုံရပါတယ်။ ဖေဖေက သားအသက်အရွယ်နဲ့ လိုက်အောင် ဟစ်တလာအကြောင်းကို နည်းနည်းပါးပါး ရှင်းပြရတာပေါ့။ ဂျူးလူမျိုးတွေကို သန်းနဲ့ချီပြီး သတ်ခဲ့တာတွေ၊ အဆိပ်ငွေ့လွှတ်ထားတဲ့ သူ့ရဲ့အကျဉ်းစခန်းတွေ၊ နောက်ဆုံး သူ့ကိုယ်သူ အဆုံးစီရင်သွားရတာတွေ၊ အဆင်သင့်ချင်တော့ ဖေဖေ့စာအုပ်စင်ပေါ်မှာ ဟစ်တလာ စာအုပ်ကလေးကလည်း ရှိနေတယ် သားရဲ့။ ဖေဖေနဲ့သိပ်ခင်တဲ့ စာရေးဆရာကြီး လင်းယုန်မောင်မောင်ရေးတဲ့ စာအုပ်လေ။ ဆရာ့သား စာရေးဆရာသားကြီးမောင်ဖေယျကလည်း ဖေဖေ့သူငယ်ချင်းပဲပေါ့။ ဖေဖေက အဲသည့် ဆရာလင်းယုန်မောင်မောင်ရဲ့ ဟစ်တလာ စာအုပ်ကလေးလှမ်းဆွဲပြီး သားကိုပြတော့ သားစိတ်ဝင်စားနေလိုက်တာလေ။ ရုပ်ရှင်လည်းပြီးရော စာအုပ်ကိုလှန်တော့တာပါပဲ။



www.burmeseclassic.com



စာအုပ်က ဓာတ်ပုံတွေ တော်တော်များများ သုံးထားတဲ့ စာအုပ် သားရဲ့။ သားက ကလေးဆိုတော့ ဓာတ်ပုံတွေကို သိပ်စိတ်ဝင်စားတာပေါ့။ ဟစ်တလာငယ်ငယ် မူလတန်းကျောင်းသားဘဝ သူငယ်ချင်းတွေ အများကြီးနဲ့ ရိုက်ထားတဲ့ ဓာတ်ပုံထဲက ဟစ်တလာကိုတောင်မှ သားက ရအောင်ရှာတယ်။ ဖေဖေ ဒီမှာဒီမှာ ဟစ်တလာတဲ့။ သားအသက်၊ သားအရွယ်၊ သားပညာနဲ့ သည်ဟစ်တလာစာအုပ်ကို သား ဘယ်ဖတ်နိုင်လိမ့်မလဲ၊ အစအဆုံးလည်း သား မကြိုက်နိုင်ပါဘူး။ ဒါပေမဲ့ ရုပ်ရှင်အရှိန်ကြောင့်လို့ ထင်ပါရဲ့။ ဟစ်တလာဆိုတဲ့ လူတစ်ယောက်ကိုတော့ သား သိပ်စိတ်ဝင်စားနေခဲ့ပြီ။ သည်လူ မကောင်းဘူးလို့လည်း သားသိနေခဲ့ပြီ။ ခုလို သမိုင်းနဲ့ ပွတ်သီးပွတ်သပ်နေရင်းက နောင်ကြီးတော့ ရင်းနှီးကျွမ်းဝင်သွားတာမျိုးကို ဖေဖေလိုလားတယ်။

ဟိုတစ်ခါ တစ်ညၤ ဖေဖေတို့ ရွှေတိဂုံဘုရားပေါ်ကအဆင်း ရွှေတိဂုံဘုရားလမ်းအတိုင်း သိမ်ကြီးဈေးဘက်ကို လမ်းလျှောက်ကြတော့ စုဖုရားလတ်၊ ဦးသန့်၊ ဒေါ်ခင်ကြည်၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်းတို့ရဲ့ ဂူတွေရှေ့နားဆီမှာ ခဏအသာရပ်ကာ ဖေဖေကပြော သားကမေးနဲ့။ စုဖုရားလတ်ဆိုတာ မြန်မာ့နောက်ဆုံး ဘုရင်သီပေါမင်းရဲ့ မိဖုရားတို့၊ ဦးသန့်ဆိုတာက ကိုဖီအာနန်တို့၊ ဘန်ကီမွန်းတို့လို ကုလအတွင်းရေးမှူးချုပ် ဆိုတာတို့၊ ဒေါ်ခင်ကြည်က အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဇနီးဆိုတာတို့၊ သခင်ကိုယ်တော်မှိုင်းဆိုတာ ငြိမ်းချမ်းရေးဖခင် ကဗျာကဝိကြီးဆိုတာတို့ ဖေဖေကပြောပြတဲ့အခါ သားမျက်လုံးတွေ စူးစမ်းတဲ့အရောင်တွေလက်လို့။ ပြီးတော့ သားမေးနေတာတွေက သူက ဘာလုပ်တာလဲဖေဖေ၊ စိတ်ထားကောင်းလား ဖေဖေနဲ့။

မှတ်မိသေးတယ်။ ဟိုးတစ်ခါ ကန်တော်ကြီးကိုပတ်ပြီး ဖေဖေတို့ လမ်းလျှောက်ဖြစ်ကြတုန်းက ဗိုလ်ချုပ်အောင်ဆန်းရဲ့ ကြေးရုပ်ကြီးကို ကြည့်ပြီး သားသဘောကျနေလိုက်တာ။ ဖေဖေကလည်း ဗိုလ်ချုပ်အောင်ဆန်း ရှိုးသားပုံ၊ ဖြောင့်မတ်ပုံ၊ ကိုယ်ကျိုးမရှာပုံ၊ လူသားဆန်ပုံတွေကို အားရပါးရ ပြောပြလို့ပေါ့။

မိသားစုတွေဟာ သမိုင်းကို တီးမိခေါက်မိ ကလေးတော့ဖြင့် ရှိသင့်မလားလို့ ဖေဖေက စဉ်းစားနေမိတာပါ။



## (နှစ်)

ဖေဖေ့ အသိတွေထဲမှာ ထူးဆန်းတဲ့ အိမ်တစ်အိမ်ရှိတယ် သားရဲ့။ ကျောင်းစာအုပ်ထဲမှာပါတဲ့ လူနဲ့အဖြစ်အပျက်ကလွဲရင် ဘာသမိုင်းကိုမှ စိတ်မဝင်စားဘူး။ သတင်းလာတာနဲ့ ရုပ်မြင်သံကြားကို ပိတ်ပစ်လိုက်ရော။ ရေဒီယိုသတင်းဆိုတာကတော့ ဝေလာဝေးပေါ့။ သတင်းစာဂျာနယ် ဓောတ်ရေးချမဖတ်။

ဂန္ဓီပုံကြီးမြင်လို့လည်း ဘယ်သူမှန်းမသိ၊ လင်ကွန်း၊ နေရူး၊ ချေဂွေဗားရား၊ မော်စီတုန်း၊ ဟိုချီမင်း၊ နယ်လ်ဆင်မင်ဒဲလား၊ ယာဆာအာရာဖတ်၊ ဘယ်သူ့မှမသိ။ ဘယ်သူ့မှ စိတ်မဝင်စား။ ဖေဖေကတော့ ဒါကို သိပ်လက်မခံချင်ဘူး။ ဒါကြောင့်မို့ သားတို့ကို ဂန္ဓီလို ရုပ်ရှင်ကားမျိုး၊ ချေဂွေဗားရားလို ရုပ်ရှင်ကားမျိုး၊ နောက်ဆုံးဧကရာဇ်လို ရုပ်ရှင်ကားမျိုးတွေ ဖေဖေဝယ်ဆေးခဲ့တာပေါ့။ ဂျာနယ်တွေဆိုလည်း ထွက်ထွက်သမျှ အကုန်မဖြစ်နိုင်တောင်မှ Weekly Eleven လိုမျိုး၊ 7 Days လိုမျိုး၊ The Voice လိုမျိုး စားပွဲပေါ် မှန်မှန်ဝယ်တင်ပေးထားခဲ့တာပဲ မဟုတ်လား သားရဲ့။ သားတို့၊ သားမမတို့၊ သားမေမေတို့ ညှော်ခန်းမှာ ဝိုင်းထိုင်ပြီး ဂျာနယ်ကိုယ်စီဖတ်လို့ တစ်ယောက်တစ်ပေါက် ပြောနေကြရင် ဖေဖေက သိပ်သဘောကျတာပဲ။

ဆရာကြီး ဒေါက်တာသန်းထွန်းကတော့ မအ အောင်လို့ သမိုင်းကို သိရတယ်၊ သင်ရတယ်တဲ့။ News Week ကလား၊ Time ကလား အယ်ဒီတာ တစ်ယောက်ကတော့ သူတို့က သမိုင်းကို အကြမ်းရေးနေတာပါတဲ့။ မိသားစုကလေး၊ မိသားစုကလေးတိုင်းဟာ သမိုင်းကို အကြမ်းတော့ဖြင့် ထိတွေ့ပြောဆိုနေသင့်တယ်လို့ ဖေဖေကတော့ ယူဆနေမိတာပဲ သားရယ်။

ဆရာဝန်ပဲဖြစ်နေပါစေ၊ အင်ဂျင်နီယာပဲ ဖြစ်နေပါစေ၊ အရောင်းအဝယ်သမား၊ သီပွဲဆရာ၊ လယ်သမား ဖြစ်ချင်ရာဖြစ် မအ သော မိသားစုကလေးဖြစ်ဖို့ လိုမယ်လို့ ဖေဖေယူဆတယ်။ ဆရာကြီး ဒေါက်တာသန်းထွန်းကတော့ Everage citizen တဲ့။ လူတန်းစေ့နိုင်ငံတော်သားတဲ့။ လူတွေ၊ အဖြစ်အပျက်တွေနဲ့ ပတ်သတ်လာရင် လူတန်းစေ့အောင်တော့ သိထားတဲ့ မိသားစုကလေးတွေ ဖြစ်သင့်တယ်လို့ ဖေဖေက ထင်နေမိတာပါပဲ သားရယ်။

□

www.burmeseclassic.com

www.burmeseclassic.com

## အဆိုတွေ၊ အငိုတွေ၊ အဟဲတွေ၊ အချွဲတွေနဲ့ အိမ်ကလေး

### (တစ်)

သားရေ...

အခုတစ်ခေါက် နယ်တက္ကသိုလ်ကလေးကနေ ရန်ကုန်ကို ပြန်လာတဲ့နေ့က ဖေဖေတစ်ယောက် တော်တော့်ကို သွေးကြွနေခဲ့တာကိုတော့ ဝန်ခံရမှာပဲ သားရဲ့။ ဟုတ်တယ် အခုတစ်ခေါက် ဖေဖေအိမ်ကို ပြန်ရတဲ့ခရီးမှာ ကိုယ်လိုချင်တာကလေးတွေ ရလာခဲ့လို့လား မသိပါဘူး သားရယ်။ ဖေဖေ ရွှင်လန်းတက်ကြွနေမိခဲ့တာ အမှန်ပါပဲ။

ကက်ဆက်အခွေကလေးတွေ သားရဲ့။ VCD တွေ၊ DVD တွေ ပေါလျှံနေတဲ့ခေတ်ကြီးထဲမှာ နည်းနည်းကလေး အားစိုက်ပြီး ရှာထားခဲ့ရတဲ့ ကက်ဆက်အခွေ ကလေးတွေပေါ့။ ရွှေကုန်သည်တဲ့၊ ဖွားတော်မူခန်းတဲ့၊ ဘုရားလောင်း လေးတင်ခန်းတဲ့၊ အခုလောလောလတ်လတ်မှာ ဖေဖေပိုက်ဆံနိုင်သလောက် ဝယ်လာတဲ့ အခွေလေးတွေပေါ့။

ဖေဖေသည်လို နှောက်ပိုင်းဇာတ်ထုပ်တွေကို လိုချင်မိတာကြာခဲ့ပြီ သားရဲ့။ ဗုဒ္ဓဝင်တွေ၊ ဇာတ်ကြီးဆယ်ဘွဲ့တွေ၊ ငါးရာ့ငါးဆယ်တွေ အများကြီးပေါ့။ ဘာဖြစ်လို့လိုချင်နေတာလဲဆိုတော့ သားတို့အတွက်ပဲပေါ့။ ဟုတ်တယ် သားရဲ့ ဖေဖေက သည်အခွေတွေကို သားတို့ကို နားထောင်နေစေချင်ခဲ့တာလေ။

ဒါနဲ့တစ်နေ့ မိတ်ဆွေတစ်ယောက်နဲ့ စကားစပ်မိသွားတဲ့အခါ သူက ဖေဖေ အခုရောက်နေတဲ့ နယ်မြို့ကလေးတစ်နေရာက တေးသံသွင်းဆိုင်ကလေးကို ညွှန်လိုက်တာလေ 'တေးသံသာ'ကို သွားလိုက်တဲ့။ ဟုတ်တယ်





www.burmeseclassic.com



သားရဲ့၊ အကုန်လုံးလိုလိုကို ရှိတာ။ မောင်မှူးလည်း ရှိတာပဲ၊ လှည်းသားငါး ရာလည်းရှိတာပဲ၊ နောက် တောထွက်ခန်းတွေ၊ ရာဟုလာ အမွေတောင်းခန်း တွေ၊ ကြိုက်တာကို ကြိုက်ရာအခွေနဲ့ ကူးခိုင်းရုံပဲ။ အမှန်အတိုင်းပြောရရင် ဖေဖေအကုန်လုံးကို တစ်ခါတည်းနဲ့ ကူးသွားချင်တာ သားရဲ့။ ပိုက်ဆံက သိပ်မနိုင်တာနဲ့ နောက်မှဆိုတဲ့ စိတ်ကလေးမွေးပြီး လေးငါးခွေလောက်ပဲ အရင်ကူးခိုင်းခဲ့ရတာ ဆိုပါတော့။ အဲဒါ ဖေဖေနဲ့ အခုပါလာတဲ့ ရွှဲကုန်သည် တွေ၊ ဖွားတော်မူခန်းတွေ၊ လေးတင်ခန်းတွေပဲ သားရေ့။

## (နှစ်)

အခု ဖေဖေနဲ့ ထိစပ်နေတဲ့ ကျောင်းသူကျောင်းသား တချို့နဲ့စကား ပြောကြည့်တဲ့အခါ ဂေါတမဘုရားရှင်ရဲ့ မင်းသားဘဝက နာမည်၊ သူ့ခမည်း တော်၊ သူ့မယ်တော်၊ သူ့မိထွေးတော်၊ သူ့မိဖုရား၊ သူ့သား၊ ဘယ်သူဘယ်ဝါ မသိကြတာများတယ် သားရဲ့။ အမှန်အတိုင်းပြောရရင် ဖေဖေ့စိတ်ထဲမှာ မကျေနပ်နိုင်တာရော၊ ဝမ်းနည်းမိတာရော၊ အားမလို အာမရဖြစ်တာရော အစုံပါပဲ သားရယ်။ မကောင်းဘူးပေါ့၊ နောင်ရေးဟာ ဘယ့်နှယ်မှ မကောင်းနိုင် ဘူးပေါ့။

‘သင်ဦးချ၍
အမျှဝေရာ၊ စေတီသာနှင့်
သစ္စာအရောင်၊ ဉာဏ်တန်ဆောင်သည်
ပြောင်လျက်ဝင်းလျက် ကျန်စေသတည်း’

ဆိုတဲ့ ဆရာဇော်ဂျီရဲ့ ‘သင်သေသွားသော်’ ကဗျာထဲကလို ဖေဖေတို့ရဲ့ ဘာသာသာသနာ ညှိုးမှိန်သွားမှာကို ဖေဖေ အစိုးရိမ်ဆုံးပဲ။

ကွန်ပျူတာဂိမ်းရှေ့မှာ ထိုင်နေရင်ပြီးရောပေါ့၊ ရုပ်မြင်သံကြားရှေ့မှာ ငြိမ်နေရင် ပြီးရောပေါ့ဆိုတဲ့ အတွေးမျိုးဟာ ကိုယ့်မျိုးဆက်နဲ့တကွ ကိုယ့်လူ့ အဖွဲ့အစည်းရဲ့ မနက်ဖြန်ကို သိပ်တွေးလေ့မရှိတဲ့ စိတ်ကူးမျိုးလို့ ဖေဖေ တင်မိတယ်။ အထူးသဖြင့် ဗုဒ္ဓဘာသာဝင်၊ ဘိုးစဉ်ဘောင်ဆက်က ဆင်းသက် လာကြတဲ့ သားတို့လို လူငယ်တွေကို ဗုဒ္ဓဝင် ဇာတ်နိပါတ်တွေနဲ့ ဖေဖေက သိပ်အကျွမ်းတဝင် ရှိစေချင်တာပဲ။

ဖေဖေတို့ ငယ်ငယ်တုန်းကများဆိုရင် အသံချဲ့စက်ခေတ်၊ ဇာတ်ပြား ခေတ်ဆိုတော့ ည–ည ရွာတွေမှာ သာမှုနာမှုရှိလို့ ဗုဒ္ဓဝင်ဇာတ်ထုပ်တွေကို



များ ဖွင့်ထားလိုက်ရင် အမှောင်ထဲမှာ တစ်ရွာလုံးငြိမ်ပြီး နားကိုယ်စီစွင့်လို့ အရသာခံခဲ့ကြတာလေ။ ကိုယ့်ဘာသာ၊ ကိုယ့်သာသနာနဲ့ အကျွမ်းတဝင် ထိစပ်နေတော့တာပါပဲ။ ဗုဒ္ဓရဲ့အဆုံးအမ ကျမ်းကြီး၊ ကျမ်းခိုင်တွေနဲ့ လက်လှမ်း မမီခင်ကတည်းက ကျောင်းနံ့၊ကန်နံ့တွေက ဖေဖေတို့ကိုယ်မှာ စွဲပြီးသား သားရဲ့။

အခု သည်အခွေတွေကို ဖေဖေဝယ်လာတာ အဲသည့် စိတ်ကူးရဲ့ အဆက်ပေါ့။

## (သုံး)

သားရေ…

အဲသည့်ရက်ပိုင်းက မိသားစုတွေ အတူတူနေဖြစ်ကြတာများတာမို့ ညဘက်အိပ်ရာဝင်ပြီလည်း ဆိုရော ဖေဖေက ဖေဖေ့ကက်ဆက်အိုကြီးထဲကို အခွေတွေ တစ်ခွေပြီးတစ်ခွေ ထည့်ဖြစ်ပါလေရော။

ရွှဲကုန်သည် လာပြီဗျ… ခင်နှမတို့ ဆင်သဖွယ်ရာ
ဟိုအနားက အစ်မကြီးတွေရဲ့ယ် … ရွှဲသည်ကို ခေါ်သလား
သည်နားက အစ်မကြီးတွေရယ် … ရွှဲသည်ကို ခေါ်သလား
(ခေါ်ရင်လာမယ် လာမယ် … ရွှဲသည် ရွှဲသည်)၂
(ကြိုက်ရာရွေးလို့ ဝယ်ဝယ်ဝယ်ဝယ်
ဈေးတော့ မဆစ်နဲ့ကွယ်
ဈေးတော့ မဆစ်နဲ့ကွယ်)၂
(ကျုပ်ကတော့လေ … ရောင်းကုန်တစ်ရပ်
ခေါင်းပုံဖြတ် … အမြတ်ကြီးစားရမှလည်း
ကျေနပ်တယ်)၂
ဒါမှသာ… ဒါမှသာ… ဒါမှသာ… ဒါမှသာ… ရောင်းဝယ်ရေး
အစစ်တွေးလိုက်တော့
အလစ်မပေးမှ
ခေတ်သူဌေးကြီးဖြစ်လာမယ်။

အမှောင်ထဲမှာ ခြင်ထောင်ကြီး တစ်လုံးထဲဝင်ပြီး နားထောင်နေကြ ရတာ သိပ်အရသာရှိတာပဲ သားရဲ့။ အလင်္ကာကျော်စွာ ရွှေဖိုးတင်မောင် ရဲ့ အဟဲတွေ၊ အဆွဲတွေကလည်း အသက်ဝင်ပါ့ပေ။ သားက ညအိပ်မီးရဲ့

www.burmeseclassic.com

www.burmeseclassic.com



အရောင်မှာ မျက်တောင်ကလေး ပုတ်ခတ်ပုတ်ခတ်နဲ့။ ဖေဖေ ဒါသားသိတယ်၊ ရွှေရောင်းတာ သားတို့ သင်ရတယ်တဲ့။ ငါးရာ့ငါးဆယ် ဇာတ်ပင်လယ်ကြီး ထဲက တစ်ပုဒ်ပေါ့ သားရဲ့။

‘အလောင်းတော်မြတ် ဖွားသည်နှင့် တစ်ပြိုင်နက်
ကာဠု ယသော်
ညီတော် ဆန္န
ကဏ္ဍကနဲ့
သုဝဏ္ဏ ရွှေအိုး
လောင်းတော်မြတ် တန်ခိုးကြောင့်’

ဖွားတော်မူခန်းကို ဖွင့်တော့လည်း သားက ဟိုမေးသည်မေး၊ လျှောက်မေးနေတော့တာပါပဲ။ ကာဠုဒါယီတို့၊ ယသော်ဓရာတို့၊ ညီတော်အာနန္ဒာတို့ ဆန္နအမတ်၊ ကဏ္ဍကမြင်း စတဲ့ ဖွားဘက်တော်တွေနဲ့အတူ သိဒ္ဓတ္ထမင်းသား မွေးဖွားလာပုံကို ဖေဖေကပြောပြရတာပေါ့။ သူ့အမေက ဘာလို့ သေသွား တာလဲဆိုတဲ့ မေးခွန်းကိုလည်း ဖေဖေကဖြေရတာပေါ့။

တကယ်တော့ သားရဲ့ ဖေဖေတို့အိမ်မှာ သားတို့ သိပ်ကြိုက်တဲ့ Little Buddha ဆိုတဲ့ ဇာတ်ကားဝယ်ထားတာ ရှိတယ်လေ။ ကမ္ဘာကျော် မင်းသား ကီနူးရိဗ် Keanu Reeves သိဒ္ဓတ္ထမင်းသားအဖြစ် သရုပ်ဆောင် ထားတဲ့ကားပေါ့။ ဒါ့ကြောင့် သားတို့ဗုဒ္ဓဝင်ကို အကြမ်းတော့ သိပြီးသားရယ် ပါ။ ဒါပေမယ့် အဆိုတွေ၊ အငိုတွေ၊ အဟော တွေ၊ အပြောတွေ၊ ကာရန် တွေ၊ နဘေတွေ၊ အတီးတွေ၊ အမှုတ်တွေနဲ့ဆိုတော့ အရသာတစ်မျိုးတွေ့နေပုံ ရတယ်လို့ ဖေဖေတော့ ခံစားမိတယ်။ အခုဆို ဆရာကြီး ဦးကိုလေး (ဓေယျာမောင်) ရေးတဲ့ လူငယ် လူရွယ်တွေအတွက် ‘မဟာဗုဒ္ဓဝင်’ စာအုပ် ကိုတောင် သားစိတ်ဝင်စားသွားပြီ မဟုတ်လား။

ဂီတအမျိုးအစား အသစ်အသစ်၊ အကဇာဒအသစ် အသစ်၊ ရုပ်ရှင်ဇာတ် ကားအသစ်အသစ်တို့ ပေါ်ပေါက်ကြပါစေ။ ဒါပေမယ့်လည်း ကိုယ့်လူမျိုး၊ ကိုယ့်ဇာတ်သဘင် အနုပညာနဲ့အတူ ကိုယ့်ဘာသာ၊ ကိုယ့်သာသနာနဲ့ နီးစပ် ယဉ်ပါးအောင် လုပ်တာဟာလည်း မိသားစုအတွင်းမှာ လိုအပ်မယ်လို့ ဖေဖေ ထင်တယ်လေ။

နောက်တစ်ခါ အဆင်ပြေရင်တော့ တောထွက်ခန်း တွေ၊ ရာဟုလာ အမွေတောင်းခန်းတွေ ဝယ်ဦးမယ် သားရဲ့။ ကွန်ပျူတာဂိမ်းကို ခဏနားချိန်၊



ကိုရီးယားဇာတ်လမ်းတွဲတို့၊ Hip Hop တို့၊ Rap တို့ ခဏနားချိန်တွေမှာ ဆိုင်းသံ၊ ဗုံသံတွေနဲ့အဆိုအငို အဟောအပြောတွေကြားကို ခဏသွားရအောင် လား။

❒

www.burmeseclassic.com

# လူထဲလောကထဲက အိမ်ကလေး

## (တစ်)

သားရေ။

သားက ကွန်ပျူတာရှေ့မှာ အချိန်တော်တော်ကြာအောင် ထိုင်လေ့ရှိတာမို့ သည်တစ်ခါတော့ ကွန်ပျူတာသတင်းကလေးတစ်ပုဒ်နဲ့ စကားစရင်ကောင်းမလားလို့ ဖေဖေစဉ်းစားမိတယ် သားရဲ့။ ဖေဖေ Weekly Eleven ထဲမှာ ဖတ်လိုက်ရတဲ့ သတင်းကလေးတစ်ပုဒ်ပေါ့။ ကွန်ပျူတာလောကမှာ သိပ်ထင်ရှားတဲ့ ဂူဂဲလ်(Google)ကုမ္ပဏီရဲ့ အမှုဆောင်အရာရှိချုပ်လို့ ခေါ်တဲ့ C. E. O ရဲ့ စကားကို ဖော်ပြထားတဲ့ သတင်းဖြစ်လို့ ဖေဖေက မျက်လုံးကျယ်သွားမိတာပါ သားရယ်။

သူက အဲရစ်ရှာဗင်တဲ့။ အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် ဘာကလေတက္ကသိုလ်က ပုဂ္ဂိုလ်ပေါ့။ သူက ပင်ဆယ်ဗေးနီးယားတက္ကသိုလ်ရဲ့ ဖွင့်ပွဲအခမ်းအနားတစ်ခုမှာ ကျောင်းသားပေါင်း ခြောက်ထောင်ကျော်ရဲ့ ရှေ့မှောက်မှာ စကားပြောတဲ့အခါ အရေးအကြီးဆုံး ပြောခဲ့တဲ့ စကားတစ်ခွန်းက သင့်ကွန်ပျူတာကို ပိတ်လိုက်ပါဆိုတဲ့ စကားတဲ့။ သူက ဒြပ်မဲ့ကမ္ဘာထဲက ထွက်ခဲ့ပြီး လူနဲ့လောကနဲ့ တိုက်ရိုက်ထိတွေ့လိုက်ပါလို့ မိန့်ခွန်းပြောသတဲ့။ ဖေဖေ့စိတ်နဲ့ တိုက်ဆိုင်လှတာကြောင့် သည်စကားကို ဖေဖေ သိပ်ကြိုက်သွားမိတာလည်း အမှန်ပါပဲ။ နေ့စဉ်လှုပ်ရှား သက်ဝင်နေတဲ့ လူမှုဘဝနဲ့ သဘာဝလောကကြီးလောက် စိတ်ဝင်စားစရာကောင်းပြီး လူကို လူလားမြောက်စေတဲ့အရာဟာ ဘာမှမရှိဘူးလို့ ဖေဖေတော့ ယူဆမိတယ်။



www.burmeseclassic.com



## (နှစ်)

သားတို့ခေတ်ကြီးက Information Technology ဆိုတဲ့ သတင်းနည်းပညာခေတ်၊ အိုင်တီခေတ်၊ ပြီးတော့ မီဒီယာ Media တွေကလည်း လူကို ဝန်းရံထားတဲ့ခေတ်၊ ဘယ်နေရာကို သွားသွားရုပ်မြင်သံကြား ဖန်သားပြင်နဲ့ မလွတ်ဘူး။ ဂြိုဟ်တုစလောင်းတို့၊ အင်တာနက်တို့၊ ကွန်ပျူတာတို့နဲ့လည်း မလွတ်ဘူး။

ဒါကြောင့်မို့ ကလေးတွေဟာ ရုပ်မြင်သံကြားရှေ့မှာ အချိန်ပြည့်ပေါ့။ TV game ကစားတဲ့ သူနဲ့၊ ကာတွန်းကား ကြည့်တဲ့သူနဲ့၊ အင်တာနက်ဂိမ်းတို့၊ ကွန်ပျူတာဂိမ်းတို့ ဆိုရင်လည်း ကျွမ်းကျင်လိုက်ကြတာ။ မိဘတွေကလည်း ကျေနပ်အားရဖြစ်လို့ ငါ့သားက ကွန်ပျူတာ ကျွမ်းတယ်၊ ငါ့သမီးက အင်တာနက်ရတယ်ဆိုတဲ့ စိတ်ကူးတွေနဲ့ပဲ ဖြစ်မှာပေါ့။

သားကစားနေတဲ့ ကွန်ပျူတာဂိမ်းတွေကို ဖေဖေ မကြာခဏလည်း ကြည့်မိတယ်။ ရက်စက်ကြမ်းကြုတ်မှုတွေက အဓိကပါ သားရယ်။ ဥပမာ Smack Down ဆိုပါတော့ လူတစ်ယောက်နဲ့ လူတစ်ယောက် ရက်ရက်စက်စက် ထိုးနှက်တိုက်ခိုက်နေတဲ့ ဂိမ်းပဲမဟုတ်လား။ counter strike ဆိုရင်လည်း အစကနေ အဆုံးအထိ သေနတ်နဲ့ လိုက်ပစ်နေတဲ့ ဂိမ်း။ ပြောရရင် သားရယ် တခြားတခြားသော ပျော်စရာရွှင်စရာ ဂိမ်းတွေလည်း ရှိတော့ရှိမှာပဲပေါ့။ ဒါပေမယ့် ကလေးတွေ ဖန်သားပြင်ရှေ့မှာ ငြိမ်နေရင် ပြီးတာပါပဲဆိုတဲ့ စိတ်မျိုးနဲ့လွှတ်ထားတဲ့ မိဘတွေကိုတော့ ဖေဖေသဘောမကျချင်တာ အမှန်ပဲ။ ဒါကြောင့် ကွန်ပျူတာပဂေးကြီးဖြစ်တဲ့ ဂူဂဲလ်(Google) ရဲ့အမှုဆောင်အရာရှိချုပ်က ဒြပ်မဲ့ ကမ္ဘာထဲကထွက်ခဲ့ပါ လူတွေနဲ့ ထိတွေ့ပါလို့ ပြောခဲ့ပုံကို သိပ်သဘောကျသွားမိတာပေါ့။

ဖေဖေ ဖတ်ထားတာတွေထဲက မှတ်မိသမျှကို ပြန်ပြောရရင် ပြင်သစ်နိုင်ငံက စိတ်ပညာ ဆရာမ ဆိုဖီကာရိုလိုင်းပေါ်တီယဲက TV ကြည့်တာ စိတ်ကူးစိတ်သန်းကို လျော့ကျစေသတဲ့ သားရဲ့။ အမေရိကန်နိုင်ငံမှာ ကလေးတွေ တစ်နေ့ ၃ နာရီလောက် ပျမ်းမျှ TV ကြည့်တဲ့အတွက် ကိုယ်အလေးချိန်တိုးမယ်၊ ပျော့စိစိကလေးတွေ ဖြစ်မယ်၊ စာသင်ရင် လေးလံနှေးကွေးမယ်၊ ရန်လိုမယ်ဆိုပြီး ၂ နှစ်အောက်ကလေးတွေ လုံးဝမကြည့်နဲ့ဆိုပြီး ကလေးလူငယ် ကျန်းမာရေး ဖွံ့ဖြိုးမှု စောင့်ရှောက်ရေး သိပ္ပံက ဆော်ဩနေလေသတဲ့။



ဖေဖေတို့နိုင်ငံ စိတ်ပညာဌာနက အငြိမ်းစား ပါမောက္ခဆရာမကြီး ဒေါ်ခင်အေးဝင်းကလည်း TV ရှေ့မှာ ကြာကြာထိုင်ရင် စဉ်းစားတီထွင်ဖန်တီးမှု အားနည်းမယ်၊ အပြန်အလှန်ဆက်သွယ်နိုင်မှု အားနည်းမယ်လို့ ပြောဖူးခဲ့တာပဲလေ။ ပြီးတော့ ကွန်ပျူတာကိုင်တဲ့ကလေးကို နာမည်ပေးထားတာက Bionic Kid တဲ့ စက်ယန္တရားဆန်လှတဲ့ ကလေးပေါ့။

ကြောက်စရာ ကောင်းလိုက်တာ။

## (သုံး)

တစ်ခါတုန်းက ဆေးတက္ကသိုလ် ကျောင်းသားကလေး တစ်ယောက် ဖေဖေတို့အိမ်က ချက်ကျွေးတဲ့ မုန့်ဟင်းခါးကိုစားရင်း ဒါကဘာလဲလို့ မေးတာကို ဖေဖေ အမှတ်ရမိတယ်။ ဖေဖေက ငှက်ပျောအူဖတ်လို့ ဆိုတော့ ဘယ်ကနေရတဲ့ဟာလဲတဲ့။ ငှက်ပျောပင်ကနေရကြောင်း ပြောဖြစ်ပေမယ့် ဖေဖေ သက်ပြင်းချမိတာ အမှန်ပဲ။ သူက ကျောင်းစာနဲ့ကွန်ပျူတာကလွဲရင် လောကကို မသိသူပေါ့။

တစ်ခါက ဖေဖေ့ မိတ်ဆွေတစ်ယောက် ဆယ်တန်းကျောင်းသူမလေး တစ်ယောက်ကို စာသင်ပေးရင်း၊ အံ့ဩသွားပုံကို ဖေဖေ အမှတ်ရမိတယ်။ သူက Widow ဆိုတဲ့ စကားလုံးကို မုဆိုးမလို့ ဘာသာပြန်ပေးပြီး နောက်သံသယနည်းနည်းရှိလာတာနဲ့ သမီးမုဆိုးမကို သိတယ်နော်လို့ မေးလိုက်တဲ့အခါ အဲသည့်ကလေးက ဟုတ်ကဲ့တဲ့၊ မိန်းမတွေ အမဲလိုက်တာတဲ့၊ ကွန်ပျူတာတွေ၊ ပရင်တာတွေ(Printer)၊ စကင်နာတွေ(scanner)၊ ကီးဘုတ် (Key board) တွေ၊ မောက်စ်(mouse)တွေ ကြားထဲက ကလေးမလေးဟာ ဘာ့ကြောင့်လောကနဲ့ သည်လောက်ဝေးနေရတာလဲ။

ဖေဖေကတော့ ကြက်ဆင်ဆိုတာ ဘယ်လို အကောင်လဲလို့ မေးတာကို နှစ်ခါလောက် ရှင်းပြရဖူးတယ်။ တစ်ယောက်ကကျတော့ ဘုန်းကြီးပျံဆိုတာကို တန်ခိုးရှိလို့ ပျံနိုင်တာလားတဲ့။ ဖေဖေသည်ကလေးတွေကို အထင်မသေးဘူး သားရဲ့။ မိဘတွေကိုပဲ အပြစ်ဖို့ချင်တယ်။ ဘာ့ကြောင့်မို့ ကလေးတွေကို လူနဲ့လောကနဲ့ မထိတွေ့စေကြတာလဲ။

www.burmeseclassic.com

www.burmeseclassic.com



## (လေး)

ဖေဖေကတော့ သားတို့နဲ့အတူ မြို့ပတ်ရထားဆိုလည်း စီးပဲ၊ ဘတ်စ်ကားဆိုလည်းတိုးဝှေ့စီးပဲ၊ ပလက်ဖောင်းတွေပေါ် လျှောက်သွား၊ လက်ဖက်ရည်ဆိုင်တွေထဲ ဝင်ထိုင်၊ ပွဲတော်တွေထဲဝင်တိုး၊ ရွာကိုသွားလည်၊ သင်္ဘောဆိပ်၊ ကားဂိတ်၊ လေယာဉ်ကွင်း၊ အပင်တွေ၊ အကောင်တွေ၊ လူတွေနဲ့ ထိတွေ့ဒါမှ လူ့ဘဝမှာ နေထိုင်ခြင်းလို့ ခံယူမိတယ်။

TV ရှေ့၊ ကွန်ပျူတာရှေ့ ငြိမ်နေရင်ပြီးရောဆိုတဲ့ အယူအဆဟာ မိသားစုထဲမှာ မထားသင့်တဲ့ အယူအဆလို့ ထင်နေမိတယ် ဆိုပါတော့ သားရယ်။

❒

# မိုးသက်မုန်တိုင်းနဲ့ နွေကဗ္ဗာနဲ့ အိမ်ကလေး

## (တစ်)

သားရေ ...။

ဟိုးတစ်နေ့တုန်းက မနက်ခင်း သားကျူရှင်သွားတဲ့အချိန်မှာ နေကလေးပွင့်လို့ သားရဲ့။ လေးငါးရက်လောက် ဆက်တိုက်ကြီးဆိုသလို တဝေါဝေါနဲ့ ဒလဟောရွာနေခဲ့တဲ့မိုးက အားကုန်သွားပုံရပါတယ်။ ထူးထူးခြားခြား မိုးရာသီနဲ့တောင် မတူတော့အောင် အဲသည့်မနက် နေပွင့်ပုံက လင်းလင်းချင်းချင်းကြီးလေ။ ဒါ့ကြောင့်ထင်ပါရဲ့။ ယူနေကျ ထီးကိုတောင်မှ မယူတော့ဘဲ သားကျူရှင်ကို ထွက်သွားခဲ့တာ မဟုတ်လား။

ဒါပေမယ့် မိုးက ရန်ကုန်မိုးဆိုတဲ့ စကားနဲ့ အညီပါပဲ သားရယ်။ ဘာမှ အစိုးမရနိုင်ဘူး မဟုတ်လား။ အခုရွာချင် ရွာလိုက်၊ အခုတိတ်ချင်တိတ်သွားလိုက်။ အဲသည့်နေ့ကလည်း ... ကြည့်၊ သားကျူရှင်ဆင်းလာတဲ့အချိန်ကျတော့ မိုးက ခပ်ဖွဲဖွဲရွာစပြုနေပြီ။

အိမ်နဲ့ မဝေးလှတဲ့ ခရီးမို့ သားလည်း ခပ်သွက်သွက် ပြေးလာခဲ့ပုံရပါတယ်။ ဒါပေမယ့်လည်း သားရယ်၊ မိုးဆိုတဲ့အတိုင်း မိုးပေါ်ကကျလာတဲ့အရာဆိုတော့ ရှောင်လို့တော့လည်း ဘယ်လွတ်ပါ့မလဲ။ စိုတန်သလောက်စိုတာ စွတ်တန်သလောက်တော့လည်း စွတ်ခဲ့ပေတာပေါ့။

ဖေဖေကတော့ ဖေဖေ့ထုံးစံအတိုင်း သားကို တဘက်တစ်ထည် လှမ်းပေးကာ ရေစင်အောင်သုတ်၊ ခေါင်းတွေသုတ် အဝတ်အစားလဲထား ဒါပဲပေါ့။ သားကလည်း ပြီးတာနဲ့ ဆက်တီမှာ ဝင်ထိုင်ကာ ဂျာနယ်တစ်စောင်ကို အားရပါးရဖတ်လို့။



www.burmeseclassic.com



မပြီးနိုင်တာက သားမေမေ သားရဲ့။ တတွတ်တွတ်နဲ့ကို ပြောနေသော့တာ။ ထီးယူသွားပါဆို မယူသွားဘူးတို့၊ ခေါင်းတွေကို ရေခင်အောင် မသုတ်ဘူးတို့။ ဖျားတော့ ဘယ်လိုလုပ်မလဲလို့တို့၊ ဟိုတလောက နှာစေးသေးတယ် မဟုတ်လားလို့ စုံနေတာပဲ။

ဖေဖေလည်း နားညည်းလာတာနဲ့ "တော်ကွာ ဖျားဖျား" လို့ ငေါက်လိုက်တော့မှ သားမေမေလည်း တိတ်သွားတော့တယ်။ ဟုတ်တယ်သားရယ် ဖေဖေကတော့ ဖျားဖျားပဲ။

(နှစ်)

ကလေးတွေကို ပိုးမွေးသလို သိပ်ဥလွှန်းနုလွှန်းနေတာကို ဖေဖေတော့ မကြိုက်ဘူး သားရဲ့။ လေတိုးမှာ ကြောက်ရတာနဲ့၊ နေပူမှာ စိုးရတာနဲ့။ လောကရဲ့ တော်ရုံတန်ရုံ၊ အထိုးအနှက်ကလေးတွေကိုတော့ မမှုတဲ့ မဖြုတဲ့ ကိုယ်ခံစွမ်းအားတော့ ရှိနေစေချင်တာ အမှန်ပဲ။

သည်နေရာမှာ ဖေဖေဖတ်ခဲ့ဖူးတဲ့ ဆရာကြီး ဒေါက်တာကျော်စိန်ရဲ့ စာတစ်ပုဒ်ကို သွားသတိရမိလိုက်တာကွာ။ "ကိုယ်လုံးတီးပညာရေး" (Naked Education) ဆိုတဲ့ ဆောင်းပါးကလေးပါ။ ဒါကို ဆရာကြီးရဲ့ "ဘဝဟန်" ဆိုတဲ့ စာအုပ်ထဲမှာ ဖေဖေ ဖတ်ဖြစ်ခဲ့တာပေါ့။

၁၉၄၀ တစ်ဝိုက်လောက်တုန်းက ကော်ရင်ဂျီ ကုလားမတွေဟာ မွေးကင်းစကလေးတွေကို တစ်ကိုယ်လုံး မုန်ညင်းဆီလိမ်းပြီး မွန်းတည့်နေမှာ လှမ်းသတဲ့ သားရဲ့။ ဒါကို ဆရာကြီး ဒေါက်တာကျော်စိန်က ဘာကြောင့်လဲလို့ မေးတဲ့အခါ အပူဒဏ်ခံနိုင်အောင်လို့ ကျန်းမာအောင်လို့ လို့ ဖြေသတဲ့။

နောက်တစ်ခါ ဆရာကြီး ဖတ်ခွင့်ရခဲ့တာက ဂျပန်ပြည်က ကိုယ်လုံးတီးပညာရေးတဲ့။ မြန်မာလို နေခြည်လို့ အဓိပ္ပာယ်ရတဲ့ ဟီကာရီ (Hikari) ဆိုတဲ့ မူကြိုကျောင်းကလေးမှာ ကလေးတွေဟာ ရေခဲနေတဲ့ ဆောင်းရာသီထဲမှာ ဘောင်းဘီတိုနဲ့ကင်းဗတ်ဖိနပ်ကလွဲရင် ကိုယ်လုံးတီး ကျောင်းတက်ကြရသေသတဲ့။ အအေးဒဏ်မခံနိုင်တဲ့ ကလေးကို ရှပ်အင်္ကျီ ဝတ်ခွင့်ပေးပေမယ့် မဝတ်တဲ့လူကသာ အများဆုံးပဲတဲ့။ တစ်နှစ်လုံးမှာ ကျောင်းသား ၃၅၀ ရှိရင် ၂၀၀ လောက်က လုံးဝ ကိုယ်လုံးတီးကျောင်းတက်သွားလို့ ဆုရကြသတဲ့။ ဂျပန်မှာသည်လို မူကြိုကျောင်းမျိုး ၃၀၀၀ ကျော် ရှိလေသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



အကာအကွယ် ပေးလွန်းတဲ့ မိခင်တွေကြောင့် ဂျပန်ကလေးတို့ ပျော့ညံ့လာတယ်ဆိုတဲ့ သုံးသပ်ချက်ကို ဖေဖေ သိပ်သဘောကျမိတာပဲ။

ဂျပန်မှာ နောက်ထပ်ထင်ရှားတဲ့ မူကြိုကျောင်းကတော့ သိုးငယ်ကလေးများ (Kohitsuji) ဆိုတဲ့ မူကြိုကျောင်းတဲ့။ အဲသည့်ကျောင်းရဲ့ ကျောင်းအုပ်ကြီးက Uesato တဲ့။ သည်ဆရာကြီးက Japan Association for the Development of children's Fundamental Ability ရဲ့ ဥက္ကဋ္ဌလည်း ဖြစ်တယ်တဲ့။ ကလေးတို့ရဲ့ အခြေခံစွမ်းရည် ဖွံ့ဖြိုးမှုဆိုင်ရာ ဂျပန်အသင်းပေါ့ သားရယ်။ သည်ဆရာကြီးက သူ့ ကိုယ်လုံးတီးကျောင်းက ကလေးတွေဟာ ကိုယ်ရောစိတ်ပါ ကျန်းမာတောင့်တင်းကြတယ်တဲ့။ စဉ်းစားသင့်တဲ့ အချက်မဟုတ်ဘူးလားလို့ ဖေဖေက မေးခွန်းထုတ်ချင်မိပါရဲ့။

## (သုံး)

ဖေဖေတို့ မီးရထားနဲ့ ခရီးသွားတဲ့အခါ ရထားလမ်း လမ်းဘေးဝဲယာ ကွင်းပြင်ကြီးတွေထဲမှာ ကလေးတွေ ဆော့ကစားနေကြတာ တွေ့ရတာ သိပ်အားရဖို့ ကောင်းတာပဲ။ တစ်ခါတစ်လေ ရွှံ့ဗွက်တွေထဲမှာ ဘောလုံးကန်လို့။ တစ်ခါတလေ နေပူပူထဲ စွန်လွှတ်ပြေးလွှားလို့။ သဘောင်္ခရီးစဉ်တွေမှာလည်း သည်အတိုင်းပဲ သားရဲ့။ ကျေးလက်က ကလေးတွေဟာ မြစ်ဆိပ်ကမ်းပါးတွေမှာ ရေထဲကို ဒိုင်ဗင်ထိုးထိုးပြီး ရေကူးနေလိုက်ကြတာ တကယ့်ကို ဖျံကလေးတွေ အတိုင်းပဲ။ ခံနိုင်ရည်စွမ်းရည် မြင့်မားကြသူတွေမို့ တော်ရုံတန်ရုံ နှာစေးချောင်းဆိုး အဖျားအနာကတော့ မမှုရေးချ မမှုဘဲ။

ဒါကြောင့်မို့ သားမေမေက ဖျားမှာပေါ့၊ နာမှာပေါ့နဲ့ တတွတ်တွတ်လုပ်နေတဲ့အခါ ဖေဖေက ဖျားဖျားလို့ လုပ်ပစ်လိုက်တာပေါ့။ မိသားစုထဲမှာ ရွှေလိုဥလွန်းတာကို ဖေဖေ မကြိုက်ဘူးသားရဲ့။ ပိုးလို ယုယလွန်းတာကိုလည်း ဖေဖေ သဘောမတွေ့ဘူး။ လူက နုလွန်းရင် ပျော့ညံ့သွားတတ်တယ် မဟုတ်လား။ ကမ္ဘာကြီးက နတ်ဒေဝတာတို့ရဲ့ ပန်းဥယျာဉ် မဟုတ်ဘူးလေ။

အမာအဆတ်တွေ၊ အချွန်အထက်တွေ၊ အကွေ့အကောက်တွေ၊ အလောင်အမြိုက်တွေ၊ အထိုးအနှက်တွေနဲ့ ဆုံတဲ့အခါ လူဟာ "မာ" နေဖို့အတွက် မိသားစုထဲမှာ ယုယလွန်းတာကို လျှော့ချသင့်သလားပဲ။ ဒါက ဖေဖေ စဉ်းစားမိတာကို ပြောရတာပါလေ။

❐

# စိတ်ကူးစိတ်သန်းတွေနဲ့ အိမ်ကလေး

## (တစ်)

သားရေ ...။

သားတော်တော်ကလေး အရွယ်ရောက်လာတော့ ဖေဖေနဲ့မေမေကြားမှာ မကြာခဏဆိုသလို ပွက်ညံပွက်ညံဖြစ်ရတာ သားကိစ္စပဲ သားရဲ့။ ဟုတ်တယ်၊ သားရဲ့ ကစားစရာကိစ္စပဲ သားရဲ့။ ဟုတ်တယ်၊ သားရဲ့ ကစားစရာကိစ္စ။ ပိုပြီး တိတိကျကျပြောရရင် သားဘာသာ သား တီထွင်ဖန်တီးလုပ်ကိုင်နေတဲ့ ကစားစရာတွေကိစ္စ။ ဝက်အူလှည့်တွေ၊ တူတွေ၊ ပလိုင်ယာတွေ (Pliers)၊ စူးတွေ ဆောက်တွေနဲ့ ထုလိုက်၊ ရိုက်လိုက်၊ ဖောက်လိုက်၊ ကော်လိုက် လုပ်နေတာကို သားမေမေက ကြည့်လို့မရ နားမခံနိုင် ဖြစ်နေတာနဲ့ တုတ်ပါ တယ် သားရယ်။ ပွစိပွစိ တဖျစ်တောက်တောက်နဲ့။

ဖေဖေကတော့ မတားနဲ့ပဲ။ လုပ်ပါစေပဲ။ စိတ်ကူးစိတ်သန်းကို အသုံးချနေတာမျိုးကို ဖေဖေကတော့ ဆက်လုပ်ပဲ။ သဘောကျတယ် သားရဲ့။

Man of the century လို့ဆိုကာ ၂၀ ရာစုနှစ်ရဲ့ အထူးခြားဆုံး လူသားလို့ အညွှန်းခံရတဲ့ ရူပဗေဒဆိုင်ရာ နိုဘယ်လ်ဆုရှင်ကြီး အဲလ်ဘတ်အိုင်စတိုင်း (Albert Einstein) ဆိုရင် ငယ်ငယ်က သူ့ဖေဖေက သံလိုက်အိမ်မြှောင်ကလေးတစ်ခု ဝယ်ပေးလိုက်တာ၊ တောင်မြောက်တန်းနေတဲ့ သံလိုက်အိမ်မြှောင်ကလေးကို ဘာဖြစ်တာပါလိမ့်လို့ စူးစမ်းရာက ရုပ်ကမ္ဘာကြီးကို စိတ်ဝင်စားသွားတာတဲ့ သားရဲ့။ ကလေးဘဝရဲ့ လွန်နေတဲ့ စိတ်ဓာတ်ဟာ သိပ်ကို အရေးကြီးတယ်နော်။ ဒါကြောင့်ပဲ ထင်ပါရဲ့ အိုင်စတိုင်းကပဲ ပြောဖူးတာက –

www.burmeseclassic.com

www.burmeseclassic.com






Imagination is more important than knowledge. တဲ့။

အသိပညာထက် စိတ်ကူးစိတ်သန်းက အရေးကြီးသတဲ့။ သားအနေနဲ့ ရာယ် တစ်စုံတစ်ရာ မရှိဘူးဆိုခဲ့ရင် ကလေးတွေ စူးစမ်းလုပ်ကိုင်နေတာကို မဟန့်တားသင့်ဘူးလို့ ဖေဖေက ထင်မိတာပဲ သားရယ်။

## (နှစ်)

ဖေဖေတို့ ငယ်ငယ်က သားတို့ခေတ်လို ကစားစရာမပေါဘူး သားရဲ့။ ကိုယ့်ကစားစရာကို ကိုယ့်ဘာသာကိုယ် လုပ်ကြရတာ။ ရွှံ့ကိုချူးပြီး နွားရုပ်၊ ကျွဲရုပ်ကလေးတွေ လုပ်ကြရတာ။ အုန်းလက်ကိုခုတ် နွားရုပ်ကလေးလုပ်၊ အုန်းသီးခွံကိုခွဲ နွားချိုလုပ်ပြီး နွားမှာတပ် ကစားကြရတာ။ ငါးသေတ္တာဘူးခွံမှာ သစ်သားလက်ကိုင်တပ် ဂစ်တာလုပ်ပြီးတီး။ ငှက်ပျောလက် အုန်းလက်တွေကလည်း စစ်တိုက်တမ်းကစားတဲ့ သေနတ်ဖြစ်ရင် ဖြစ်သွားပြန်ပါရော။ သစ်သားတုံး နှစ်တုံးရှိရင် အကြီးက မေမေ၊ အသေးက သားသားဖြစ်သွားရင် ဖြစ်သွားတာပါပဲ။ စိတ်ကူးစိတ်သန်းနဲ့ ကစားခဲ့ကြတာ သားရဲ့။

သားတို့ နှစ်ကာလတွေကြာတော့ ကလေးကစားစရာဆိုင်ကြီးတွေထဲမှာ ဘာအရုပ် လိုချင်သလဲ။ ခေတ်မီ ကစားကွင်းကြီးတွေထဲမှာ ဘာနဲ့ ကစားချင်သလဲ။ သားဆီမှာတောင်မှ အရုပ်တွေက တစ်ပုံတစ်ပင် မဟုတ်လား။

## (သုံး)

သားရေ ...။

အခုနောက်ပိုင်းမှာ သားက ကစားစရာတွေ တော်တော့်ကို စုံစုံလင်လင် ရှိနေပါလျက်နဲ့ ဖေဖေပြောခဲ့သလို ထုဟယ်ရိုက်ဟယ်နဲ့ သစ်သားအိမ်ကလေးတွေ ဆောက်လိုက်၊ သစ်သားသေနတ်တွေ လုပ်လိုက်၊ တော်ကြာနေ သံရိုက်နေလိုက်၊ တော်ကြာနေ သံကိုပြန်နှုတ်လိုက်၊ တော်ကြာနေ ဝက်အူလှည့်နဲ့ ရစ်နေလိုက် လုပ်နေတာကို ဖေဖေကတော့ တစေ့တစောင်း ကြည့်နေရာက သဘောကျနေမိတာ သားရဲ့။ ဒါကြောင့်လည်း သားမေမေက ဟန့်လိုက်တဲ့ အခါမျိုးမှာ သူ့အဟန့်ကို တန့်သွားအောင် ဖေဖေက သတိပေးရတာပေါ့။ လွတ်လွတ်လပ်လပ် စိတ်ကူးရှိရာ လုပ်စမ်းပါစေပေါ့။

ဖေဖေ့မိတ်ဆွေ စာရေးဆရာကိုတာရေးတဲ့ သူငယ်ဥယျာဉ်ဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းပါးစဉ်တွေထဲက အမှတ် (၄) မှာ sense of achievement ဆိုတဲ့ စကားလုံး သတိထားမိတယ် သားရဲ့။ အောင်မြင်ပြီးမြောက်တဲ့ ခံစားမှုပေါ့။ ကလေးတွေ တစ်ခုခု လုပ်နေတာဟာ ရမ်းလုပ်နေတာ မဟုတ်ဘူးတဲ့။ သူ့စိတ်ကူးနဲ့သူ၊ သူ့အမိပ္ပာယ်နဲ့သူ ခံစားမှုရှိရှိလုပ်နေကြတာတဲ့။ ပြီးရင် ကျေနပ်တယ်တဲ့။ ပျော်တယ်တဲ့။

ဖေဖေ ဒါကို သိပ်သဘောကျတယ်။ သဘောလည်းတူတယ်။ တချို့ဘာမှ မဖွံ့ဖြိုးတဲ့ဒေသက ဘာမှကစားစရာ မရှိတဲ့ကလေးတွေ လက်လှမ်းတစ်မီက ရရာပစ္စည်းကလေးတွေနဲ့ ကစားစရာဖြစ်အောင် စိတ်နဲ့ဖန်တီးပြီး ကစားနေလိုက်ကြတာလေ။ ဉာဏ်ရည်ဉာဏ်သွေးတွေကလည်း ပေမီဒေါက်မီနဲ့။

ဒါကြောင့် ဖေဖေက သားကို မဟန့်တာ။ သားမေမေကိုလည်း စိတ်ကူးစိတ်သန်းကို မတားလိုက်နဲ့လို့ သတိပေးနေရတာ။ creative mind လို့ခေါ်တဲ့ တီထွင်ဖန်ဆင်းချင်တဲ့ စိတ်ကူးတွေကို ကိုယ့်မိသားစုထဲမှာ ဆွံ့အ မသွားအောင် သတိထားတာဟာလည်း အနုပညာတစ်ရပ် သားရဲ့။

သည်တော့ မင်းထုဦးပေါ့။ ရိုက်ဦးပေါ့။ တပ်ဦးပေါ့။ ဆင်ဦးပေါ့။ သားဘာသာသား အိမ်ဆောက် ဆောက်၊ သင်္ဘောလုပ် လုပ်၊ လေယာဉ်ပျံ လုပ် လုပ်၊ ဖေဖေကတော့ ထိုင်ကြည့်နေလိုက်ရုံ။

□

# တောင်ခြစ် မြောက်ခြစ်နဲ့ အိမ်ကလေး

## (တစ်)

သားရေ ...။

ဖေဖေ့မှာ အချမ်းသာဆုံးအရာ၊ ဒါမှမဟုတ် အပေါကြွယ်ဆုံး အရာဟာ ဘာလဲလို့ မေးခဲ့ရင် စက္ကူတွေ၊ စာရွက်တွေလို့ပဲ ဖြေရလိမ့်မယ်ထင်တယ် သားရဲ့။ ဟုတ်တယ်၊ ဖေဖေ့ပတ်ဝန်းကျင်တစ်ခုလုံးမှာ စက္ကူတွေနဲ့ စာရွက်တွေချည်းပဲ။ ဖေဖေက စာရေးတဲ့အလုပ်အပြင် ကျောင်းဆရာကလည်း လုပ်သေးတာဆိုတော့ စက္ကူတွေ စာရွက်တွေဆိုတာ ပေါမှပေါပေါ့။ မေးခွန်းစာရွက်တစ်ဖက်လွတ်တွေ၊ အဖြေစာရွက်အဟောင်းတွေဆိုတာ ပုံနေတာပါပဲ သားရယ်။ အဲဒါတွေအားလုံး တူရာတူရာကို ထပ်ထပ်ပြီး ဖေဖေ စုစုထားခဲ့တာဟာ သားအတွက်ပဲပေါ့။

ဟုတ်တယ်။ သားက ဟိုးငယ်ငယ်ကလေးထဲက စက္ကူအလွတ်၊ စာရွက်အလွတ်တွေ့တာနဲ့ ရေးမယ်၊ ခြစ်မယ် ဆိုတာပဲ။ ဘာစာမှ မတတ်ခင်ကတည်းက ခဲတံ ဒါမှမဟုတ် ဘောပင် ဒါမှမဟုတ် ရောင်စုံခဲတံ ရတဲ့ဟာနဲ့ တောင်ခြစ်မြောက်ခြစ် လျှောက်ခြစ်နေတော့တာပဲ။ နည်းနည်းကလေး အရွယ်ရလာတဲ့အခါ သားပူဆာတာကလည်း ပုံဆွဲစာအုပ်တဲ့။ မျဉ်းကြောင်းမပါတဲ့ ဗလာစာရွက် အဖြူအလွတ်တွေနဲ့ ချုပ်ထားတဲ့ ပုံဆွဲစာအုပ်ပေါ့။ ဖေဖေကတော့ သားပူဆာတိုင်း ဝယ်ပေးခဲ့တာချည်းပဲ။ သားကလည်း တောင်ခြစ်မြောက်ခြစ်ပဲ။ သည်အခါတွေမှာ မကြာခဏ မြည်တွန်တောက်တီးနေတတ်သူကတော့ သားမေမေပဲပေါ့။

www.burmeseclassic.com

www.burmeseclassic.com





သားမေမေက အကြောင်းမဲ့သက်သက် ဖြုန်းတီးနေတာလို့ ထင်နေရုံ ရတယ်။ ဘယ်မှာဟုတ်ပါ့မလဲ သားရယ်။

## (နှစ်)

လွန်ခဲ့တဲ့ လေးငါးနှစ်လောက်ကလို့ ထင်ပါရဲ့။

ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်မှာ အခမ်းအနားကလေးတစ်ခု လုပ်သွားဖူးတယ် သားရဲ့။ မူလတန်းနဲ့ မူကြိုတွေအတွက် စာကြည့်တိုက်သေတ္တာ ပေးအပ်ပွဲတဲ့။

သည်အခမ်းအနားမှာ ပြောဆိုဆွေးနွေးခဲ့ကြတဲ့ အကြောင်းတွေထဲမှာ ဖေဖေစိတ်ဝင်စားသွားမိတာ တချို့က ကလေးစာမဖတ်တတ်ခင်ကတည်းက အသံကျယ်ကျယ်နဲ့ စာဖတ်ပြပါ။ စာရွက်အလွတ်တွေပေါ်မှာ ကလေးတွေ စိတ်ထင်ရာ ရေးခြစ်တာကို ခွင့်ပြုထားပါ။ သည်ကလေးတွေဟာ တခြားကလေးတွေထက် စာဖတ်ဝါသနာ ၈ ဆ ပိုတယ် စတဲ့ အချက်တွေပဲပေါ့ သားရယ်။

ဖေဖေ သဘောတူတယ် သားရဲ့။ ကလေးကို စာရွက်တွေ၊ စာရေးကိရိယာတွေနဲ့ ရင်းနှီးအောင်၊ အကျွမ်းတဝင်ရှိအောင် လုပ်တာလို့ ဖေဖေက ယုံကြည်မိတယ်လေ။

BURMESE CLASSIC .com

## (သုံး)

ဖေဖေ့မိတ်ဆွေ စာရေးဆရာတွေထဲမှာ ဖေမြင့်ဆိုတဲ့ စာရေးဆရာလည်း ပါတယ် သားရဲ့။ သူက ဆရာဝန်ပေါ့။ ပြီးတော့ စာလည်းအများကြီး ရေးတယ်။ ဖေဖေနဲ့ စာပေဟောပြောပွဲတွေ သွားခဲ့တာလည်း အကြိမ်ကြိမ်ပေါ့။ တောင်ငူ၊ ကျောက်ပန်းတောင်း၊ ဘက်ရဲ၊ နိဗ္ဗာန် စုံလို့၊ တစ်ခါမှာတော့ ဗိုလ်အောင်ကျော်ရဲ့ ဇာတိ မယ်ဇလီကုန်း ဟောပြောပွဲပေါ့။

မယ်ဇလီကုန်းကအပြန် စကားဝိုင်းကလေးဖွဲ့ဖြစ်တော့ ဆရာဖေမြင့်က သူ စက်ာပူသွားတုန်းက အတွေ့အကြုံတွေ ပြောပြတာ သိပ်သဘောကျဖို့ ကောင်းတာပဲ။ ဖေဖေ့စိတ်ထဲ စွဲငြိမဆုံးဖြစ်သွားတာက စက်ာပူက စာကြည့်တိုက်တွေ အကြောင်းပေါ့။

စာကြည့်တိုက်တွေမှာ အသက်အရွယ်ကိုလိုက်လို့ အထပ်တွေ ခွဲထားပုံဟာ သိပ်အတုယူဖို့ ကောင်းတာပဲ။ Zero to five ဆိုတဲ့အထပ် ရှိသတဲ့

www.burmeseclassic.com

www.burmeseclassic.com



အသက် မွေးစကနေ ငါးနှစ်အထိ ကလေးတွေအတွက် အထပ်တဲ့။

ကြိုက်တာလုပ် ဆိုပါ့လား သားရယ်။ ဘောပင်မျိုးစုံ၊ စက္ကူမျိုးစုံ၊ ရောင်စုံခဲတံမျိုးစုံတွေကို ချပေးထားပြီး ကြိုက်သလိုရေးကြ၊ ခြစ်ကြစမ်း ဆိုပါ့လား။ ဆွဲဖြချင်လည်း ဆွဲဖြကြဦးတဲ့။ ကလေးတွေ ပျော်ရွှင်နေကြရင် ပြီးရော။

တကယ်တော့ ဒါဟာ ရင်းနှီးမြှုပ်နှံမှု မဟုတ်ပါလား။

အနာဂတ်အတွက် investment ပဲပေါ့။

ကလေးတွေ စာကြည့်တိုက်တို့၊ စာအုပ်တို့နဲ့ ရင်းနှီးသွားအောင်၊ အကျွမ်းဝင်သွားအောင်၊ နောင် စာဖတ်ချင်လာအောင် ပညာနဲ့ဘဝကို တည်ဆောက်မယ့် လမ်းကြောင်းပေါ်ရောက်လာအောင် ပါးနပ်သော ရင်းနှီးမြှုပ်နှံမှုပဲပေါ့။ စာဖတ်ပါ၊ စာပေကို ချစ်ပါနဲ့ အသံပြာအောင် ဘာမှအော်ဟစ်နေစရာ မလိုဘူး။ ကောင်းလိုက်တာ။

## (လေး)

ဖေဖေပေးတဲ့ စက္ကူအလွှတ်တွေနဲ့ သား တောင်ခြစ်၊ မြောက်ခြစ် လျှောက်ခြစ်တဲ့ အရွယ်တုန်းက သားမေမေ ပွစိပွစိဖြစ်တဲ့အခါ ဖေဖေက ခြစ်ပါစေ၊ ဆွဲပါစေနဲ့ သားဘက်က ရပ်တည်ခဲ့တာ ဒါပဲ သားရဲ့။ သည်လိုပဲ ဖေဖေတို့ပတ်ဝန်းကျင်က မိဘတွေ သူတို့သားကလေးတွေ၊ သမီးကလေးတွေ၊ စက္ကူအလွှတ်တွေနဲ့ တောင်ခြစ်၊ မြောက်ခြစ် ခြစ်ကြလို့ ဟန့်ကြ တားကြရင် ဖေဖေက မကြိုက်တာ အမှန်ပဲ။ စာအုပ်ကို ချစ်တော့မယ့် စိတ်ကို ပိတ်ဆို့လိုက်တာလို့ ခံစားသွားမိတယ်။

ကဲ သည်တစ်ခါလည်း ဖေဖေ့မှာ မေးခွန်းစာရွက် တစ်ဖက်လွတ်တွေ ပါလာပြန်ပြီပေါ့။ အချောတွေ သားရဲ့။ စိတ်ထဲပေါ်လာတဲ့အတိုင်းသာ ရေးခြစ်ပစ်လိုက်ပေတော့။

□

# မှတ်တမ်းမှတ်ရာတွေနဲ့ အိမ်ကလေး

## (တစ်)

သား ...။

ထူးထူးဆန်းဆန်းကွာ၊ မနေ့က ဖေဖေ့စားပွဲပေါ်မှာ မင့် နေ့စဉ် မှတ်တမ်းစာအုပ်ကလေး သွားတွေ့တော့ ဖေဖေ့စိတ်ထဲ အံ့ဩသွားမိတာ အမှန်ပဲကွ။ ပြီးတော့ ဖေဖေတစ်ယောက်တည်း ပြုံးစေ့စေ့ဖြစ်သွားမိတာလည်း အမှန်ပဲ။ သားနှယ် နေ့စဉ်မှတ်တမ်းတွေ ဘာတွေတောင် ရေးနေပြီလားကွ ဆိုတဲ့ အတွေးနဲ့ပေါ့။

အေးလေ။ သားက သည်တုန်းက ခြောက်တန်းပဲ ရှိသေးတဲ့ဥစ္စာ ခြောက်တန်းကျောင်းသားရဲ့ နေ့စဉ်မှတ်တမ်းဆိုတော့လည်း ခြောက်တန်းဆန်တဲ့ မှတ်စုမှတ်ရာတွေနဲ့ပေါ့။

သားတို့ သူငယ်ချင်းတွေ အချင်းချင်း လက်ဆောင် အပြန်အလှန်လှန် လဲကြရာက ရလာတဲ့ နေ့စဉ်မှတ်တမ်းကလေးတဲ့။ သော့ကလေး တန်းလန်းနဲ့ ဖွင့်လိုပိတ်လို့ရတဲ့ မှတ်တမ်းစာအုပ်ကလေး။ အဖုံးက ကတ်ထူဖုံး။ အမာ။ ကျားတွေ၊ ဝက်ဝံတွေ မြင်းတွေနဲ့ အဖုံးကို သရုပ်ဖော်ထားတာက ချစ်စရာကောင်းလိုက်တာ။ ပြီးတော့ အသည်းပုံ အပေါက်ကလေးကလည်း ပါလိုက်သေးတာ။ တရုတ်ပြည်ဖြစ် မှတ်တမ်းစာအုပ်ကလေးပေါ့။

ဒါပေမယ့် သားရဲ့၊ ကလေးတွေအတွက် လုပ်ထားတဲ့ Diary ကတော့ကွာ ရက်တွေ၊ လတွေ၊ နေ့တွေ ဘာမှမပါဘူး။ ကိုယ့်ဘာသာကိုယ် လွတ်လွတ်လပ်လပ် တပ်ပြီးရေး ဆိုတဲ့ သဘောပေါ့။ သားတစ်ယောက် ဘာတွေများ ရေးထားပါလိမ့်ဆိုတဲ့ သိချင်စိတ်နဲ့ ဖေဖေ ဖွင့်ဖတ်ကြည့်မိခဲ့တာလည်း အမှန်ပဲပေါ့။

www.burmeseclassic.com





## (နှစ်)

စာမျက်နှာတစ်ခုမှာ သားရေးထားတာက…

ကျွန်တော်သည် ၁၉၉၈–ခု၊ မေလ၊ (၁၁) ရက်နေ့

ဟသ်ာတတွင် မွေးဖွားသည်တဲ့။

နောက် စာမျက်နှာတစ်ခုမှာကျတော့

ကျွန်တော် တက်လာသော မူလတန်းကျောင်းမှာ

အ–မ–က (၂၄) တွင် တက်ခဲ့ပါသည်တဲ့။

ဩော် … ဒါတွေက သားခပ်ငယ်ငယ် ဟသ်ာတမှာနေစဉ်က မွေးခဲ့ပုံ နေခဲ့ပုံကလေးတွေကို သားမှတ်ထားခဲ့တဲ့ ဝါကျတွေပဲပေါ့။ နောက် စာမျက်နှာတစ်ခုကိုရောက်တော့ သားတပ်ထားတဲ့ ခေါင်းစဉ်က Counter Strike 1.5 တဲ့။ အောက်မှာ ဆက်မှတ်ထားတာတွေက –

| | | |
|---|---|---|
| B | = | သေနတ်ဝယ် |
| G | = | သေနတ်လဲ |
| ဘား | = | ခုန် |
| Ctrl | = | ငုံ့ |
| Enter | = | ဗုံးဖောက် |
| E | = | လူကယ် |
| Left click | = | သေနတ်ချိန်…တဲ့။ |

ဩော် … ဒါတွေက Computer Game ကစားဖို့ Keyboard အတွက် သားမှတ်ထားတာတွေပါလား။ တခြားစာမျက်နှာတွေမှာကျတော့ ဆရာကန်တော့ပွဲ အလှူငွေထည့်ရန်တို့၊ ဗုဒ္ဓဟူးနေ့ အခန်းသန့်ရှင်းရေးလုပ်တို့ စုံနေတာပဲ။ သည်လို မှတ်တမ်းမှတ်ရာ ထားတာမျိုး ဖေဖေကတော့ သဘောကျမိတာ အမှန်ပဲ သားရဲ့။

## (သုံး)

နေ့စဉ်မှတ်တမ်းတို့ ဘာတို့ ရေးတာမျိုးဟာ အကြမ်းအားဖြင့်တော့ ကောင်းတာပါပဲ သားရဲ့။ စာရေးဆရာကြီးတစ်ယောက်ကတော့ ဂျပန်ခေတ် အတွင်းမှာတုန်းက သူ နေ့စဉ်မှတ်တမ်း မရေးဘူးတဲ့။ အန္တရာယ်ရှိလို့တဲ့။ သည်လို ခြွင်းချက်မျိုးကလွဲရင် နေ့စဉ်မှတ်တမ်းရေးတဲ့ အကျင့်မျိုးကို မိသားစုထဲမှာ ပျိုးထောင်ပေးသင့်တယ်လို့ ဖေဖေထင်တာပဲ။

www.burmeseclassic.com



တချို့က အကြောင်းထူးထူး မထူးထူး နေ့စဉ်မှတ်တမ်း ရေးတတ်ကြတယ် သားရဲ့။ တချို့ကတော့ ရေးစရာရှိတဲ့နေ့မှ ရေးကြသတဲ့။ ဆရာကြီး လူထုဦးလှကတော့ ရေးစရာမရှိရင် ကုန်ဈေးနှုန်းတွေ လျှောက်ရေးနေတယ်ဆိုလား။

သည်နေရာမှာ သားတို့အရွယ် ခပ်ငယ်ငယ် ကလေးမကလေး တစ်ယောက်ရဲ့ နေ့စဉ်မှတ်တမ်းကို ဖေဖေသွားပြီး သတိရလိုက်တာ။ သူ့နာမည်က ဇလာတာ (Zalata) တဲ့။ ဆာရာယေဗို (Sarajevo) မြို့က သမီးငယ်ကလေး တစ်ယောက်ပေါ့။ ၁၉၉၀ ယူဂိုဆလားဗီးယားနိုင်ငံကနေ ဘော့စနီးယားဆိုတဲ့ နိုင်ငံငယ်တစ်ခု ခွဲထွက်လာပြီးတဲ့နောက် မွတ်စလင်တွေနဲ့ ဆာ့ဗ်တွေ ဘော့စနီးယားကို လုကြတဲ့အခါ ဆာရာယေဗို မြို့တော်ဟာ သွေးချောင်းစီး စစ်ပွဲတွေရဲ့ အောက်မှာပေါ့။ ဒါကို အဲသည်မြို့သူ ဆယ်နှစ်စွန်းစ၊ သမီးကလေး ဇလာတာ (Zalata) က နေ့စဉ် မှတ်တမ်းရေးသတဲ့။ A child's life in Sarajevo ဆာရာယေဗိုက ကလေးတစ်ယောက်ရဲ့ ဘဝဆိုတဲ့ ဇလာတာရဲ့ ဒိုင်ယာရီဟာ နောင်ကမ္ဘာကျော် စာအုပ်တောင် ဖြစ်သွားပါရော့။ သူကျောင်းမတက်ရတာတွေ၊ မွေးနေ့ပွဲမလုပ်ရတာတွေ၊ ချယ်ရီသီးခူးစားတာတွေ၊ ဆာရာယေဗိုမှာ အခြေခံ အစားအစာ ပြတ်နေတာတွေစုံလို့။ ဖေဖေ အဲသည်စာအုပ်ကို ကြိုက်လိုက်တာ။ ကဲ ... ထား။

အခုသားလည်း တောင်ရေးမြောက်ရေးပေါ့။ ရှစ်တန်းလောက် ရောက်ရင်တော့ ဖေဖေက သားကို Diary စာအုပ် စဝယ်ပေးတော့မလားလို့။ ကြီးလာလေလေ စနစ်တကျ ရေးတတ် မှတ်တတ်လာလေလေပဲပေါ့။

နေ့စဉ်မှတ်တမ်းထားတတ်၊ ရေးတတ်တာဟာလည်း မိသားစုထဲမှာ မျိုးထောင်ပေးသင့်တာပါပဲလို့ ဖေဖေက ယူဆနေမိတယ်လေ။

မောင်သာချို